www.burmeseclassic.com

ACE

# ကျော်ကျော်ကော့

သစ္စာငြိမ်းလျှို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# သစ္စာမီးလျှံ

မင် မင်းဆက်အုပ်စိုးစဉ် အချိန်ကာလတွင် ဖြစ်သည်။

ထိုအချိန်၌ မန်ချူးမျိုးသည် တရုတ်ပြည်မကြီးအတွင်းသို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက်လျက်ရှိသည်။

မင် စစ်သည်များမှာ တိုက်ပွဲတိုင်းလိုလို၌ မရှုမလှ အရေးနိမ့်ခဲ့ကြရသည်။ နောက်ဆုံးတွင် စစ်အခြေအနေ မကောင်းနိုင်တော့ပြီမှန်း ရိပ်စားမိသည့် ဘုရင်ချုံကျင့်သည် မေစမ်းတောင်ပန်းဆင်း နှသူ၌ မိမိကိုယ်ကိုမိမိ အဆုံးစီရင် သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်....

ဘုရင်ချုပ်ကျွင့် နတ်ရွာစံပြီး အချိန်၌ သူ၏သွားဖြင့် သေတမ်းစာတစ်စောင် ရေးသားထားရစ်ခဲ့သည်။ ထိုသွားသေတမ်းစာကို ဘုရင်ချုပ်ကျွင့်က အမတ်ချုပ် ကျူးခွန်ချိန်၏ လက်တွင်းသို့ ပေးအပ်ထားခဲ့သည်။

အမတ်ချုပ် ကျူး ခွန် ချိန် မှ တစ်ဆင့် မျိုးချစ်တော်လှန်ရေး ဂိုဏ်သားများ လက်တွင်းသို့ တစ်ဆင့် ထပ်မံပေးအပ်စေရန်၊ ဘုရင်ချုပ်ကျွင့်က မှာကြားခဲ့သည်။

ဘုရင်ချုပ်ကျွင့်၏ သွားသေတမ်းစာ အတွင်း၌ သူ၏ အဓိက ရည်ရွယ်ချက်ကို ရေးသားထားသည်။ အခွင့်အခါကောင်းသည့် အချိန်၌ ကျဆုံးသွားသည့် 'မင်' မင်းဆက်ကို ပြန်လည်၍ ထီးနန်းတင်ရန်ပင်ဖြစ်၏။

ထိုသွားသေတမ်းစာနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်ကို မန်ချူးဘုရင် ထိုက်ကျူက စုံစမ်းသိရှိသွားလေတော့သည်။

ထိုသို့စုံစမ်းသိရှိသွားသည့်အတွက် မန်ချူးဘုရင် ထိုက်ကျူက အရေးပေါ်စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့လေသည်။





မန်ချူးဘုရင် ထိုက်ကျူအနေဖြင့်၊ ထိုသွားသေတမ်းစာကို မျိုးချစ်တပ်သားများ၏ လက်တွင်းသို့ ရောက်ရှိမသွားနိုင်စေရေးအတွက် အပြင်းအထန် စီစဉ်ဆောင်လေတော့သည်။

* * *



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

မန်ချူးဘုရင် ထိုက်ကျူးသည် တိဗက်ပြည်နယ်နှင့် စင်းကျန်းပြည်နယ်မှ သိုင်းပညာရှင်များ၊ ထက်မြက်သူများကို ရွေးချယ်ခေါ်ယူပြီး တရုတ်ပြည်မအတွင်းသို့ စေလွှတ်ခဲ့သည်။

ယခုအချိန်၌

တိဗက် သိုင်းပညာရှင် 'ကျူးဆက်လူ' သည် မန်ချူး လက်ရွေးစင်တပ်စုကို ဦးစီးလျက် မျိုးချစ်တပ်သားများကို အပြင်းအထန် လိုက်လံရှာဖွေလျက် ရှိနေပေပြီ။

တစ်ချိန်တည်း မှာပင်...

ကျူးဆက်လူသည် 'ခင်' မင်းဆက် ဘုရင်ခံ ချုံကျင့်၏



www.burmeseclassic.com

www.burmeseclassic.com



သွားသောလမ်းစသို့ပါ အပူတပြင်း လိုက်လံစုံစမ်း ရှာဖွေလျက် ရှိနေပေသည်။

အနှောင်စစ်အားဖြင့်…

တိဗက် သိုင်းပညာရှင် ကျူထက်လူသည် ကျိတ်၍ အကြံကြီး ကြံနေသူ တစ်ဦးလည်း ဖြစ်သည်။

သူသည် တရုတ်ပြည်မရှိ သိုင်းဂိုဏ်းတော်၌ လျှို့ဝှက်သိုင်းကျမ်းစာအစောင့် ရှိကြောင်း စုံစမ်းသိရှိထားသည်။ ထိုသိုင်းကျမ်း၏အမည်မှာ 'ဟေဟူရာ လျှို့ဝှက် သိုင်းကျမ်း' ဟူ၍ ဖြစ်၏။

ဟေဟူရာ လျှို့ဝှက် သိုင်းကျမ်းကိုသာ ရရှိခဲ့ပါက ကျူထက်လူ အနေဖြင့် သိုင်းလောကကြီးတစ်ခုလုံးကို စိုးမိုးခြယ်လှယ်နိုင်မည်ဟု တွက်ဆထားသည်။ ထို့ကြောင့် ကျူထက်လူသည် ဟေဟူရာ လျှို့ဝှက်သိုင်းကျမ်းကို ရှာဖွေအပိုင်စီးနိုင်ရန် ရည်ရွယ်ချက်ဖြင့်ပင် တရုတ်ပြည်မအတွင်းသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

တရုတ်ပြည်မအတွင်းသို့ ကျူထက်လူ ရောက်ရှိလာသည့်အတွက် သိုင်းလောကကြီးအတွင်း၌ မိုးကြိုးမုန်တိုင်း တိုက်ခတ်သည်နှယ် ကြီးမားပြင်းထန်စွာ လှုပ်ရှားပြောင်းလဲလာခဲ့ရသည်။

ကျူထက်လူနှင့် မန်ချူးတပ်ဖွဲ့များသည် သွားသောလမ်းစကို သဲကြီး မဲကြီး လိုက်လံရှာဖွေကြရင်း တရုတ်ပြည်နှယ်





အနှံ့၌ မျိုးချစ်တပ်သားများ၊ မျိုးချစ် သိုင်းသမားများကို နောက်ယောင်ခံ၍ စုံစမ်း ရှာဖွေသည်။

ထိုသို့ စုံစမ်းရှာဖွေရင်းနှင့် မျိုးချစ် သိုင်းသမားများကို ရက်စက်စွာ ရက်စက်စွာ နှိမ်နှင်းသတ်ဖြတ်သုတ်သင်ခြင်းပြုခဲ့လေသည်။

* * *

ရွှေခင်ရှန်းကွမ်…

မျိုးချစ်တပ်သားများ၏ ယာယီစခန်းတစ်ခုပင်ဖြစ်သည်။

တိဗက် သိုင်းပညာရှင် ကျူထက်လူ ဦးဆောင်သည့် မန်ချူးတပ်ဖွဲ့သည် ရွှေခင်ရှန်းကွမ် စခန်းသို့ ရုတ်တရက် ဝင်ရောက်စီးနင်း တိုက်ခိုက်လိုက်ကြသည်။

'ဟိတ်'

'ယား'

'ဟူး ဟူး ဟူး'



www.burmeseclassic.com

www.burmeseclassic.com



'ဝှီ ဝှီ ဝှီ'

'ဝုန် ဝုန်'

'ချွမ်း ချွမ်၊ ချွမ်း'

'အား'

'ယင့်'

မျိုးချစ်တပ်သား အင်အားစုသာ ရှိသမျှ အင်အားစုနှင့် ပြန်လည် ခုခံတိုက်ခိုက်ကြသည်။ သို့သော် လူအင်အားနှင့် ပညာ အရည်အချင်းခြင်းပါ ကွာခြားမှုကြောင့် မျိုးချစ် တပ်သားများမှာ ရှေ့ဆက်လှ ရှုံးနိမ့်ခြင်းနှင့် ရင်ဆိုင်ကြရသည်။

မျိုးချစ်တပ်သား အများအပြား သေဆုံးကြရသည်။ မျိုးချစ် သိုင်းပညာရှင် ရွှေအိုးပိုင်ကိုယ်တိုင်မှာလည်း ဒဏ်ရာ ပြင်းထန်စွာ ရရှိပြီး ထွက်ပြေးခဲ့ရလေသည်။

ရွှေရှင်းကွမ်းစခန်းသို့ မန်ချူးများ စီးနင်းဝင်ရောက် တိုက်ခိုက်ပြီး ရွှေအိုးပိုင်တစ်ယောက် ဒဏ်ရာ ပြင်းထန်စွာ ရရှိပြီး ခိုကွယ်ရောက်ရှိနေသည့် သတင်းသည် သိုင်းလောက၏ ဦးသျှ ဖြစ်သည့် ကွမ်ကျန်းလုံသို့ ရောက်ရှိသွားသည်။

ကွမ်ကျန်းလုံသည် မျိုးချစ်စိတ် ပြင်းထန်သူ သိုင်းပညာရှင်ကြီး ဖြစ်၏။

သူသည် ထိုသတင်းကို ရရှိသည်နှင့် သားဖြစ်သူ ကွမ်းစန်





စူကို ခေါ်ဆောင်လျက် ရွှေအိုးပိုင်ကိုကူညီရန် ချက်ချင်းပင် ခရီးမြင်၊ နှင်၍ ထွက်လာခဲ့သည်။

* * *

ထိုအချိန်၌...

မျိုးချစ် သိုင်းပညာရှင် 'ရွှေအိုးပိုင်' သည် ဒဏ်ရာ ပြင်းထန်စွာ ရရှိလျက်နှင့် ရန်သူများ၏လက်မှ လွတ်မြောက်စေရန် ထွက်ပြေးလာခဲ့ရာ ချောက်ကမ်းပါးကြီး၊ တစ်ခုအနီးသို့ ရောက်ရှိလေ၏။

ရွှေအိုးပိုင်၏ နောက်မှ ကျူးဖက်လူနှင့် မန်ချူး ထပ်သားများက ထက်ကြပ်မကွာ လိုက်ပါလာကြသည်။

ရွှေအိုးပိုင်နှင့် ရန်သူများ တဖြည်းဖြည်း နီးကပ်လာသည်။ ရွှေအိုးပိုင်မှာ ရှေ့ဆက်၍ ပြေးလွှားရန် မဖြစ်တော့ပေ။ သူ့ရှေ့၌ ချောက်ကမ်းပါးကြီး၊ တစ်ခုသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့် ရန်သူများ၏ ဖမ်းဆီးခြင်းကို လုံးဝ မခံနိုင်ပါချေ။

သူသည် သတိတ္တိရှိသူ၊ ရဲဝံ့သူတစ်ဦးဖြစ်လေရာ ချောက်ကမ်းပါးတွင်းသို့ ခုန်ချလိုက်လေတော့သည်။

ဤနေရာဒေသ၌ စိမ်းလန်းစိုပြည်လှသည့် ချိုင့်ဝှမ်းများ၊ လျှိုမြောင်ကြီးများ၊ ချောက်ကမ်းပါးကြီးများ သဘာဝအလျောက် ပေါများစွာ တည်ရှိ၍နေပေသည်။

ရှောင်အိပိုင် ခုန်ချလိုက်သည့် ချောက်ကမ်းပါးကြီး၏ အောက်၌ ကျောက်တုံးကျောက်ဆောင်ကြီးများ ပြည့်နှက်လျက် ရှိနေပေသည်။ ထိုကျောက်တုံး ကျောက်ဆောင်များ၏ ကြား၌ စမ်းချောင်းငယ်လေး တစ်ခုက ကွေ့ဝိုက်၍ တသွင်သွင်ဖြင့် စီးဆင်းနေသည်။

ရှောင်အိပိုင်သည် ကံကောင်း ထောက်မစွာဖြင့် ထိုစမ်းချောင်းငယ်ကလေးအတွင်းသို့ တည့်တည့်စွာ ကျ၍သွားလေသည်။

'ဝုန်း'

'ဘွမ်း'

စမ်းချောင်းငယ်ကလေးမှာ ရေစီး သန်လှ ပေသည်။ ရှောင်အိပိုင်သည် ရေစီးအတိုင်း မျောပါ၍ သွားလေတော့သည်။





ရှောင်အိပိုင်သည် မနည်းကြိုးစား၍ ကူးခတ်ပြီးမှ ကမ်းနဖူးဆီသို့ ရောက်ရှိလာခဲ့သည်။

သူသည် ဓားဆုပြင်းထန်စွာ ရရှိထားသဖြင့် မေးဖျားပင်ပန်း နွမ်းနယ်လျက် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် ရှိနေသည်။ ရှောင်အိပိုင်သည် ကမ်းပေါ်သို့ ကုန်းရုန်း၍ တက်လာခဲ့သည်။

ထို့နောက် သူသည် ရွှေဘက်ရှိ တောင်ကြားလမ်းသွယ်အတွင်းသို့ ယိမ်းယိုင်လျက် တစ်လှမ်းချင်းဝင်ရောက်၍သွားလေ တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သိုင်းဦးသျှောင်ဖြစ်သည့် ကျွမ်းကျန်းလုံတို့ သားအဖနှစ်ဦးသည် ရွှေခင်အိပိုင်ကို စိုးရိမ်စွာဖြင့် သဲသဲမဲမဲ လိုက်လံရှာဖွေလျက် ရှိနေကြသည်။

သားအဖနှစ်ဦး လူချင်းခွဲလျက် လိုက်လံရှာဖွေရင်း မြင်လိုက်ရချိန်မှာပင်....

မျိုးချစ်တပ်သားတစ်ဦး ရေးကြီးသုတ်ပျာဖြင့် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ကြရသည်။ ထိုမျိုးချစ်တပ်သားသည် ရွှေခင်အိပိုင်နှင့် တွေ့ဆုံခဲ့မိသူ ဖြစ်နေ၏။

ထိုမျိုးချစ်တပ်သား၏ ခေါ်ဆောင်မှုအတိုင်း ကျွမ်းကျန်းလုံတို့ သားအဖသည် ပြေးလွှားလိုက်ပါသွားကြသည်။





မကြာခင်မှာပင်....

ဒဏ်ရာပြင်းထန်စွာ ရရှိထားသဖြင့် နေစက်ဆုံးအခါနီးသို့ ရောက်ရှိနေပြီဖြစ်သည့် ရွှေခင်အိပိုင်ကို တွေ့မြင်လိုက်ကြရသည်။

ကျွမ်းကျန်းလုံသည် ရွှေခင်အိပိုင်အနီးသို့ ပြေးလွှား၍ ချဉ်းကပ်လျက် လဲလျောင်းနေရာမှ ပွေ့ထူလိုက်၏။

ရွှေခင်အိပိုင်သည် အားတင်း၍ ကြိုးစားပြီး တစ်ချက်မျှ ပြုံးလိုက်သည်။

'သိုင်းဦးသျှောင် ဆရာကြီး ကျွမ်း၊ အခုအခြေအနေမှာ ကျုပ်တို့ဘုရင် ချူကျင့်ရဲ့ လျှို့ဝှက်ချက်ကို မန်ချူးတွေ သိသွားပါပြီ၊ တိုက်သိုင်းညာရှင် ကျူထက်လျှံနဲ့ မန်ချူးတပ်သားတွေဟာ မျိုးချစ်ရဲဘော်တွေနောက်ကို အနံ့ခံပြီး လိုက်လံရှာဖွေနေကြပါတယ်၊ ဒီတော့ ဘုရင် ချူကျင့်ရဲ့ စာတမ်းတွေကို လုံခြုံအောင်ထိန်းသိမ်းဖို့ မိုပြီး အရေးကြီးနေပါပြီ၊ နောက်ပြီး မျိုးချစ်သိုင်းသမား ရွှေခင်ယွမ်လေးတို့ သုံးဦးကိုလဲ တတ်နိုင်သမျှ အကူအညီပေးဖို့ တောင်းခံပါရစေ'

သိုင်းဦးသျှောင် ကျွမ်းကျန်းလုံက ခေါင်းညိတ်လိုက်ပြီး...

'ဒီအတွက် စိတ်မပူပါနဲ့၊ အားလုံးကို ကျုပ် စောင့်ရှောက်ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်အိပ်ပိုင်သည် ရှိသမျှခွန်အားကို ဖျစ်ညှစ်လျှက် ကြိုးစား အားတင်းပြီး တစ်လုံးချင်း ပြောလိုက်သည်။

'တိဗက်သိုင်းပညာရှင် ကျူထက်လူရဲ့ အဆိပ်ငါးမျိုး လက်ဝါးသိုင်းကို အထူးသတိထားပါ၊ သူ့ရဲ့ အဆိပ် ငါးမျိုး လက်ဝါးသိုင်းဟာ အင်မတန် ထူးခြား ဆန်းကြယ်ပြီး ကြောက်စရာကောင်းတဲ့ သိုင်းပညာမျိုး ဖြစ်နေပါတယ်။ အဲဒီသိုင်းကွက် ငါးမျိုးက နံပါတ်တစ် စစ်ရဲလည်ပြတ် သိုင်းကွက်၊ နံပါတ်နှစ် စစ်ကဲ အသည်းဖောက်သိုင်းကွက်၊ နံပါတ်သုံး စစ်ကဲ သွေးကြောဖြတ်သိုင်းကွက်၊ နံပါတ်လေး စစ်ကဲ ခါးမှ့ရိုက်သိုင်းကွက်၊ နံပါတ်ငါး စစ်ရဲဝိညာဉ်ဖမ်း သိုင်းကွက်တို့ပါပဲ၊ ကျူထက်လူနဲ့တွေ့ရင် အထူး သတိထား ကြပါ'

ရှောင်အိပ်ပိုင်သည် အမောဖောက်၍လာပြီး သွေးများ ထိုးအန်လိုက်သည်။

'ဝေါ'

ရှောင်အိပ်ပိုင်၏ ခန္ဓာကိုယ်မှာ တစ်ချက်မျှ တွန့်သွားပြီး အသက်ရှူ ရပ်ဆိုင်း၍ သွားလေသည်။

သိုင်းဦးသျှောင် ကွမ်ကျွန်းလုံသည် သက်ပြင်းတစ်ချက်





လေးပင်စွာ ချလိုက်မိ၏၊ သူ၏ရင်ထဲ၌မူကား ဝမ်းနည်း ကြေကွဲစိတ်များဖြင့် ပြည့်လျှံ၍ နေပေတော့သည်။

— — — — —

* * *

မျိုးချစ်သိုင်းပညာရှင် ရှောင်အိပ်ပိုင်၏ မှာကြားချက်အရ ကွမ်ကျွန်းလုံနှင့် သားဖြစ်သူ ကွမ်စန်ဝူတို့ နှစ်ဦးသည် ရှောင်ယွမ်ဖေး၏ အိမ်ဂေဟာသို့ ရောက်ရှိသွားကြသည်။

ရှောင်ယွမ်ဖေးကို အကူအညီပေးရန်အတွက် ရောက်ရှိလာကြခြင်းပင် ဖြစ်၏။

အလားကောင်းသော်လည်း အခါနှောင်း၍ သွားကြပေ

အဘယ်ကြောင့်ဆိုသော်....

ရှောင်ယွမ်ဖေးမှာ ရန်သူများ၏ ရက်စက်စွာ သတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းကို ခံလိုက်ရသဖြင့် ရွှေခင်ယွမ်ဖေး၏ ရုပ်အလောင်း
ကိုသာ တွေ့မြင်ကြရလေတော့သည်။

'တောင်လဲ'

ကွမ်ကျုန်းလုံသည် ရွှေခင်ယွမ်ဖေး၏ ရုပ်အလောင်း
စစ်ဆေးကြည့်ရှုလိုက်ပြီး နာကြည်းခံပြင်းစွာဖြင့် တတ်ခေါ
ရိုက်မိသည်။

ကွမ်ကျုန်းလုံသည် မျက်မှောင်တစ်ချက် ကြုတ်လျ
စဉ်းစားလိုက်သည်။ ဤအတိုင်းဆိုလျှင် ကျန်ရှိနေသေးသ
သိုင်းသမားများ အတွက်ပါ စိုးရိမ်စိတ် ဖြစ်ပေါ်လ
သည်။

သို့နှင့်ပင် ကွမ်ကျုန်းလုံသည် သားဖြစ်သူ ကွမ်းစန့်ဝှ
သို့လှည့်၍ ချက်ချင်းပင် မှာကြားလိုက်၏။

'ကဲ ငါ့သား၊ မင်းက ဝုမ်ကျင့်ဝူဆီကို အမြန်ဆုံး သွား
ကူညီပေတော့၊ ပြီးတော့ သိုင်းလောကထဲက ဂိုဏ်းချုပ်
အားလုံးကို အရေးပေါ် အစည်းအဝေးလုပ်ဖို့အတွက် မ
ဆင့်ခေါ်ကြေငြာလိုက်ပါ၊ ငါကတော့ ဝမ်စုန်းရှန်ကို အ
အညီပေးဖို့အတွက် အခုချက်ချင်းပဲ သွားရလိမ့်မယ်'

ကွမ်းစန့်ဝှသည် ချက်ချင်းပင် ဆရာကြီး ဝုမ်ကျင့်ဝ
အိမ်ဂေဟာသို့ အပြေးအလွှား လိုက်သွားလေသည်။





ရက်စက်ကြမ်းကြုတ်လှသော ရန်သူများသည် ကွမ်းစန့်ဝှ
က် လက်ဦး၍ သွားခဲ့ပေပြီ။

ကွမ်းစန့်ဝှ ရောက်ရှိသွားချိန်၌ ဆရာကြီး ဝုမ်ကျင့်ဝူ၏
မ်ဂေဟာအတွင်း၌ အလောင်းများ ဗရပွအခွံ ပြန့်ကျဲ
က် ရှိနေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ရသည်။

ဆရာကြီး ဝုမ်ကျင့်ဝူ သို့ ကျူးကျော်လူနှင့် ဓနီးချုံးများက
ဝန်းစွာ သတ်ဖြတ်၍ သွားခဲ့ပြီဖြစ်သည်။ ရန်သူ၏ ရက်
မှုကြောင့် ကွမ်းစန့်ဝှသည် မကျေမနပ် ဖြစ်မိရသည်။ နာ
ည်း ခံပြင်းစိတ်များ ဖြစ်ပေါ်လာရသည်။

ကွမ်းစန့်ဝှသည် အလံပြားတစ်ချက် လေးပင်စွာ ချလျက်
နေရာမှ ပြန်လှည့်ထွက်ခဲ့မိလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သိုင်းဦးသျှောင် ကွမ်ကျွန်းလုံသည် မျိုးချစ်သိုင်းသမ
ဆစ်ဦးဖြစ်သည့် ဝမ်စွန်းရှန်၏ ဂေဟာသို့ အပူတပြင်းလိုက်
သွားမိလေသည်။

ဝမ်စွန်းရှန်ကို တွေ့လျှင်ပင် ကွမ်ကျွန်းလုံက သတိပေ
စကားပြောလိုက်၏။

'ကဲ… ဝမ်စွန်းရှန် အခြေအနေကတော့ အတော်
မကောင်းဘူး၊ ခင်ဗျား၏ နေအိမ်ကို ကျူးထက်လူနဲ့ မန်ချူ
တွေက ခြေရာခံပြီး လိုက်နေပြီ၊ ဒီညတော့ ဒီနေရာက
အခုချက်ချင်းရှောင်သွားတာ ခင်ဗျားအတွက်အကောင်းဆုံး
ဖြစ်လိမ့်မယ်၊ ကျူးထက်လူရဲ့ရန်က လွတ်ချင်ရင်တော့ ဒီတ
သမ်းပဲရှိတယ်၊ သူ့ကိုရင်ဆိုင်လို့ ခင်ဗျားအနေနဲ့ ယှဉ်နိုင်
မဟုတ်ဘူး၊ ကျူးထက်လူရဲ့ အဆိပ်ငါးမျိုး ဇက်ဝါးသိုင်း
အခုအချိန်မှာ ဘယ်သူမှ မယှဉ်နိုင်သေးဘူး'

ဝမ်စွန်းရှန်က…

'အခုလို သတိပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်
တယ် ခေါင်းဆောင်ကြီး'





ဝမ်စွန်းရှန်လည်း ချက်ချင်းပင် ထူ၏အိမ်ဂေဟာကို
စွန့်ခွာ၍ ထွက်သွားလေတော့သည်။

— — — — — —

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မန်ချူးလက်ပါးစေဖြစ်သော ကျူထက်လူနှင့် အဖွဲ့သည် မကြာခင်မှာပင် သိုင်းဆရာ ဝမ်စွန်းရှုန်၏ အိမ်ဂေဟာသို့ ရောက်ရှိလာကြသည်။

ဝမ်စွန်းရှုန်ကို အရိပ်အယောင်မျှပင်မတွေ့ရဘဲ အိမ်ချည်း သက်သက်ကိုသာ တွေ့မြင်ရသဖြင့် ကျူထက်လူမှာ အံ့ဩ မဆုံးနိုင်ဘဲ ဒေါသပြင်းစွာ ထွက်မိလေသည်။

အောက် — ဝမ်စွန်းရှုန် — ဝမ်စွန်းရှုန် အပြေးကောင်းလို့ သက်သာသွားတယ်

ကျူထက်လူသည် သူ၏မြင်းကို ဒုန်းစိုင်း၍ စီးနင်းလျှက် ပတ်ဝန်းကျင် နေရာအနှံ့သို့ လိုက်လံ ရှာဖွေကြည့်သည်။





သူ၏ကိုယ်ကျိုးအတွက် တစ်ခုတည်းကိုသာ ဦးစားပေးသူ ဖြစ်သည်။

..... ..... ..... ..... .....

* * *

လျှို့ဝှက်လိုဏ်ဂူကြီးတစ်ခုအတွင်း၌ ဖြစ်သည်။

လိုဏ်ဂူအတွင်း၌ မီးရောင်များဖြင့် လင်းထိန်လျက်ရှိနေပေသည်။

မီးရောင်အောက်၌

နယ်ချဲ့မန်ချူးများကို တွန်းလှန်တိုက်ခိုက်နေသည့် မျိုးချစ်သိုင်းသမားများ မားမားမတ်မတ်ရပ်လျက် ရှိနေကြ၏။

ထိုမျိုးချစ်သိုင်းသမားများသည် သိုင်းလောက၏ ဦးခေါင်း ဖြစ်သူ ကွမ်ကျန်းလုံ၏ လူယုံတော်တပည့်များ ဖြစ်ကြသည်။

ကွမ်ကျန်းလုံသည် လိုဏ်ဂူအတွင်း၌ လက်နောက်ပစ်လျှက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ထိုသို့လမ်းလျှောက်ရင်းမှ လိုဏ်ဂူအပြင်ဘက်ဆီသို့ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ဝေး လှမ်းမျှော်ကြည့်ရှုမိသည်။ သူသည် စိတ်ထိခိုက်နေမိသလို စိတ်သည်း လှုပ်ရှားလျက် ရှိနေမိ၏။

သိုင်းလောကအတွင်းရှိ သိုင်းအဖွဲ့များမှ ဂိုဏ်းချုပ်များ ထံသို့ အရေးပေါ် အစည်းအဝေးဖိတ်ကြားစာ ပို့ခဲ့သည့်ယာခန့် တွင် အရေးပေါ်စည်းဝေးရန် ချိန်းဆိုထားခဲ့ခြင်းဖြစ်သည်။

သတ်မှတ်ထားသည့် အချိန် ကြာလွန်လာခဲ့သည့် အတိုင်း သူ့ထံသို့ မည်သူတစ်ဦးမျှ ရောက်လာခဲ့ခြင်း မရှိသေးပေ။

ကွမ်ကျွန်းလုံအနေဖြင့် သိုင်းအဖွဲ့များမှ ဂိုဏ်းချုပ်အသီး သီးနှင့် တွေ့ဆုံဆွေးနွေးပြီး နယ်ချဲ့မင်းချူမြူးကု ဘုန်းလွှမ်း ကို တိုက်ခိုက်ရန်အတွက် ကြေညာ ခြင်းပြုမည်ကို စဉ်း စားထားခဲ့သည်။

သို့သော် ယခုအချိန်အထိ မည်သူ တစ်ဦး တစ်ယောက်မျှ ပေါ်မလာခြင်းမရှိသဖြင့် စိတ်ပျက်အားလျော့သွားသည်။

ဖခင်ကြီး၏ မျက်နှာကို တစ်ချက်မျှ ခိုးကြည့်လိုက်ပြီး သားဖြစ်သူ ကွမ်စန်ဝူ၏ အင်မြင့်ချက်ကို ပြောပြလိုက်သည်။

'အဖေ သိုင်းလောကထဲက ဂိုဏ်းချုပ်တွေ ဒီနေရာကို ရောက်မလာကြတာဟာ ခိုင်လုံတဲ့အကြောင်းတစ်ခု ရှိပါလိမ့်မယ်၊ ကျူထက်လူ အန္တရာယ်ပေးလာမှာကို စိုးရိမ်လို့အတွက် ရောက်မလာကြတာပဲ ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်'

ကွမ်ကျွန်းလုံသည် သက်ပြင်းတစ်ချက် လေးပင်စွာချလိုက် မိသည်။





'အင်း... ငါ့သားပြောတာ အမှန်ပဲဖြစ်ပါလိမ့်မယ်၊ ကျူထက်လူရဲ့ အဆိပ်ငါးမျိုး လက်ဝါးသိုင်းကို ဘယ်သူမှ မယှဉ်နိုင်ကြဘူး မဟုတ်လား၊ ဒီတော့ ကျူထက်လူ အန္တရာယ်ပေးလာမှာကို စိုးရိမ်ပြီး ဒီနေရာကို မလာဝံ့ကြတာပဲ ဖြစ်ရမယ်၊ ထိပ်တန်းသိုင်းပညာရှင် ရှောင်အိပိုင်တောင် ကျူထက်လူရဲ့ အဆိပ်ငါးမျိုး လက်ဝါးသိုင်းကြောင့် သေဆုံးသွားတာ သိုင်းလောကတစ်ခုလုံး သိထားကြတော့ ပိုပြီး ဆိုးသွားတာပေါ့၊ ဒီတော့ သိုင်းဂိုဏ်းတွေရဲ့ ဂိုဏ်းချုပ်တွေအပေါ် မျှော်လို့လဲ မဖြစ်သေးပါလား'

ထိုစဉ်မှာပင်....

လိုဏ်ဂူအဝမှ အစောင့်တစ်ဦး ရောက်ရှိလာပြီး ကွမ်ကျွန်းလုံကို အစီရင်ခံလိုက်သည်။

'ခေါင်းဆောင်ကြီးခင်ဗျား နဂါးငါးကောင်ဂိုဏ်းချုပ် ရောက်ရှိလာပါပြီ'

သိုင်းလောက၏ ဦးဆောင်ဖြစ်သူ ကွမ်ကျွန်းလုံမှာ တအံ့ တသြ ဖြစ်သွားပြီး...

'နဂါးငါးကောင်ဂိုဏ်းချုပ် ဟုတ်လား၊ ကဲ ငါ့သား အမြန်ထွက်ပြီး ကြိုလိုက်စမ်း'

ချက်ချင်းဆိုသလိုပင်...

ကွမ်စန်ဝူနှင့်အတူ လူနှစ်ဦး လိုက်ပါလာသည်ကို တွေ့ လိုက်ရ၏။ ထိုလူနှစ်ဦးအနက် ရှေ့မှ ဦးဆောင်လာသူမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟိတ်ကြီးဟန်ကြီးနိုင်ပြီး မျက်နှာပြင်ပေါ်၌ ဂုဏ်ယူဝင့်ကြွားသည့် ဟန်ပန်မျိုး အထင်းသား ပေါ်လွင်၍နေသည်။

ထိုလူသည် နဂါးငါးကောင် ဂိုဏ်းချုပ်ဖြစ်သူ ဆောက်ချေးပင် ဖြစ်၏။ သူ၏နောက်မှ လိုက်ပါလာသူမှာ သူ၏ လက်ထောက်ဖြစ်သူ ပုရှန်စု ဖြစ်ပေသည်။

ဆောက်ချေးက ခပ်ကြွားကြွားလေသံမျိုးဖြင့် စတင်၍ ပြောသည်။

'နဂါးငါးကောင်ဂိုဏ်းချုပ် ဆောက်ချေးဆိုတာ ကျုပ်ပါပဲ၊ ကျုပ်နဲ့ အတူပါလာတဲ့ လူကတော့ ကျုပ်ရဲ့ လက်ထောက်ဖြစ်တဲ့ ပုရှန်စုပါပဲ'

သိုင်းလောက၏ ဦးသျှောင်ဖြစ်သူကွမ်ကျွန်းလုံက အထင်ကြီး လေးစားသည့် အမူအရာဖြင့် မေးမြန်းလိုက်သည်။

'အခုလို တွေ့ဆုံကြရတာ အထူးပဲ ဝမ်းသာပါတယ်၊ ခင်ဗျားမှာ ဂိုဏ်းခွဲ ဘယ်နှစ်ခုလောက် ရှိပါသလဲ၊ ပြီးတော့ ဂိုဏ်းသားအင်အားကရော ဘယ်လောက်အထိ ရှိထားပါသလဲ'

ကွမ်ကျွန်းလုံ၏ မေးမြန်းလိုက်မှုကြောင့် ဆောက်ချေးမှာ ဆက်၍ မကြွားနိုင်တော့ပေ။ ထို့နောက် ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ပြောလိုက်သည်။

'ကျုပ်ရဲ့ဂိုဏ်းမှာ စုစုပေါင်း ငါးယောက်ပဲ ရှိပါတယ်'

ကွမ်ကျွန်းလုံမှာ စိတ်ပျက်သွားမိသည်။





'ဟင်....ခင်ဗျားရဲ့ ဂိုဏ်းမှာ လူငါးယောက်ထဲပင် ရှိတာကိုး'

ကွမ်ကျွန်းလုံနှင့် ကွမ်းစန့်ဝူတို့ သားအဖနှစ်ဦးမှာ ရန်သူနှင့် ရင်ဆိုင်ရန်အတွက် အင်အားတိုးတက်လာပြီဟု အားတက်နေမိကြသည်။ သို့သော် ဆောက်ချေး၏ စကားကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားမိကြရသည်။

ငိုအားထက် ရယ်အားသန် ဆိုသည့် အဖြစ်မျိုးကြောင့် ကွမ်းစန့်ဝူက ထစ်ချက်မျှ ရယ်မောလျှက် ပြောလိုက်၏။

'လူငါးယောက်သာ ရှိတဲ့ဂိုဏ်း ဆိုတော့ ဘယ်လိုဂိုဏ်းမျိုးလဲ'

လေလုံးထွားပြီး ကြွားဝါချင်စိတ် ရှိသည့် ဆောက်ချေးက ခပ်တည်တည်ဖြင့် ဆက်၍ ကြွားဝါလိုက်ပြန်သည်။

'ဦးမှာ ညီလေး၊ မင်းက ကျုပ်ရဲ့ဂိုဏ်းကို အထင်မသေးပါနဲ့၊ ကျုပ်ရဲ့ ဂိုဏ်းမှာ လူအင်အား နည်းပေမယ့် ကျူထက်လူနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးပါတယ်၊ ကျူထက်လူနဲ့ ရင်ဆိုင်ခဲ့ရလို့ ကျုပ်တို့ နဂါးငါးကောင်ဟာ နဂါးနှစ်ကောင်ပဲ ကျန်ရစ်ခဲ့ရတော့တာပါ'

သိုင်းလောက၏ ဦးသျှောင် ကွမ်ကျွန်းလုံက မျက်မှောင် တစ်ချက် ကြုတ်လျှက် မေးလိုက်သည်။

'ကောင်းပြီ၊ ဒါဆိုရင် ကျူထက်လူကို ခင်ဗျားကိုယ်တိုင်ကော တွေ့ဖူးရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



သေနက်ချွေးက လေသံတစ်မျိုးပြောင်း၍ဖြေလိုက်သည်။

'အင်း...ကျဆုံး သွားကြတဲ့ ကျုပ်ရဲ့ ညီနေဝင် သုံးဖော်ဟာတော့ ကျူးကျော်လူဆိုး တွေ့ဖွားကြပါတယ်၊ သိုင်းလောကထဲက ဂိုဏ်းချုပ်တွေကို မိတ်ကြောင်းတဲ့ သတင်းကို ကြားရလို့ ခေါင်းဆောင်ကြီး ဆီကို ကျုပ်လာခဲ့တာပေါ့၊ ကျုပ်ရဲ့ အစီက ရည်ရွယ်ချက်ကတော့ ကျူးကျော်လူကိုရှာပြီး ကျုပ်ရဲ့ ညီ နေဝင်သုံးဖော်အတွက် သွေး ကြွေးဆပ်ဖို့ပါပဲ'

မည်သို့ပင် ဖြစ်စေကာမူ...

ကွမ်ကျွန်းလုံအနေဖြင့် သူ့ထံသို့ ရောက်ရှိလာသူတစ်ဦးရှိသေးသဖြင့် သေနက်ချွေးအပေါ် အပြစ်မတင်နိုင်သော်ဘဲ ကျေးဇူးပင် တင်မိချင်မိနေသေးတော့သည်။

* * *



## အခန်း (၄)

ထိုစဉ်မှာပင်...

လိုဏ်ဂူအဝဆီမှ အကြောင်းကြားသံတစ်ခု ထပ်မံပျံ့လွင့်၍ ထွက်ပေါ်လာ၏။

'ကျွင့်ပိုင် အဝစောင့်ရှေ့နေက သိုင်းလောကကြီးလီစုပိုင် ကြွလာပါပြီ'

ထိုအကြောင်းကြားချက်ကို ကြားလိုက်ရသော အခါ၌ ကွမ်ကျွန်းလုံ၏ မျက်နှာပြင်ပေါ်၌ ဘဝင်ကျသည့် အမူ အရာမျိုး ပေါ်ပေါက်၍ လာမိလေတော့သည်။

ထိုအချိန်မှာပင်...



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူအဝမှပင် ဝင်ရောက်လာသည့် လီစုပိုင်ကိုတွေ့မြင်လိုက်ရသည်။ ကောက်ကျစ်ရက်စက်သော လက္ခဏာရှိသည့် အကျည်းတန်လှသော လီစုပိုင်၏ မျက်နှာကို တွေ့မြင်လိုက်မိလျှင်ပင် ကွမ်ကျန်းလုံက ခက်ထန်သော လေသံဖြင့် ပြောလိုက်၏။

'ဒီမှာ လီစုပိုင်၊ မင်းဟာ မန်ချူးလက်ပါးစေ အမျိုးသား သစ္စာဖောက်လုပ်နေတဲ့ အကောင်ပဲ၊ မင်းလို လူစားမျိုး ကျုပ်ဆီကို ဘာကိစ္စနဲ့ ရောက်လာရတာလဲ'

လီစုပိုင်သည် မျက်နှာတစ်ချက်မျှ ပျက်မသွားပေ။

အရှက်မရှိသောမျက်နှာဖြင့် လီစုပိုင်က ရယ်မောလိုက်၏။

'ဒီလိုပါ ခေါင်းဆောင်ကြီးကိုသတိပေးချင်လို့ ကျွန်တော် လာခဲ့ရတာပါ၊ လူဆိုတာ အရာရာမှာ ပါးနပ် လိမ္မာမှုရှိဖို့ လိုအပ်တယ်၊ အခြေအနေ မကောင်းမှန်း သိလျက်သားနဲ့ ရှေ့ကို ဆက်တိုးရင် ဖားတုလို ခုန်သလို အသက်ချုပ်ငြိမ်း ကိုယ်ကျိုးနည်းရုံပဲ ရှိပါလိမ့်မယ်၊ ကျောက်တုံးကြီးကို ကြက်ဥနဲ့ ပေါက်ရင် အလဟဿ ဆုံးရှုံးရုံပဲ ရှိမှာပါ ခေါင်းဆောင်ကြီး'

လီစုပိုင်၏စကားကြောင့် ကွမ်ကျန်းလုံမှာ ဒေါသထွက်လာမိလေသည်။





'အေး'

လိုဏ်ဂူအဖြင့်ဘက်မှ ဗူးဗူးဝါးဝါး အော်ဟစ်သံတစ်ခု ရုတ်တရက် ပေါ်ထွက်လာသည်။

မျိုးချစ်သိုင်းသမားတစ်ဦး လိုဏ်ဂူအတွင်းသို့ အရေးကြီး သုတ်ပျာ အမူအရာဖြင့် ပြေးလွှားဝင်ရောက်လာသည်။

ထို မျိုးချစ်သိုင်းသမားက တုန်လှုပ်ချောက်ချားသောလေသံဖြင့် အစီရင်ခံလိုက်သည်။

'ကျွန်တော်တို့တော့ ဒုက္ခတွေ့ပြီ ခေါင်းဆောင်ကြီး၊ သစ္စာဖောက်လူယုတ်မာက ကျွန်တော်တို့ကို ရောင်းစားလိုက်ပြီ၊ ကျွန်တော်တို့ လိုဏ်ဂူဆီကို ကျူထင်လူနဲ့ မန်ချူး တပ်သားတွေ ရောက်လာကြပြီး တိုက်ခိုက်နေကြပါပြီ'

လီစုပိုင်ကား အမျိုးသားသစ္စာဖောက်ပင် ဖြစ်၏။ သူသည် သစ္စာဖောက် လက်ပါးစေ ပီသစွာဖြင့် သိုင်းလောက၏ ဦးဆောင်ဖြစ်သူ ကွမ်ကျန်းလုံတို့လူစု ဤလိုဏ်ဂူအတွင်း၌ လျှို့ဝှက်၍ စခန်းချနေကြကြောင်း ကျူထက်လူထံ သွားရောက်၍ သတင်းပေးခဲ့သည်။

လီစုပိုင်သည် လိုဏ်ဂူအဖြင့်ဘက်သို့ ပြေးထွက်သွားပြီး ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ကျူးကျော်လူ ဗီကိုမြန်မြန်လာပါ၊ ဗီကောင်တွေ ဟောဒီလိုဏ်ဂူထဲမှာ အားလုံးရှိနေကြပါတယ်'

အရေးအကြောင်းကြုံလာသည့်အခါ၌ နဂါးငါးကောင် ဂိုဏ်းချုပ် ဆောက်ချေးမှာ ထပ်မံ၍ ကြားဝါပြောဆိုနိုင်ခြင်း မရှိတော့ပေ။

ကျူးကျော်လူနှင့် မန်ချူးတပ်သား ရောက်ရှိလာကြပြီ ဖြစ်ကြောင်း သိလိုက်သည်နှင့် ကွမ်ကျန်းလုံသည် သူ၏ မျိုးချစ်တပ်သား အင်အားစုများကို ချက်ချင်းပင် စုရုံးလိုက်သည်။

ထို့နောက် ကွမ်ကျန်းလုံနှင့် သားဖြစ်သူ ကွမ်းစန်ဝူတို့က ဦးဆောင်လျက် လျှို့ဝှက်ဥမင်လိုဏ်ခေါင်း တစ်ခုအတွင်းသို့ ပြေးလွှားရှောင်တိမ်းလိုက်ကြသည်။ ဤအစီအမံကို ကွမ်ကျန်းလုံက ကြိုတင်စီစဉ်ထားခြင်းပင် ဖြစ်၏။

မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည့် ဆေးဆီချေးသည် သူ၏ လက်ထောက်ဖြစ်သူ ပုရှန်စုကိုခေါ်လျက်နောက်ကမှ ပြေးလွှားလိုက်ပါသွားလေတော့သည်။

ထိုအချိန်မှာပင်

သစ္စာဖောက် လီစုပိုင်သည် ကျူးကျော်လူနှင့် မန်ချူးတပ်သားများကို ခေါ်ဆောင်လျက် လိုဏ်ဂူအတွင်းသို့ ရောက်ရှိလာကြ၏။





လိုဏ်ဂူအတွင်းသို့ ရောက်ရှိလာကြလျှင် ကွမ်ကျန်းလုံတို့ လူစု၏ အရိပ်အယောင် အနံ့အသက်ကိုမျှပင် မတွေ့မြင်ကြရ တော့ပေ။

လိုဏ်ဂူအတွင်း၌ စေ့စပ်စွာ လိုက်လံရှာဖွေသော်လည်း လုံးဝ မတွေ့ကြရပေ။

လီစုပိုင်က မျက်နှာချိုသွေးလျက် ကျူးကျော်လူကို လှမ်း၍ ပြောသည်။

'ဆရာ ကျူးကျော်လူ၊ ဗီကောင်တွေ တစ်နေရာရာကို ဆက်ပြေးသွားကြတာပဲ ဖြစ်မယ်'

ကျူးကျော်လူက အေးတိအေးစက် လေသံဖြင့်—

'ဒီကောင်တွေ ဘယ်အထိ ပြေးနိုင်မှာလဲ၊ ဟင်း ငါ့လက်ထဲကနေ လွတ်အောင် ဘယ်နည်းနဲ့မှ မပြေးနိုင်ပါဘူး'

.... .... .... .... ....

* * *



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည့် ကျူထက်လူနှင့် မန်ချူးများသည် မကြာခင်မှာပင် မြို့တွင်းရှိသမ်းမျှားပေါ်သို့ ရောက်ရှိလာကြ၏။

ကျူထက်လူတို့ လူစုသည် ထုံးစံအတိုင်း အပြစ်မဲ့သည့် ပြည်သူလူထုကို အနိုင်ကျင့် နှိပ်စက်ခြင်းပြုကြသည်။ ရှေးရောင်းသူများကို ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ပြီး ပစ္စည်းများကို လုယက်ယူငင်ခြင်းပြုကြသည်။

ထိုအဖြစ်အပျက်များကို သိုင်းဦးသျှောင် ကွမ်ကျန်းလုံနှင့် ကွမ်းစန့်ဝူတို့ တွေ့မြင်နေကြရသည်။ ကွမ်းစန့်ဝူမှာ လူငယ်ဖြစ်၍ မခံမရပ်နိုင်အောင် ဒေါသထွက်နေမိလေသည်။

ကွမ်ကျန်းလုံက သားဖြစ်သူကို လေးနက်သောလေသံဖြင့် ဆတိပေးပြောဆိုလိုက်သည်။

'ဒီမှာ ငါ့သား ဘယ်လိုကိစ္စမျိုးဆို စိတ်ကို ဟတ်နိုင်ဆမျှ သည်းခံပြီး ထိန်းချုပ်နိုင်စွမ်းရှိဖို့ လိုတယ်၊ အခုလက်ရှိမြင်တွေ့နေရတဲ့ အခြေအနေမျိုးဟာ ငါတို့ အပြင်ကိုထွက်လာချင်အောင် တမင်သက်သက် ဆွပေးနေတာ၊

'…ငါတို့က မခံချင်စိတ်နဲ့ အပြင်ကို ထွက်လာကြတာနဲ့ ကျူထက်လူနဲ့ မလွဲမသွေ ရင်ဆိုင် တိုက်ခိုက်ကြရလိမ့်မယ်။ ကျူထက်လူက ဒီလိုပုံစံမျိုးကို လိုချင်နေတာ၊ ကျူထက်လူနဲ့





အချိန်မှာ ရင်ဆိုင်မိရင် ငါတို့အားလုံး ချေမှုန်းသုတ်သင်တာကို ခံကြရလိမ့်မယ်၊

'…ဒါတော့ သူ့ရဲ့ထောင်ချောက်ထဲကို မဝင်မိအောင် စိတ်ကို ထိန်းချုပ်ထားစမ်းပါ၊ ဒီလိုလာက် ဆိုးရွားရက်စက်သောင်းကျန်းနေတဲ့ လူစားမျိုးဟာ မကြာခင်မှာ သူ့အမိုက်ဒဏ် သူ သိမ်းသွားမှာပါ'

ကျူထက်လူနှင့် မန်ချူးတပ်သားများသည် စိတ်တိုင်းကျ လုယက် တိုက်ခိုက်ကြပြီးမှ ထွက်ခွာသွားကြသည်။

ထိုအချိန်မှပင် ကွမ်ကျန်းလုံတို့လူစုသည် လျှို့ဝှက် ပုန်းခိုနေရာမှ အပြင်သို့ ထွက်လာကြသည်။

ကွမ်ကျန်းလုံက သားဖြစ်သူကို မှာကြားလိုက်၏။

'ကဲ… ငါ့သား၊ အခု အခု ရှောင်အိုပိုင်ရဲ့ ဆွေမျိုးသားချင်းတွေကို လိုက်ပြီး ရှာဖွေလိုက်ဦးမယ်၊ ဒါမှ ငါတို့ရဲ့ အစီအစဉ်တွေ အမြန်ဆုံး အကောင်အထည် ဖော်နိုင်လိမ့်မယ်'

စကားဆုံးလျှင်ပင် ကွမ်ကျန်းလုံသည် အဆင်သင့်ဖြစ်နေသည့် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လျက် ထွက်ခွာသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန့်ဝူ၊ ဆောက်ချေ နှင့် ထက်သောက်ဖြစ်သူ ပုချန်စုတို့ သုံးဦးသား မြို့တွင်းဘက်ဆီသို့ ရောက်လာခဲ့ကြသည်။

ဆောက်ချေးက စားသောက်ဆိုင်ကြီးတစ်ဆိုင်ကို တွေ့မြင်လိုက်လျှင် ကွမ်းစန့်ဝူဘက်သို့ လှည့်၍ အကြံပြုလိုက်သည်၊

'ကဲ… ကျုပ်တို့အတွေ စားသောက်ဆိုင်ထဲဝင်ပြီး အရက်သောက်ကြ စားကြရအောင်၊ ပြီးတော့မှပဲ သစ္စာဖောက် လီစုပိုကို လိုက်ရှာပြီး ရှင်းပစ်ကြရအောင်'

ကွမ်းစန့်ဝူက ဘင်စုံဘစ်ရာကို ခေတ္တ စဉ်းစားလိုက်ပြီး ပြောလိုက်သည်။

'အင်း….ကျုပ်မှာ အကြံကောင်းတစ်ခု ရထားတာရှိပါတယ်'

လေထွားကြီး ဆောက်ချေးက….

'ဆိုစမ်းပါဦး၊ ဘယ်လို အကြံအစည်မျိုး ရထားလို့လဲ'

ကွမ်းစန့်ဝူက တစ်ချက်မျှ ပြုံးလိုက်ပြီး

'နောက်မှပဲ ပြောပြပါမယ်၊ ခင်ဗျားတို့သာ အရင်သွားနှင့်ကြပါ၊ ပြီးတော့မှပဲ ကျုပ်တို့ ပြန်ဆုံကြတာပေါ့'

ထိုသို့ ပြောပြီးသည်နှင့်

ကွမ်းစန့်ဝူသည် လှစ်ခနဲ ပြေးလွှား ထွက်ခွာသွားလေသည်။





ဆောက်ချေးနှင့် ပုချန်စုတို့ နှစ်ဦးသည် စားသောက်ဆိုင်ဆီသို့ ဦးတည်၍ ထွက်ခွာလာကြလေသည်။

— — — — — —

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

စားသောက်ဆိုင်အတွင်း၌ လူ အများအပြားရောက်ရှိ၍ နေပေသည်။

စားပွဲဝိုင်းတိုင်း၌ ကိုယ့်လူနှင့်ကိုယ် စားသောက် ပြောဆို ဆဲ့ ရှိနေကြသည်။ ရယ်မောသံများ၊ ကောသံများနှင့် ပန်းကန်ခွက်ယောက် အရက်ပုလင်းများ ထိခတ်ရာမှ ထွက်ပေါ် လာသံများဖြင့် ဆူညံလျက်ရှိနေ၏။

ထိုအချိန်မှာပင်...

နဂါးဝါးဆောင် ဂိုဏ်းချုပ်ဖြစ်သူ ဆောက်ချေးနှင့် ပုရှန်စုတို့ နှစ်ဦးသည် စားသောက်ဆိုင်အတွင်းသို့ ဝင်လာကြသည်။





သူတို့နှစ်ဦး စားပွဲတစ်လုံး၌ ထိုင်လိုက်မိကြလျှင် စားပွဲထိုးတစ်ဦး ရောက်ရှိလာပြီး....

'အရာတို့ ဘာများ မှာကြမလဲ ခင်ဗျာ'

ဆောက်ချေးက....

'ဟော့.... မင်းတို့ဆိုင်က အကောင်းဆုံး အရက်တစ်အိုးနဲ့ အမြည်းဟင်းလျာ ငါးပွဲ အမြန်လုပ်ပေးစမ်း'

လုပုံအလယ်၌ လူအထင်ကြီးစေရန် ကြွားဝါလေ့ရှိသော ဆောက်ချေးကို ကြည့်၍ လက်ထောက် ဖြစ်သူ ပုရှန်စုမှာ စိတ်ထိလန့်သွားမိလေတော့သည်။

ဆောက်ချေးသည် သူ၏ဝသီအတိုင်း ကြွားလုံးထုတ်လိုက်ပြန်သည်။ သူ့ကိုယ်သူ ထိပ်သီး သိုင်းအကျော်အမော်ကြီး တစ်ဦး၏ ပုံစံမျိုးနှင့် ကြွားဝါလိုက်ခြင်းပင် ဖြစ်၏။

'တောက်.... ကျုပ်ထက်လူဆိုတဲ့ အကောင်ဟာ၊ ဒီလောက်တောင် ဆိုးရွားရက်စက် သေခင်းကျွန်းလွန်း နေပါလား။ ခွေးကောင်တစ်ခါ၊ ငါနဲ့သာပက်ပင်းတိုးမိရင်တော့ ကျောင်းမှန်းကန်မှန်း သိသွားအောင် အကြွေးပြုလိုက်ဦးမှာ ကွ တယ်'

ဆောက်ချေး တစ်ယောက် ကြွား၍ ကောင်းနေစဉ် အချိန်၌...

'ဟိုနိုး'

www.burmeseclassic.com



'ဂျိန်း'

'အား'

စားသောက်ဆိုင်၏ တံခါးဝဆီမှ ကျယ်လောင်သော အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုအသံနှင့်အတူ စူးရှနာကျင်စွာ အော်ဟစ်လိုက်သံ တစ်ခုပါ ဆက်တိုက် ပေါ်ထွက်လာ၏။ တံခါးဝ၌ ရပ်နေသော လူတစ်ယောက်မှာ တံခါးဖြင့် ဆောင့်တွန်းခြင်းခံလိုက်ရသဖြင့် အရှိန်ပြင်းစွာနှင့် လွင့်စဉ် လဲကျသွားခြင်းပင် ဖြစ်သည်။

ထိုစဉ်မှာပင်...

တံခါးဝ၌ ဒေါသငယ်ကျွဲဦးမြောင်း စူးရှသည့် မျက်လုံးအစုံနှင့် လူတစ်ယောက် ပေါ်ရှိလာသည်။ ထိုလူသည် ရက်စက်ကြမ်းကြုတ်လှသည့် တိဗက်သိုင်းသမား ကျူထက်လူပင် ဖြစ်သည်။

ကျူထက်လူသည် စူးရှတောက်ပသော မျက်လုံးအစုံနှင့် ဆိုင်တွင်းရှိ လူများကို အကဲခတ်လိုက်၏။

လေတွားကြီး ဆောက်ချေးမှာ ကျူထက်လူကို တွေ့မြင်လိုက်လျှင် အကြီးအကျယ် တုန်လှုပ် ချောက်ချား သွားလေတော့သည်။





'ဟာ'

တစ်ခဏချင်းမှာပင် သူ၏မျက်နှာမှာ ဆီးရွက်ခန့်အထိ သေးငယ်၍သွားပြီး၊ ထိပ်သီးသိုင်း အကျော်အမော် တစ်ဦး၏ ပုံစံသွင်ပြင်မျိုး၊ လုံးဝပျောက်ကွယ်၍ သွားလေသည်။

ရန်သူ ကျူထက်လူ အကယ်တမ်း 'ရောက်ရှိလာချိန်၌၊ ဆောက်ချေးမှာ လေသံပင် မဟရဲတော့ဘဲ အမြီးကုပ်၍ သွားပေသည်။

သို့နှင့်ပင် ဆေးယဉ်ချေးနှင့် ပုရှန့်စုတို့နှစ်ဦး စားသောက်ဆိုင်အတွင်းမှ ထွက်ပြေးရန် ကြံရွယ်လိုက်ကြ၏။

သို့သော် သူက လျင်မြန်လွန်းသည့် ကျူထက်လူက သူတို့နှစ်ဦး၏ရှေ့မှ ပိတ်ဆို့ထားဆီး၍ ရပ်စောင့်လိုက်သဖြင့် ထွက်မပြေးနိုင်ကြတော့ပေ။

ကျူထက်လူက အေးတိအေးစက် လေသံဖြင့် မေးမြန်းလိုက်သည်။

'မင်းတို့နှစ်ယောက်က ဘယ်သူတွေလဲ ဘယ်က လာကြတာလဲ'

ဆောက်ချေးမှာ မှုန်စီမျက်နှာပျက်ဖြင့် ဇောချွေးများ စို့၍နေပြီး တုန်ယင်သောလေသံဖြင့် ပြန်ဖြေလိုက်သည်။

'ကျွန်တော်တို့ ဘယ်ကမှ မဟုတ်ပါဘူး၊ စောစောက ကျွန်တော် နောက်ပြောင်ပြီး ပြောလိုက်မိတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ကျုံထက်လူ၏ မျက်နှာမှာ တင်းမာခက်ထန်၍နေ၏။

ကျုံထက်လူက ဆောက်ချွေးကို စူးရှသော မျက်လုံးအစုံဖြင့် ဆိုက်၍ကြည့်လိုက်ပြီး အေးစက်သောလေသံဖြင့် တစ်လုံးချင်း မြွက်သည်။

'တာကူ နောက်ပြောင်ပြီ၊ မြောမိတာ ဟုတ်ရဲ့လား၊ မင်းရဲ့ အသက်ကို ဖတ်နဲ့ထုပ်ထားချင်တို့ နောက်ပြောင်တာလား'

'အို...အင်၊'

ဆောက်ချွေးမှာ ဆွံ့အသူတစ်ယောက်ကဲ့သို့ ဖြစ်သွားပြီး၊ မည်သည့်စကားမျှ ထပ်မံ၍ မပြောနိုင်တော့ပေ။

သူ၏ လက်ထောက်ဖြစ်သူ ပုရှန်စုမှာလည်း ကြောက်ဒူး တဆက်ဆက်တုန်ခါ၍နေပြီး၊ မျက်နှာပေါ်၌ သွေးရောင်ပင် မရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်၍နေသည်။

ကျုံထက်လူ၏ တင်းမာခက်ထန်နေသော မျက်နှာမှာ ချက်ချင်းပင်ပြောင်းလဲ၍ သွားသည်။ ကျုံထက်လူ၏မျက်နှာပေါ်၌ အပြုံးရိပ်တစ်ချက် ပေါ်လာပြီး၊ သိမ်မွေ့နူးညံ့သော လေသံမျိုးဖြင့်၊ ဆောက်ချွေးတို့နှစ်ဦးကို ပြောလိုက်လေသည်။

'ငါကို မင်းတို့နှစ်ယောက် ဘာမှ ကြောက်မနေကြပါနဲ့၊ မင်းတို့နှစ်ယောက်လုံးကို၊ ငါ့ရဲ့ရင်းနှီးတဲ့ မိတ်ဆွေတွေအဖြစ်





အသိအမှတ် ပြုပါတယ်၊ ကဲ...အခုစမ်းပါ၊ မင်းတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ငါကပဲ အရက်တိုက်ပါ့မယ်'

ကျုံထက်လူသည် သူ၏ စားပွဲအံဆွဲ၊ အရက်ခွက်များထဲသို့ ရှာကိုယ်တိုင် အရက်များ ငှဲ့ထည့်လိုက်၏။

ဆောက်ချွေးနှင့် ပုရှန်စုတို့နှစ်ဦးမှာမူ သေဒဏ်ချမှတ်ခြင်းခံထားရသည့် တရားခံများကဲ့သို့ တဆတ်ဆတ်ဖြင့် တုန်ယင်နေမိကြသည်။

ကျုံထက်လူက သူတို့နှစ်ဦးကိုကြည့်၍ တစ်ချက်မျှ ရယ်မောလိုက်ပြီး...

'ဟား...ဟား...ဟား မင်းတို့ နှစ်ယောက်က အရက်သောက်ရမယ့်လူတွေပဲ၊ ထိုင်ကြလေကွာ'

ကျုံထက်၏ အပြုံအမူမှာ ကြောင်က ဖမ်းထားသည့် ကြွက်ကို ဆော့ကစားနေသည့်ပုံမျိုး ဖြစ်နေပေသည်။

ဆောက်ချွေးနှင့် ပုရှန်စုတို့နှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ထိုင်ခုံ၌ ဝင်၍ထိုင်လိုက်ကြသည်။

သူတို့နှစ်ဦး ထိုင်မိကြလျှင် ကျုံထက်လူ၏ အမူအရာမှာ ချက်ချင်းပင် ပြောင်းလဲသွား၏။

ဒုန်း



www.burmeseclassic.com

www.burmeseclassic.com



ကျူထက်လူသည် လူ၏ လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်သို့ ဆောင့်၍ချလိုက်၏။

ထို့နောက် အော်တိအော်စက်လေသံဖြင့်...

'ဟေ့...မင်းတို့နှစ်ယောက်က နေ့လို ထိုင်နေကြတာဟာ ငါ့ကို ထီလေးစားလုပ်တဲ့ပုံစံမျိုးနဲ့ ထိုင်နေကြတာလား၊ ငါ့ရှေ့မှာ ဒူးထောက်ပြီး ထိုင်မှ ငါ့ကိုလေးစားတဲ့သဘော ဆောင်ရောက်တော့မှာပေါ့၊ ကဲ...မင်းတို့နှစ်ယောက် ငါ့ကို ထီမဲ့မြင် လုပ်နေကြတာလား၊ ငါ့ကို မလေးမစား လုပ်နေကြတာလား'

ပုရှန်စုက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လှ၍ဖြေလိုက်သည်။

'အေး...လေးစားပါတယ်၊ မထီမဲ့မြင် မလုပ်ဝံ့ပါဘူး ခင်ဗျ'

လွဲဆဲစတော့မဖြင့် ဆေးကျော်နှင့် ပုရှန်စုတို့နှစ်ဦးသည် ထိုင်ခုံပေါ်၌ ဒူးထောက်၍ ထိုင်ကြရလေသည်။

သူတို့နှစ်ဦးကို အရူးလုပ်မည်ဟု စိတ်ကူးထားသော ကျူထက်လူက သဘောကျစွာ ရယ်မောလိုက်ပြီး...

'ဟား ဟား ဟား၊ ဒီလိုမှပေါ့၊ ကဲ ငါတိုက်တဲ့အရက်ကို အဝသောက်ကြ ပေတော့'





ကျူထက်လူသည် ၎င်းတို့နှစ်ဦးအား အရက်တစ်ခွက်ပြီး တစ်ခွက် ဆင့်၍ တိုက်လေတော့သည်။ မသောက်ဘဲ မနေဝံ့သော ဆေးကျော်နှင့် ပုရှန်စုတို့နှစ်ဦးမှာ ကျူထက်လူတိုက်သော အရက်များကို တစ်ခွက်ပြီးတစ်ခွက် မနားတမ်း သောက်ကြရလေသည်။

နောက်ဆုံး၌ ဆေးကျော်နှင့် ပုရှန်စုတို့နှစ်ဦးမှာ အရက်ရှိန်ကြောင့် မူးနောက်ရီဝေလျက် ဇက်ကျိုးလုနီးပါး ဖြစ်သွားကြသည်။

'သူတို့သုံးဦး၏ စားပွဲဘေး၌ ထိုင်နေသူများမှာ သိုင်းသမားများပင် ဖြစ်ကြသည်။ ထိုသိုင်းသမား သုံးဦးသည် ဆေးကျော်တို့နှစ်ဦးအား ကျူထက်လူက ညှဉ်းဆဲနည်းဖြင့် နှိပ်စက်အနိုင်ကျင့်နေသည်ကို တွေ့မြင်ရသဖြင့် မကျေမနပ် ဖြစ်လာကြသည်။

ထို့ကြောင့် သိုင်းသမားတစ်ဦးက ဟန့်တားလိုက်၏။

'ဒီမှာ လူတို့ကို အရက်တိုက်ပြီး နှိပ်စက်ပါနဲ့တော့ မိတ်ဆွေ'

ကျူထက်လူက ထိုသို့ ဟန့်တားလိုက်သည့် သိုင်းသမားကို အထင်သေးသည့် မျက်လုံးများဖြင့် လှမ်း၍ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ မင်းတို့က ငါနှစ်ကောင်နဲ့ တစ်ပွဲအသည်း ဖြစ်ချင်လို့လား'

ကျူထက်လူ၏ အမူအရာမှာ မောက်မော ဝင့်ကြွားလွန်းလှပေသည်။ ထို့ကြောင့် သိုင်းသမားသုံးဦးအား မခံချင်စိတ်ဖြင့် ကျူထက်လူကို ရုတ်တရက်ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

'ဟိတ်'

'ကျား'

'ဝှစ် ဝှစ် ဝိုး'

'ချွင်း ချွင်း'

ထိုသိုင်းသမားသုံးဦးက ဓားကိုယ်စီဖြင့် ကျူထက်လူကို ပြင်းထန်စွာ တိုက်ခိုက်ကြသည်။

သို့သော် ကျူထက်လူနှင့် ရင်ဆိုင်တိုက်ခိုက်သည့်အခါတွင် သူတို့သုံးဦး၏ သိုင်းပညာမှာ ကျူထက်လူ၏ သိုင်းပညာကို မည်သို့မျှ ယှဉ်တုနိုင်စွမ်း မရှိကြပေ။

ကျူထက်လူက အေးတိအေးစက် ရယ်မောလိုက်ပြီး သူ၏ အဆိပ်ဝါးမျိုး လက်ဝါးသိုင်းကွက်ကို အသုံးပြုလျက် ပြင်းထန်စွာ ပြန်၍တိုက်ခိုက်လိုက်လေသည်။

'ဟိတ်'





'ဟူး ဟူး ဟူး'

'ဝုန်း'

'အား အင့်'

ကျူထက်လူ၏ အဆိပ်ဝါးမျိုးလက်ဝါးရိုက်ချက်ကို မည်သူမျှ တိမ်းရှောင်ခုခံနိုင်စွမ်း မရှိကြပါချေ။ သိုင်းသမားသုံးဦးစလုံးမှာ ကျူထက်လူ၏ အဆိပ်ဝါးမျိုး လက်ဝါးရိုက်ချက်ဖြင့် အရိုက်ခံရပြီး ထိုနေရာမှာပင် လဲကျသေဆုံးသွားကြလေတော့သည်။

ရက်စက်ကြမ်းကြုတ်လှသည့် မြင်ကွင်းကြောင့်....

ဆောက်ချေးနှင့် ပုချိန်စုတို့နှစ်ဦးမှာ အမူးပင်ပြေ၍ သွားမိလေသည်။ နှစ်ဦးသား ထိတ်လန့်တုန်လှုပ်စွာဖြင့် ထိုင်နေကြရာမှ ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

ကျူထက်လူ၏ အေးစက်သော အသံက ပေါ်ထွက်လာ၏။

'ဟော့ကောင်တွေ ရပ်လိုက်စမ်း'

ကျူထက်လူက ဆောက်ချေးတို့နှစ်ဦး၏ရှေ့သို့ ခုန်လွှား၍ ရောက်ရှိလာ၏။ ထို့နောက် အဆိပ်လက်ဝါး သိုင်းကွက်ကို အသုံးပြုလျက် ရက်စက်စွာ တိုက်ခိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟူး....'

'ဝိုး ဝိုး'

'ဝုန်း....'

'အား'

ပုရွန်စုမှာ ကျူထက်လူ၏ အဆိပ်လက်ဝါး ရိုက်ချက်ဖြင့် ချက်ချင်းပင် လဲကျသွားလေသည်။

ကျူထက်လူက အေးစက်စွာ ရယ်မောလိုက်ပြီး....

'ဟား ဟား ဟား သေဖို့သာ ပြင်ပေတော့'

ကျူထက်လူသည် ဆောက်ချေးထံသို့ ခုန်ဝင် လျက် လက်ဝါးရိုက်ချက် တစ်ချက် ရိုက်ချရန် ဟန်ပြင်လိုက်စဉ် မှာပင်....

'ဝိုး....'

'ရှစ်....'

မေးပျံတစ်စင်းသည် ကျူထက်လူထံသို့ အရှိန်ပြင်းစွာ တိုးဝင်၍ လာလေသည်။ ကျူထက်လူသည် ဆောက်ချေးကို တိုက်ခိုက်နိုင်တော့ဘဲ မေးပျံကို ရှောင်တိမ်းပေးလိုက်ရသည်။

'ဟား ဟား ဟား ဟား'

ရှူးရှူးကျယ်လောင်စွာ အော်ဟစ်မြည်သံနှင့်အတူ စားသောက်





ဆိုင်၏ အခါး၀၌ ရှောင်အိပိုင်နှင့် လွန်စွာတူလှသည့် လူ တစ်ယောက် ရုတ်တရက် ပေါ်၍ လာ၏။

အမှန်စင်စစ်အားဖြင့်—

သိုင်းဦးခေါင်း ကျွမ်းကျင်လုံးသားဖြစ်သူ ကျွမ်းစန်ဝူ သည် သူ၏အကြံအစည်အတိုင်း ရှောင်အိပိုင်၏ အသွင်ဖြင့် ချပ်ဖျက်၍ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

ကျူထက်လူက အံ့ဩစွာဖြင့် ရေရွတ်လိုက်မိသည်။

'ရှောင်အိပိုင်'

ထိုအချိန်မှာပင်....

ရှောင်အိပိုင်အသွင် ဟန်ဆောင်ထားသည့် ကျွမ်းစန်ဝူ သည် လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားသည်။ ကျူထက် လူလည်း ဒေါသကြီးဖြင့် ဆောက်ချေးကိုပင်လှည့်မကြည့် တော့ဘဲ ရှောင်အိပိုင်၏နောက်သို့ ပြေးလွှား၍ လိုက်ပါသွား လေတော့သည်။

ဆောက်ချေးသည် ကြမ်းပြင်ပေါ်၌ လဲကျနေသည့် ပုရွန်စုဆီသို့ ပြေး၍ ဖေးမပွေ့ထူလိုက်သည်။

ပုရွန်စုကား အဆိပ်လက်ဝါး ဒဏ်ရာပြင်းထန်စွာ ရရှိ ထားသဖြင့် သေလုမျောပါး အခြေအနေသို့ ဆိုက်ရောက်၍ နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပုရှန်စုသည် မျက်လုံးဖွင့်ကြည့်လိုက်ပြီး၊ ဆောက်ချောကို လေသံ ခပ်ယဲ့ယဲ့ဖြင့် နောက်ဆုံးစကား၊ ပြောသွားခဲ့လေသည်။

'ကျွန်တော်ရဲ့နာမည် ပုရှန်စုဆိုတာဟာ မသေချင်ဘူးလို့ အဓိပ္ပာယ်ရပါတယ်၊ မသေချင်ပေမယ့် အခု ကျွန်တော် သေရတော့မယ်၊ ကျွန်တော့်အတွက် ပြန်ပြီး ဆက်စားချော ပေးပါ'

ပုရှန်စုကား မျက်လုံးအစုံ မှေးမှိတ်၍ လောကကြီး တစ်ခုလုံးကို ထာဝရ မျက်ကွယ်ပြုသွားခဲ့ပြီ ဖြစ်ပေသည်။

ဆောက်ချောသည် ဝမ်းနည်းကြေကွဲစွာဖြင့် ရေရွတ်လိုက်လေသည်။

'ညီလေး...ပုရှန်စု ငါ့ကိုမင်းထားရစ်ခဲ့ပြီလား ငါ တစ်ယောက်တည်း သိုင်းလောက ထဲမှာ ကျန်ရစ်ခဲ့ရတော့မှာပေါ့'

ဆောက်ချောသည် ပုရှန်စု၏ ရုပ်အလောင်းကိုတင်းကျပ်စွာ ပွေ့ဖက်လျက် ရှိုက်ငင်ငိုကြွေးလိုက်မိသည်။

'နဂါးငါးကောင်' မှာ ကျူးထက်လူ၏လက်ချက်ဖြင့် လေးကောင် သေဆုံးသွားခဲ့ရပေပြီ၊ တစ်ယောက်တည်းသော





နဂါးဖြစ်သည့် လေထွေးကြီး၊ ဆောက်ချောသာကျန်ရစ်ခဲ့ပေတော့သည်။

— — — — —

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကျူးထက်လူသည် ရှောင်အိပိုင်၏ နောက်မှ ပြေးလွှား လိုက်ပါလာခဲ့သော်လည်း ရှောင်အိပိုင်သည် သူ၏ရှေ့ မြင်ကွင်းမှ ထူးခြားစွာပင် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ရှောင်အိပိုင် ရုတ်တရက် ပျောက်ကွယ်သွားသောနေရာမှာ လီစုပိုင်၏ ကျောင်းပိုင်အာမခံဌာန အနီးတွင်ပင် ဖြစ်၏။

ကျူးထက်လူသည် ပတ်ဝန်းကျင်အခြေအနေကို တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်သည်။ ထို့နောက် ကျောင်းပိုင်အာမခံဌာနအဆောင်သို့ လှမ်း၍ ဝင်သွားလိုက်လေသည်။





ကျောင်းပိုင်အာမခံဌာနအဆောင်းရှိ သိုင်းသမားများမှာ ခရီးထွက်ရန်အတွက် ပြင်ဆင်လျက် ရှိနေကြသည်။

ကျူးထက်လူ တစ်ယောက် ဆိုးမှအင့်ဖုံးဆင့်ဘဲ အာမခံဌာနအတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့မြင်ကြသော အာမခံဌာနမှ သိုင်းသမားများမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ဘေးဖယ်ပေးလိုက်ကြသည်။

ချက်ချင်း ဆိုသလိုပင်....

ရေစွာဖေဖော လက်ပါးစေဖြစ်သည့် လီစုပိုင် ထွက်၍ လာ၏။

လီစုပိုင်က ဆီးကြို၍ မေးမြန်းလိုက်သည်။

'ဟာ... ဆရာကျူးထက်လူပါလား၊ ဘာတွေများ ဖြစ်လာလို့လဲ'

ကျူးထက်လူက မှုန်ကုပ်နေသော မျက်နှာဖြင့် ပြောလိုက်၏။

'လီစုပိုင် မင်းက အာပြောတင်မျိုး အလုပ်တစ်မျိုးပါလား။ ငါ့မျက်ကွယ်မှာ ငါ့ရန်သူတွေနဲ့ ပေါင်းပြီး ငါ့ကို လုပ်ကြံဖို့ စီစဉ်နေတာလား'

လီစုပိုင်မှာ စိုးရိမ်ထိတ်လန့်စွာဖြင့် ဇောချွေးများပင် ပျံလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကျူထက်လူ ထင်သလို မဟုတ်ရပါဘူး၊ အခု ကြုံတွေ့လာတဲ့ ပြဿနာဟာ ဘယ်ကစသလဲဆိုတာတောင် ကျွန်တော် လုံးဝ မသိရသေးပါဘူး'

ကျူထက်လူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး....

'မိမှာ လီစုပိုင်၊ ငါ့ကို ဝေ့လည်ကြောင်ပတ် ဆက်လုပ် မနေနဲ့၊ မင်းဝှက်ထားတဲ့ ရှောင်အိပိုင်ကို အခုချက်ချင်း ထုတ်ပေးစမ်း'

လီစုပိုင်က တောင်းပန်တိုးလျှိုးသော လေသံမျိုးဖြင့် ရှင်းပြလိုက်သည်။

'ဟာ ဆရာကျူထက်လူရယ်၊ ခင်ဗျားပြောတဲ့ ရှောင်အိပိုင်ဟာ ဆရာကျူထက်လူရဲ့ အဆိပ်လက်ဝါးရိုက်ချက် ထိသွားလို့ ချောက်ကမ်းပါးထဲ ပြုတ်ကျပြီး သေဆုံးသွားပြီ မဟုတ်လား'

ကျူထက်လူသည် လီစုပိုင်၏အဖြေကို ကျေနပ်ခြင်းရှိပုံ မပြဘဲ ခေါင်းခါယမ်းလိုက်သည်။ စားသောက်ဆိုင်၌ တွေ့ဆိုက်ရသူမှာ ရှောင်အိပိုင်အစစ်ပင် ဖြစ်ရမည်ဟု တစ်ထစ်ချ မှတ်ထင်ယုံကြည်ထားသောကြောင့်ပင် ဖြစ်၏။

လီစုပိုင်ကို စူးရှသော မျက်လုံးအစုံဖြင့် စိုက်၍ကြည့်ရင်း ကျူထက်လူက ဒေါသတကြီး အော်ဟစ် ပြောလိုက်သည်။

'လီစုပိုင် ဘာမှ ပေါက်ကရဆင်ခြေတွေ ပေးမနေနဲ့တော့၊ အခုလေးတင် ရှောင်အိပိုင်ရဲ့နောက်ကနေ ငါလိုက်လာရင်းနဲ့





ဒီနေရာကို ရောက်လာတာ၊ မင်းရဲ့ အာမခံဌာနအနားမှာပဲ ဒီဆောင် ပျောက်သွားတာကွ နားလည်ရဲ့လား၊ ရှောင်အိပိုင်ကို အမိဖမ်းပြီးတော့မှ ငါ့အပေါ် သစ္စာဖောက်ခဲ့တဲ့ မင်းကို အသေသတ်ရမယ်'

ကျူထက်လူအနေဖြင့် ဤကဲ့သို့ လီစုပိုင်အပေါ်၌ အထင်အမြင် လွဲမှားစေရန်အတွက် ရှောင်အိပိုင်အသွင် ဟန်ဆောင်ခဲ့သည့် ကမ်းစန့်ဝူက လှည့်ကွက်ဆင်လိုက်ခြင်းပင် ဖြစ်၏။

ကမ်းစန့်ဝူက ရှောင်အိပိုင်၏ အသွင်မျိုးဖြင့် ကျင့်ပိုင် အာမခံဌာနအနီး၌ ကိုယ်ယောင်ပျောက်လိုက်သည်။ သို့မှသာ ကျူထက်လူအနေနှင့် လီစုပိုင် ရှူ့အပေါ် သစ္စာဖောက်ပြီဟု အထင်အမြင် လွဲမှားပေလိမ့်မည်။

ထိုအခါ၌ ကျူထက်လူနှင့် လီစုပိုင်တို့ အချင်းချင်း ပြဿနာတက်၍ တိုက်ခိုက်ကြပေလိမ့်မည်။ ဤသည်မှာ အကြံကြီးလှသည့် ကမ်းစန့်ဝူ၏ မာယာယိပင် ဖြစ်ပသည်။

လီစုပိုင်မှာ မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ ပါးစပ် အဟောင်းသား ဖြစ်သွားရသည်။ ကျူထက်လူသည် လီစုပိုင်ကို အလျှင်းဂရုစိုက်ခြင်း မရှိဘဲ ကျင်ပိုင် အာမခံဌာန အတွင်း၌ နေရာအနှံ့ လှည့်ပတ်ရှာ၍ ကြည့်ရှုလေသည်။

ကျူထက်လူသည် ဟိုဟိုသည်သည် ရှာဖွေရင်းနှင့် လီစုပိုင်၏ဇနီး နေထိုင်သည့် အခန်းတွင်းသို့ ရောက်သွားသည်။

လီစုပိုင်၏ ဇနီးဖြစ်သူမှာ ချောမောလှပ ငယ်ရွယ်သူ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦး ဖြစ်၏။ ကျူထက်လူသည် လီစုပိုင်၏ ဇနီးဖြစ်သူကို တွေ့မြင်လိုက်မိလျှင် တပ်မက်စိတ်များ ဖြစ်ပေါ်လာမိလေတော့သည်။

'ဟာ… ဦးကောင်းရဲ့မိန်းမက တော်တော်ချောပါလား'

စိတ်ထင်ရာ ပြုကျင့်လေ့ရှိသော ကျူထက်လူသည် လီစုပိုင်၏ ဇနီးကို အပြင်သို့ ဆွဲခေါ်ထုတ်လာခဲ့သည်။

ထို့နောက် ကျူထက်လူက လီစုပိုင်ကိုကြည့်လျက် အားရ [illegible] လေသံမျိုးဖြင့် ပြောလိုက်၏။

'ဟော့… လီစုပိုင် မင်းရဲ့မိန်းမကို ငါသဘောကျတယ်၊ သူ့ကိုငါခေါ်သွားရလိမ့်မယ်'

လီစုပိုင်သည် ခေါင်းနားပန်းကြီးသွားပြီး တုန်လှုပ်သော လေသံဖြင့် ပျာပျာသလဲ တောင်းပန် တိုးလျှိုးလိုက်သည်။

'အို… ဒီလိုတော့ မလုပ်ပါနဲ့ ဆရာကျူထက်လူရယ်၊ ခင်ဗျား ကျွန်တော့်ဆီက ဘာပဲတောင်းတောင်း ကျွန်တော် ပေးဖို့ အဆင်သင့်ပါပဲ၊ ကျွန်တော့်ရဲ့ မိန်းမကိုတော့ ခေါ် မသွားပါနဲ့'

ကျူထက်လူသည် ဉာဏ်နီဉာဏ်နက်များလှသူတစ်ဦး ဖြစ်လေရာ လီစုပိုင်ကို အကျပ်ကိုင်လိုက်ပြန်သည်။

'ကဲ… ရှောင်အိပိုင်ကို ငါ လိုချင်တယ်၊ မင်းအနေနဲ့ သူ့ကို ငါ့လက်ထဲ အရောက်ဖမ်းပေးနိုင်လိုလား'





လီစုပိုင်မှာ မျက်စိပျက်မျက်နှာပျက်ဖြင့်…

'ဆရာကျူထက်လူ ကျွန်တော့်ရဲ့ မိန်းမကို ခေါ်မသွားပါနဲ့ဗျာ၊ တောင်းပန်ပါတယ်'

ကျူထက်လူက အေးတိအေးစက် ရယ်မောလိုက်ပြီး…

'မင်းရဲ့မိန်းမကို ငါမခေါ်သွားလဲ ဖြစ်ပါတယ်၊ ဒါပေမယ့် မင်းရဲ့မိန်းမကို ပြန်လိုချင်ရင်တော့ ငါ့လက်ထဲကနေ ပြန်ပြီး လုယူရလိမ့်မယ်'

လီစုပိုင်မှာ ဆတ်ဆတ်ခါမျှ ဒေါသ ထွက်မိလေသည်။ ဇနီးမယားကို ထိပါးလာသည့်အတွက် ဆတ်ဆတ်တုန်မျှ နာကြည်းစိတ် ပြင်းထန်လာရသည်။

ထို့ကြောင့် လီစုပိုင်သည် မယှဉ်နိုင်မှန်း သိသော်လည်း ဒေါသစိတ်ဖြင့် ကျူထက်လူကို တစ်ရှိန်ထိုး ဝင်ရောက် တိုက်ခိုက်လိုက်သည်။

သို့သော် ကျူထက်လူက လီစုပိုင်၏ တိုက်ခိုက်မှုများကို လွယ်ကူစွာပင် ရှောင်တိမ်းပေးလိုက်သည်။

ကျူထက်လူက လက်ကိုဆန့်ချက်မျှ ဖော့ယမ်းလျက်…

'ဒီမှာ လီစုပိုင်၊ မင်းရဲ့မိန်းမကိုတွေ့ချင်တယ်၊ ပြန်ခေါ်ချင်တယ်ဆိုရင်တော့ မြို့ပြင်က ရှောင်မှုန်းကွမ်စံအိမ်ကိုသာ လိုက်ခဲ့ပေတော့'

ကျူထက်လူသည် လီစုပိုင်၏ဇနီးကို ကြက်ကလေးနှယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ငါးသဖွယ် ဖမ်းဆီး၍ အာမခံ၄၈နာရီ အတွင်းမှ အေးအေး ချောပင် ထွက်ခွာသွားလေတော့သည်။

* * *

လီစုပိုင်၏ဇနီးကိုဖမ်းဆီးခေါ်ဆောင်သွားသည့် ကျုထက်လူသည် မြို့ပြင်ရှိ ရှောင်ရှန်းကွမ်စံအိမ်ထဲသို့ ဝင်သွားခဲ့သည်။

ကျုထက်လူသည် သူမကိုခုတင်ပေါ်သို့ ပစ်တင်လိုက်၏။

ထို့နောက် သူမကိုရမ္မက်ဇော ပြင်းပြသည့် လေသံဖြင့် စည်းရုံးသိမ်းသွင်းပြောဆိုလိုက်၏။

'ငါ့ရဲ့စကားကိုသာ နားထောင်စမ်းပါ၊ မင်းအတွက် လုံးဝ မနစ်နာစေရပါဘူး၊ ဟဲ ဟဲ ဟဲ၊ မင်းကိုဇိမ်နဲ့ရှင် ပျော်အောင်ထားပါ့မယ်'

ရမ္မက်ဇောကပ်နေပြီဖြစ်သည့် ကျုထက်လူသည် လီစုပိုင်၏ ဇနီးထံသို့ တိုးဝင်လျက် ပွေ့ဖက်လိုက်သည်။

လီစုပိုင်၏ဇနီးက ကျုထက်လူကို အားခြင်း ရုန်းဆိုး ရုန်းကန်သည်။





'ရှင်...ရှင်...လူယုတ်မာ၊ ကျွန်မကိုလွှတ်စမ်းပါ'

ကျုထက်လူကား မုန်ယိုနေသော ဆင်တစ်ကောင်ကဲ့သို့ လီစုပိုင်၏ဇနီးကို သိမ်းပိုက်နိုင်ရန် ကြိုးစားနေလေတော့သည်။

.... .... .... —— ——

* * *

ထိုအချိန်မှာပင်....

လီစုပိုင်သည် သူ၏ နောက်လိုက် တပည့်များနှင့်အတူ ရှောင်ရှန်းကွမ် စံအိမ်ထဲသို့ပြေးလွှား ဝင်ရောက်လာကြ၏။

လီစုပိုင်သည် ပိတ်ထားသော တံခါးကို ခြေထောက်ဖြင့် ကန်၍ ဖွင့်လိုက်သည်။

'ဂျုန်း....'

အခန်းတွင်း၌ ကျုထက်လူသည် လီစုပိုင်၏ ဇနီးဖြစ်သူကို အတင်းအဓမ္မ စော်ကားနေသည်ကို တွေ့မြင်လိုက်ရ၏။

လီစုပိုင်မှာ ဒေါသအမျက် ချောင်းချောင်းထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျူထက်လူကို လေးစားအလေးထားခြင်း လုံးဝ မရှိတော့ဘဲ အော်ဟစ်ပြောလိုက်သည်။

ကျူထက်လူက လီစုပိုင်၏ တိုက်ခိုက်မှုကို လှည့်ကွက်စွာ ရှောင်တိမ်းလိုက်ပြီး အေးတိအေးစက်လေသံဖြင့် ပြောသည်။

‘လီစုပိုင် မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက်အထိ မိုက်ချင်စမ်းပါနဲ့ကွာ။ လူ့ပြည်မှာဆက်ပြီးတော့ ကြာကြာ နေချင်သေးရင် ဒီနေရာကနေ အမြန်ဆုံး မင်းထွက်သွားတာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်’

လီစုပိုင်၏ ဒေါသမှာ အထွတ်အထိပ်သို့ပင် ရောက်လျက် ရှိနေ၏။ သူသည် မိမိ၏ အသက်ကိုပင် လုံးဝ ငဲ့မစိုက်တော့ပေ။ ကျူထက်လူကို သူသေ ကိုယ်သေ တိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်နေ၏။

ထို့ကြောင့် လီစုပိုင်နှင့် သူ၏တပည့်များ စုပေါင်း၍ ကျူထက်လူကို ဝိုင်းပြီး ပြင်းထန်စွာ တိုက်ခိုက်ကြလေသည်။

‘ဝှီး…ဝှီး’

‘ဖုန်….ဝုန်….ဖုန်’

‘ဟူး…ဟူး…ဟူး’

‘ဟိတ်’

‘လူယုတ်မာ သေစမ်း’

တကယ်တမ်း ယှဉ်ပြိုင် တိုက်ခိုက်ကြသည့်အခါ၌ ကျူထက်





လူ၏ ထက်မြက်မြင့်မားသော သိုင်းပညာကို မည်သူမျှ ယှဉ်နိုင်ကြပေ။

ကျူထက်လူက အဆိပ်ငါးမျိုး လက်ဝါးသိုင်းကွက်ကို ထုတ်ပေါ်၍ တုံ့ပြန် တိုက်ခိုက်လိုက်လေသည်။

‘ဒိုး ဒုတ်’

‘ဝုန်း’

‘အား’

‘အင့်’

လီစုပိုင်နှင့်သူ၏ တပည့်များမှာ ကျူထက်လူ၏ လက်ချက်ဖြင့် တစ်ဦးပြီး တစ်ဦး လဲကျ သေဆုံးသွားကြလေတော့သည်။

ဤမြင်ကွင်းကို မြင်တွေ့လိုက်ရသည့် လီစုပိုင်၏ဇနီး ဖြစ်သူမှာ ဝမ်းနည်းကြေကွဲ ဒေါသ ထွက်ဆဲမိရလေသည်။

သူမသည် အနီးရှိ စားပွဲပေါ်မှ ပန်းအိုးတစ်လုံးကို ကောက်ယူလျက် ကျူထက်လူထံသို့ ပစ်ပေါက်လိုက်၏။

‘ဝှီး’

‘ခွမ်း’

ကျူထက်လူက ပန်းအိုးကို လေထဲ၌ပင် လက်ဝါးဖြင့် ရိုက်၍ ခွဲပစ်လိုက်သည်။ ထို့နောက် လီစုပိုင်၏ ဇနီးဖြစ်သူအား အဆိပ်ငါးမျိုးလက်ဝါးဖြင့် ရင်ဝသို့ ရိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စုန်း'

'အင်'

လိစုံနိုင်ခါင်းနီးမှာ နေ့စက်ဘက်သို့ လှည့်စဥ်ပဲလဲကျ၍ သေဆုံးသွား၊လေသည်။

……………………

* * *



အခန်း ( ၇ )

ကျူထက်လူကား ရဲစက်သည့်နေရာ၌ ကမ်းကုန်အောင် ရက်စက်သူတစ်ဦး ဖြစ်ပေသည်။

သူသည် အေးညီနှင့် သင်းနေသည့် အခန်းတွင်းသို့ ကြည့်ရှု လျက် အေးစက်စွာ ရယ်မောလိုက်၏။

'ဟား ဟား ဟား ဟား၊'

ထိုစဥ်မှာပင်....

ရှောင်အိမ်မိုင်၏အသံ ရုတ်တရက် ပေါ့လှင့်၍ ထွက်ပေါ်လာ လေသည်။

ကျူထက်လူသည် အသံထွက်ပေါ်လာရာဆီသို့ လှည့်၍ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မှန်'

'ဒုတိ'

ဓားပျံတစ်စင်းသည် လေထုထဲ၌ ပျံဝဲလျက် နံရံ၌ စိုက်ဝင်၍ သွားလေသည်။ ဓားပျံနှင့်အတူ စာတစ်စောင် တွဲချိတ်လျက် ပါလာကြောင်း ကျူထက်လူ တွေ့မြင်လိုက်မိ၏။

ကျူထက်လူသည် စာကိုယူ၍ ဖတ်ရှုကြည့်လိုက်သည်။

---

ကျူထက်လူ....

မင်းရဲ့ အဆိပ်ငါးမျိုး ဆက်ဝါးသိုင်း အစား ငါ့ကို ဘယ်လိုမှ ဒုက္ခပေးနိုင်စွမ်း မရှိပါဘူး။ မင်း တကယ်စမ်း သတ္တိရှိတယ်ဆိုရင်တော့ မြို့အနောက်ဘက်ခြမ်းက မြက်ခင်းပြင်မှာ ငါ့ကိုလာပြီး တွေ့နိုင်တယ်။

ရှောင်အိပိုင်။





---

ရှောင်အိပိုင်မှာ သူ၏ အဆိပ်ငါးမျိုး ဆက်ဝါးရိုက်ချက်ကြောင့် သေဆုံးသွားပြီဟု ကျူထက်လူ ယူဆထားခဲ့သည်။

သို့သော် ယခုအချိန်၌ ရှောင်အိပိုင်ထံမှ စိန်ခေါ်သည့်စာကို ဖတ်လိုက်ရသဖြင့် ကျူထက်လူမှာ ဆက်စပ် စဉ်းစားနိုင်ခြင်း မရှိလောက်အောင် ဖြစ်သွားရလေသည်။

'တောက် ရှောင်အိပိုင်ဆိုတဲ့ကောင်ဟာ၊ ဟေ့ရာ လျှို့ဝှက် သိုင်းကျမ်းထဲက သိုင်းပညာတွေကို တတ်မြောက်ထားလို့ ငါ့ရဲ့ အဆိပ်ငါးမျိုး လက်ဝါးဒဏ်ကို ခံနိုင်စွမ်း ရှိနေတာလား မသိဘူး၊ထင်တယ်'

စိတ်ထဲ၌ ဖြေရှင်း၍ မရနိုင်အောင်ဖြစ်နေမိသော ကျူထက်လူသည် မြို့အနောက်ဘက်ရှိ မြက်ခင်းလွင်ပြင်ဆီသို့ ဦးတည်၍ ပြေးလွှား ထွက်ခွာလာခဲ့လေသည်။

လမ်းခရီးတစ်လျှောက်လုံး၌....

ကျူထက်လူသည် ရှောင်အိပိုင်၏ အရိပ်များကို နေရာအနှံ့၌ မကြာခဏ တွေ့မြင်ခဲ့ရသည်။

ထိုသို့ တွေ့ရှိရခြင်းမှာ ကွမ်းစန့်ဝူက ရှောင်အိပိုင်အသွင် ရှပ်ဖျက်ပြီး ကျူထက်လူအား အမြင်အာရုံ တွေဝေ ပျာ ပြီးသွားအောင် လုပ်ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန္ဒဝသည် ကျူထက်လူအား မြက်ခင်းလွင်ပြင်ဆီထိ သွေး၍ ခေါ်လာခဲ့ပြီးသည်နှင့် ကျူထက်လူ၏ မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ် သွားခဲ့လေတော့သည်။

ကျူထက်လူသည် မြက်ခင်း လွင်ပြင် ဆီသို့ ရောက်ရှိ သောချိန် ပတ်ဝန်းကျင် နေရာအနှံ့ ဆီသို့ လှည့်ပတ် ကြည့်ရှု လိုက်သည်။

မြက်ခင်းပြင်အတွင်း၌ ပျက်စီးယိုယွင်းလျက် ရှိနေသော အဆောက်အအုံပျက်ကြီး၏ ကြီးမားသော တိုင်လုံးများကို နေရာအနှံ့၌ ထိုးထိုးထောင်ထောင် တွေ့မြင်နေရသည်။

ခလှာတားထဲကြီးများ၏ အထက်ဘက်၌မူ စင်မြင့်ကြီး တစ်ခုရှိနေ၏။ ထိုစင်မြင့်ကြီးမှာလည်း မြက်ပင် ခြုံပင်များ နွယ်ပင်များ ဖုံးအုပ် ပေါက်ရောက်လျက် ရှိနေပေသည်။

ကျူထက်လူ၏ မျက်နှာပြင်ပေါ်၌ တင်းမာခက်ထန်သည့် ဒေါသရိပ်များ ယှက်သန်းနေ၏။ သူသည် ပတ်ဝန်းကျင် နေရာအနှံ့သို့ အကဲခတ် ကြည့်ရှုနေလေသည်။ မည်သည့် လှုပ်ရှားမှု တစ်စုံတစ်ရာကိုမျှပင် မတွေ့ရပေ။

ကျူထက်လူသည် ဒေါသကြီးသူ၊ စိတ်တိုတတ်သူ တစ်ဦး ဖြစ်လေရာ၊ စိတ်တို ဒေါသထွက်လာလေတော့သည်။

'တောက်... ရှောင်အိပိုင် မင်းဘယ်မှာလဲ'





ကျူထက်လူ၏ ဒေါသသံ ကျယ်လောင်စွာ ထွက်ပေါ် လာသည်။

ထိုစဉ်မှာပင်...

'ဟား ဟား ဟား ဟား'

စူးရှကျယ်လောင်သော ရယ်မောသံတစ်ခုနှင့်အတူ ရော နှောလျက် သီချင်းဆိုသံလေးနှင့်ပါ ပျံ့လွင့် ထွက်ပေါ်လာ သည်။

'မြက်ခင်းလွင်ပြင်မှာ မြက်ပင်တွေ ပေါက်ရောက်နေပါ သည်၊ မြက်ပင်တွေဟာ လူကိုမတိုက်ခိုက်တတ်ပေမယ့် လူက တော့ လူ့ဘာသာလူ သေမှာ ကျိန်းပါ'

..... ..... ..... ..... .....

ကျူထက်လူက မျက်မှောင်ကြုတ်လျက် အော်ဟစ်မေး လိုက်သည်။

'ဟေ့... သီချင်းဆိုတာ ဘယ်သူလဲကွ'

ရုတ်တရက် ဆိုသလိုပင်...

'ကျူထက်လူ'၏ ရှေ့ဘက်ဆီ၌ ရှောင်အိပိုင်၏ ကျောပြင် အရိပ်ပေါ်၌ လာသည်ကို တွေ့လိုက်ရသည်။

'ကျူထက်လူ'က သံသယရှိသော လေသံဖြင့်...



www.burmeseclassic.com

'ဟေ့...မင်းဟာ ရှောင်အိုးပိုင်အစစ်မှ ဟုတ်ရဲ့လား'

ထိုအချိန်၌...

ရှောင်အိုးပိုင်သည် ကျူးကျော်လူဘက်သို့ ဖြည်းဖြည်းခြင်း လှည့်လိုက်သည်။

ရှောင်အိုးပိုင်၏ လက်ခေါင်းပေါ်၌ ကျူးကျော်လူ ရိုက်လိုက်သည့် အဆိပ်ပေါ်းမျိုး လက်ဝါးဒဏ်ရာများကို ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။

ကျူးကျော်လူမှာ ကြက်သီးမွေးညှင်း ဖျန်းခနဲ ထသွားပြီး တုန်လှုပ်သော လေသံဖြင့် မေးလိုက်သည်။

'မင်း...မင်း...လူလား သရဲလား'

ရှောင်အိုးပိုင်က အေးတိအေးစက် လေသံဖြင့် တစ်လုံးချင်း ပြောလိုက်သည်။

'ဟင်း...ဟင်း...ငါလူပါ၊ သရဲလားဆိုတာ မင်းအခုနဲ့ သိစရာမလိုပါဘူး၊ ငါသေသလား၊ ရှင်သေးလားဆိုတာကို တိတိကျကျ သိချင်ရင်တော့ ငရဲပြည်က ယမမင်းဆီ သွားပြီး မေးကြည့်ပေတော့'

ကျူးကျော်လူသည် လှုပ်ရှားနေသော စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။





'ဒီမှာ ရှောင်အိုးပိုင်၊ ငါ့ကိုစေသည့်ကြီးဒင်ပတီ လုပ်ပြီး လှည့်စားလို့ရမယ်များ ထင်နေသလား၊ ဒီတစ်ကြိမ်မှာတော့ ငါ့လက်ကနေ မင်းလွတ်ထွက် မသွားနိုင်တော့ပါဘူး'

သို့နှင့်ပင်...

ရှောင်အိုးပိုင်နှင့် ကျူးကျော်လူတို့သည် ပြင်းထန် မြန်ဆန်စွာ တိုက်ခိုက်လိုက်ကြလေသည်။

'ဟိတ်...'

'ကျား...'

'ဝှီး ဝှီး ဝှီး'

သိုင်းကွက်ပေါင်း ၂၀ ကျော် တိုက်ခိုက်မိသည့် အချိန်အထိ အခြေအနေမှာ လက်ရည်တူ ဖြစ်နေသေး၏၊ ကျူးကျော်လူသည် ချက်ချင်းပင် သူ၏တိုက်ခိုက်မှု အရှိန်ကို မြှင့်တင်လိုက်၏။

သူ၏ အဆိပ်ပေါ်းမျိုး လက်ဝါးသိုင်းကွက်များမှာ ပိုမို၍ ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် မြန်ဆန်လာလေတော့သည်။

ကျူးကျော်လူ၏ တိုက်ကွက်များကို ပထမပိုင်း၌ ရှောင်အိုးပိုင်မှာ ရှောင်တိမ်းနိုင်သော်လည်း မြန်ဆန် ပြင်းထန်လှ

သည့် နောက်ထပ် ဆေးဝါးရိုက်ချက်များကို ရှောင်အိပိုင် အနေနှင့် ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့ပေ။

ကျူးထက်လူ၏ နောက်ဆုံးလည်ပြတ် သိုင်းကွက်က ရှောင်အိပိုင်၏ လည်မျိုကို ပြင်းထန်စွာ ရိုက်ချလိုက်နိုင်ခဲ့သည်။

'ဟူး ရှစ်'

'ဝုန်း...'

'ဆင့်...'

ရှောင်အိပိုင်၏ လည်မျိုမှ သွေးများ ပန်းထွက်လာပြီး ရှောင်အိပိုင်မှာ မြက်ခင်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ကျူးထက်လူမှာ ထူးဆန်းလှသော ဆေးဝါးရိုက်ချက် ထိမိသူမှန်သမျှ သည်ထူမှ အသက်ရှင်နိုင်တော့ကြောင်း ကောင်းစွာ သိရှိထား၏။ သို့သော် ရှောင်အိပိုင်နှင့် တော်သေး၍ ရှုသည့် ပေါ်၌ခြင်း ပြုဝံ့ပေ။

ကျူးထက်လူသည် ရှောင်အိပိုင်၏ အနီးသို့ တိုးကပ်သွားပြီး သေသေချာချာ ကြည့်ရှုလိုက်သည်။ ရှောင်အိပိုင်မှာ သူ၏ အဆိပ်ဆေးဝါးရိုက်ချက်ကြောင့် သေဆုံးလျက် ရှိနေပေသည်။

ရှောင်အိပိုင် သေဆုံးရာသည်မှ သေချာပြီဖြစ်၍ ကျူးထက်လူသည် ထိုနေရာမှ လှည့်၍ထွက်ခွာသွားလေသည်။

ကျူးထက်လူ ထွက်ခွာသွား၍ အတန်ကြာလျှင်ပင် အနီးရှိ ချုံပင်များကြားမှ လူသုံးယောက် ထွက်လာကြ၏။





ထိုလူသုံးယောက်မှာ ကွမ်ကျွန်းလုံ၊ ကွမ်းစန့်ဝူနှင့် လေထွားကြီး ဆေးတက်ချေးတို့ပင် ဖြစ်ကြလေသည်။

ကွမ်ကျွန်းလုံသည် ရှောင်အိပိုင်အဖြစ် ဟန်ဆောင်၍ ကျူးထက်လူကို ရင်ဆိုင်တိုက်ခိုက်ပြီး သေဆုံးသွားခဲ့ရသည့် မျိုးချစ်သိုင်းသမားအတွက် ဝမ်းနည်းကြေကွဲနေမိသည်။

ကွမ်ကျွန်းလုံသည် သက်ပြင်းတစ်ချက် လေးတွဲ့စွာ ချလျက် ကွမ်းစန့်ဝူကို လှည့်၍မှကြားလိုက်သည်။

'ကဲ ငါသေးတို့တော့ ဒီအတိုင်းဆက်ပြီး ရင်ဆိုင်လို့ မဖြစ်သေးဘူး။ ကျူးထက်လူရဲ့ အဆိပ်ဆေးဝါး သိုင်းကွကယ်ကို ထက်မြက်ပြီး ကြောက်စရာ ကောင်းလွန်းနေတယ်၊

'...အခုချက်ချင်း ရှဲ့ဝှားကျင့်မြို့ကိုသွားပေါ့၊ အဲဒီမြို့က သိုင်းဆရာကြီး အိမ်ပင်ရှီဆီမှာ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းမယ်ပါ၊ သူ့ဆီက အကူအညီရမယ်ဆိုရင်တော့ ငါတို့လူတွေ ကျူးထက်လူရဲ့ အဆိပ်ဆေးဝါးကြောင့် အလဟဿ အသက် မသေဆုံးနိုင်ကြတော့ဘူးပေါ့'

ကွမ်းစန့်ဝူက

'ကောင်းပါပြီ ဆရာ၊ ကျွန်တော်နဲ့ ဆေးတက်ချေးတို့နှစ်ယောက် အခုချက်ချင်းပဲ သွားလိုက်ပါမယ်'

ပြောပြောဆိုဆိုနှင့်ပင်

www.burmeseclassic.com



ကွမ်းစန့်ဝူနှင့် ဆေးစက်ချေးတို့နှစ်ဦးသည် ကွမ်ကျန်းလျှံ၏ စေခိုင်းချက်အတိုင်း ရှင်ဝှံ့ခါးကျောင့်မြို့သို့ ထွက်ခွာသွားကြလေတော့သည်။

..... ..... ..... ..... .....

* * *



## အခန်း (၀)

ရှင်ဝှံ့ခါးကျောင့်မြို့။

စစ်သူကြီးရယ်လီကျူး၏ လှယုံစောဘ်ကျင့်ကျူးနှင့် အကြံပေး အရာရှိတို့သည် ချက်ချင်းပင် မန်ချူးစစ်သည်များကို စုရုံးလိုက်ကြပြီး မြို့တွင်းအနှံ့၌ ရန်သူကို ရှာဖွေရန် အပူအပြင်း စီစဉ်ကြလေတော့သည်။

* * *



## အခန်း (၁၇)

မျိုးချစ် သိုင်းသမား ရှောင်အီကျင်း၏ အိမ်ငယ်သေး ထဲတွင် ဖြစ်ပေသည်။

မှန်အိမ်တစ်လုံးကို အိမ်ခေါင်တိုင်၌ ချိတ်၍ထားသည့် အိမ်တွင်းသို့ တိုးဝင်တိုက်ခတ်နေသည့်လေကြောင့် မှန်အိမ်မှ မီးအလင်းရောင်သည် လင်းချည်တစ်ခါ မှိန်ချည်တစ်လှည့် ဖြစ်၍နေ၏။

ဤနေရာသည် ဆင်းရဲသား ဆက်လုပ် လက်စားများ နေထိုင်ကြသည့် ချောင်ကျလှသည့် ရပ်ကွက်နေရာတစ်ခုပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်အိကျင်း နေထိုင်ရာလမ်းကြားတစ်ခုလုံးမှာ မည်းမှောင်လျက်ရှိ၍ နေလေသည်။

ထိုအချိန်၌ပင်...

မျိုးချစ်စိတ် ပြင်းထန်လှသည့် ရှောင်အိကျင်း၏ မိခင်အိုကြီးသည် အိမ်တံခါးဝအနီး၌ ရပ်လျက် အပြင်ဘက်ရှိ အခြေအနေကို စိတ်လှုပ်ရှားစွာဖြင့် အကဲခတ် ကြည့်ရှုနေမိသည်။

ထိုခဏမှာပင်...

မီးတုတ်များ ကိုယ်စီကိုင်ဆောင်ပြီး လမ်းကြားအတွင်းသို့ ဝင်လာသည့် မန်ချူး စစ်သည်တစ်စုကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။

ရိုးရိုးသာမန် အဖြစ်အပျက်မျိုး မဟုတ်ကြောင်း ရိပ်စားမိသော အဘွားအိုက အိမ်တွင်းဘက်သို့ လှည့်၍ သတိပေးလိုက်သည်။

'သတိထားကြဘော့ မန်ချူးတွေလမ်းကြားထဲကို ဝင်လာနေကြပြီ'

အဘွားအို၏ အနီး၌ထိုင်နေသော ရှောင်ဝှာလင်းက မှန်အိမ်မီးကို ချက်ချင်းပင် မှုတ်ပစ်လိုက်သည်။





ထမြည်းမြည်းနှင့် မန်ချူးစစ်သည်များ အိမ်အနီးသို့ နီးဆပ်စွာ ရောက်ရှိလာပြီဖြစ်၍ အဘွားအိုက ရှောင်အိကျင်းနှင့် ရှောင်ဝှာလင်းတို့ မေ့မနေအောင် စကားမပြောရန် လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်သည်။

ရှောင်အိကျင်းတို့၏ အိမ်ငယ်လေးမှာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၍နေပေသည်။

ရှောင်အိကျင်းတို့ မိသားစုသည် အချိန်မရွေး ကျရောက်လာနိုင်သည့်အန္တရာယ်ကို စောင့်စားရင်းဖြင့် ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့် ပြင်ဆင်ထားမိကြသည်။

ရှောင်အိကျင်းသည် သူ၏ အိတ်ထဲမှ ကြေးပြား ဒင်္ဂါး အချို့ကို နှိုက်ထုတ်လိုက်ပြီး အဆင်သင့်ပစ်ခတ်ရန် ကိုင်ထားလိုက်သည်။

ရှောင်ဝှာလင်းသည်လည်း ရန်သူများနှင့် ရင်ဆိုင်သည့်နှင့် မိမိ၏ လက်ဦးမှု ရယူနိုင်စေရန်အတွက် ကြေးပြား ဒင်္ဂါးများကို ထုတ်လျက် လက်ထဲ၌ ဆုပ်ကိုင်ထားလိုက်သည်။

မန်ချူးစစ်သည်များ၏ ခြေသံများ တစ်စထက် တစ်စ ပို၍ နီးကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်အိုကျင်းတို့၏ အိမ်ရှေ့မှနေ၍ မန်ချူးစစ်သည်မျ
ဖြတ်ကျော်သွားသည်ကို တွေ့လိုက်ရသည်။

မကြာခင်မှာပင် မန်ချူးတပ်စုသည် သူတို့၏အိမ်ကာ
နှင့် ဝေးကွာသောနေရာသို့ ရောက်ရှိသွားလေသည်။

စိတ်ချရသော အခြေအနေသို့ ရောက်သွားတော့မှ
ရှောင်ဝှာလင်းသည် သူမ၏ ကြေးပြားဒင်္ဂါး လက်နက်ပုန်
များကို အိတ်ထဲသို့ ပြန်၍ထည့်လိုက်သည်။

သူမကိုင်ဆောင်အသုံးပြုသော ကြေးပြားဒင်္ဂါး လက်နှ
ပုန်းသည် နှယ်နှယ်ရရ လက်နက်ပုန်း အမျိုးအစား မဟု
ပေ။

ရန်သူမန်ချူး တပ်စုတစ်စုလုံးအား ရှင်းလင်းချေမှု
ပစ်နိုင်ခဲ့သည့် လက်နက်ပုန်းမျိုးပင်ဖြစ်၏။

ထို့နောက်....

ရှောင်ဝှာလင်းသည် သူမ၏အစ်ကိုဖြစ်သူ ရှောင်အိုကျ
ဝင်သွားသည့် အခန်းထဲသို့ လိုက်ဝင်သွားသည်။

အခန်းတွင်း၌ ဒဏ်ရာပြင်းထန်စွာ ရထားသော မျိုးချ





သိုင်းသမား ကျွင့်ယွမ်သည် ခုတင်တစ်လုံးပေါ်တွင် အနားယူ
လဲလျောင်းလျက် ရှိနေ၏။

ထိပ်တန်းလျှို့ဝှက် သတင်းတစ်ခု ပေးပို့နိုင်ရန်အတွက်
ကျွင့်ယွမ်သည် မန်ချူးစစ်သည်များကို ထိုးဖောက်တိုက်ခိုက်
ရင်း ယခုကဲ့သို့ ဒဏ်ရာပြင်းထန်စွာ ရရှိလာခြင်းပင် ဖြစ်၏။

ရှောင်အိုကျင်းသည် ကျွင့်ယွမ်၏ အပေါ်အင်္ကျီကို လှန်၍
စစ်ဆေး ကြည့်ရှုလိုက်သည်။

ရန်သူမန်ချူးများ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ကျွင့်
ယွမ်၏ ခန္ဓာကိုယ် နေရာအနှံ့၌ ဒဏ်ရာများစွာ ရရှိထားသည်
ကို မြင်ရက်စရာမရှိအောင် တွေ့လိုက်ရလေသည်။

ရှောင်အိုကျင်းက စိတ်သပ်လိုက်မိပြီး....

'အို.... ကျွတ်....ကျွတ် ဒုက္ခပါပဲ၊ ခင်ဗျားရဲ့ ဒဏ်ရာတွေ
က မနည်းပါလား'

ရှောင်အိုကျင်းသည် ကျွင့်ယွမ်၏ ဒဏ်ရာများကို သေချာ
စွာ ဆေးကြောပေးပြီး ဆေးထည့်ပေးလိုက်သည်။

ကျွင့်ယွမ်သည် သတိလစ်မေ့မြောနေရာမှ ဒဏ်ရာများ
နာကျင်မှုဝေဒနာကြောင့် ထစ်ချက် ညည်းညူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အင်း ကျွတ်ကျွတ်'

'တော သွား လူ သတိရလာပြီ'

ရှောင်ဝှမ်လင်းက လေသံခပ်တိုးတိုးဖြင့် ပြောလိုက်မိသည်။

ရှောင်အိကျင်းတို့ မောင်နှမနှစ်ဦးသည် စိတ်လှုပ်ရှားစွာဖြင့် ကျင့်ယွမ်ကို ငုံ့၍ကြည့်လိုက်မိကြသည်။

ကျင့်ယွမ်၏မျက်လုံးအစုံမှာ မှေးမှိတ်ထားရာမှ ဖြေးညင်းစွာ ပွင့်၍လာသည်။

ထို့နောက် ရှိသမျှခွန်အားကို ဖျစ်ညှစ်လျက် လေသံ ခပ်ယဲ့ယဲ့ဖြင့် ပြောလိုက်၏။

'ကျုပ်ကို ဆေးကုအညီတစ်ခုလောက်ပေးပါလား၊ ဒီမြို့က ကင်းသမား ရှောင်အိကျင်းကို ရှာပေးပါ'

ရှောင်အိကျင်းက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး လျှို့ဝှက်ချက် သင်္ကေတများပါသည့် စကားတစ်ခွန်းကို မေးလိုက်၏။





'ကင်းသမား ရှောင်အိကျင်းဆိုတာ တခြားလူ မဟုတ်ပါဘူး၊ ကျုပ်ပါပဲ မိတ်ဆွေ၊ ဒါဆိုရင် ခင်ဗျားဟာ လမုန့်ဆောင်တဲ့လူလား၊ ခင်ဗျားဆီမှာ စပယ်နံ့သင်းတဲ့ အဆာပါတဲ့ မုန့်မျိုး ရှိသလား'

ကင်းသမား ရှောင်အိကျင်းထံမှ လျှို့ဝှက် သင်္ကေတ မေးခွန်းကို ကြားလိုက်ရသောအခါ၌ ကျင့်ယွမ်က အားတင်း၍ ဖြေလိုက်၏။

'မင်း ပြောတဲ့မုန့်မျိုး ကျုပ်မှာရှိပါတယ်၊ မင်းက အဲဒီမုန့်ကို ဘယ်နေရာမှာ အသုံးချမှာလဲ'

ကျင့်ယွမ်က လျှို့ဝှက်သင်္ကေတများ မှန်ကန်စွာ ဖြေလိုက်နိုင်သဖြင့် ကျင့်ယွမ်သည် မျိုးချစ်တပ်သား သိုင်းသမားတစ်ဦး ဖြစ်သည်မှာ သေချာကြောင်း ရှောင်အိကျင်း နားလည်လိုက်၏။

ထို့ကြောင့် ကင်းသမား ရှောင်အိကျင်းက အမှန်အတိုင်း ဖြေဆိုလိုက်သည်။

'ကျုပ်က အဲဒီမုန့်မျိုးကို ရှာပြီး တစ်လပိုင်း ၁၅ ရက်နေ့ လပြည့်နေ့ညမှာ ကျုပ်ရဲ့ဘိုးဘေးတွေကို ရှိခိုးပူဇော်ပွဲ လုပ်မလို့ပါ'

ကျင့်ယွမ်သည် ဆက်သွယ်ရမည့် ကင်းသမား ရှောင်အိကျင်း အစစ်အမှန်ဖြစ်ကြောင်း သိလိုက်ရ၍ အားတက်သရော ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းသမား ရွှေခင်အိကျော်းမှာလည်း သူ့ထံသို့ လာရောက် ဆက်သွယ်မည့် လျှို့ဝှက်အထောက်တော်ကို တွေ့သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

သို့နှင့်ပင်...

ကျင့်ယွမ်သည် အားယူလျက် သူ၏အတွင်းဆိုင်ထဲ၌ လျှို့ဝှက်စွာ သိမ်းထားသည့် ဝါးခြမ်းပြားလေးတစ်ချောင်းကို နှိုက်ထုတ်ယူလိုက်၏။

ဝါးခြမ်းပြားကလေးအတွင်း၌ လျှို့ဝှက်သိုသိပ်စွာ ထည့်ထားသော သေးငယ်သည့်ပိုးပဝါငယ်လေးတစ်စကို နှိုက်ထုတ်ယူလိုက်သည်။

ထို့နောက်...

ကျင့်ယွမ်သည် ပိုးပဝါစအား ကင်းသမားရွှေခင်အိကျော်း၏လက်တွင်းသို့ အပ်လိုက်သည်။

ကျင့်ယွမ်သည် အားအင်ချည့်နဲ့လွန်းသည့် လေသံမျိုးဖြင့် တိုးညင်းစွာ မှာကြားပြောဆိုလိုက်သည်။

'ရွှေခင်အိကျော်း၊ ဒီပစ္စည်းဟာ ကျုပ်တို့မျိုးချစ် တပ်ပေါင်းစု ထိပ်တန်းလျှို့ဝှက် နာမည်စာရင်းပါပဲ၊ အင်း... အခုပဲဖြစ်ဖြစ် ကျုပ်ဟာ စစ်သူကြီး ရှဲပေး ပေးအပ်လိုက်တဲ့ တာဝန်ကို ထမ်းဆောင်ပြီးသွားပါပြီ၊ ကျွန်းစိန့်ကျိုင်းလက်ဖက်ရည်ဆိုင် 'ဂူ'အမျိုးအနွယ်...'

ကျင့်ယွမ်သည် စကားပင်ဆုံးအောင် မပြောနိုင်တော့ဘဲ





သူ၏တာဝန်ကို အသက်နှင့်လဲ၍ ကျေပွန်စွာ ထမ်းဆောင်သွားခဲ့ပါသည်။

မျိုးချစ် သိုင်းသမားတစ်ဦးဖြစ်သည့် ကျင့်ယွမ်မှာ ရန်သူ စန်ချူးများ၏ လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရပြီဖြစ်လေပြီ။

ကျင့်ယွမ်ကိုကြည့်၍ ရွှေခင်အိကျော်းနှင့် ရွှေခင်ဝှာလင်းတို့ မောင်နှမ နှစ်ဦးမှာ ဝမ်းနည်းကြေကွဲမိကြရလေသည်။

\- - - - -

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အရှက်ဦး နံနက်ခင်း ဖန်ခြည် ထောက်ပမနေသော အချိန်ဖြစ်၏။

ရွှေဝါရောင် နေခြည်လက်တံများသည် သစ်ရွက်သစ်ခက်များကြားမှ မြေပြင်ပေါ်သို့ ထက်ဆင်းလျက် ရှိနေကြသည်။

ကျေးငှက်ငယ်များသည် သစ်ပင်များထက်၌ ပျော်ရွှင်မြူးတူးစွာဖြင့် အော်ဟစ်မြည်ကြွေး၍ နေကြပေသည်။

ဤအချိန်သည် အရောင်းအဝယ်ကောင်းသော ဈေးချိန်





ဖြစ်ပေရာ လမ်းကြီးတစ်လျှောက်၌ လူအများ သွားလာလှုပ်ရှားနေကြ၏။

လှည်းယာဉ်များ အသွားအပြန် ခမောင်းနှင်လျက် ရှိပြီး လမ်းတစ်လျှောက် လူများ၊ လှည်းယာဉ်များနှင့် စည်ကား၍နေ၏။

ထိုအချိန်မှာပင်....

ရွှေဝါထင်နှင့် သူမ၏မိခင်ဖြစ်သူ အတွားအိုတို့နှစ်ဦးသည် လမ်းမပေါ်သို့ ထွက်လာကြ၏။

သူတို့နှစ်ဦးသည် ဈေးဝယ်သူများနှင့် ရောနှော၍ ဈေးဝယ်ချင်ဟန်ဆောင်ပြီး ထွက်လာကြခြင်း ဖြစ်ပေသည်။

မကြာခင်မှာပင်....

သားအမိနှစ်ဦးသည် မျိုးချစ် သိုင်းသမား ကျောင်ယွမ် ပြောပြခဲ့သည့် အဆက်အသွယ်ပြုရမည့် ဈေးနှီးစိန်ကျိုင်း လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိလာခဲ့ကြသည်။

ဆိုင်တွင်းသို့ မဝင်မီ ရွှေဝါထင်က အားပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင် နေရာအနှံ့သို့ စူးရှသော မျက်လုံးအစုံဖြင့် အကဲခတ်ကြည့်ရှုလိုက်၏။

ဆိုင်ပတ်ဝန်းကျင်၌ သံသယဖြစ်စရာကောင်းသော လူရှုပ် တစ်ဦး၊ တစ်ယောက်မျှ မတွေ့ရပေ။

ရွှေခင်ဗိုလ်လင်းသည် စိတ်ချလက်ချ ဖြစ်သွားပြီး—

'အင်း၊ အခြေအနေကတော့ ခပ်ကောင်းကောင်းကောင်းပဲ၊ ဆိုင်ထဲကို ဝင်ကြရအောင် အမေ'

သို့နှင့်ပင်—

ရွှေခင်ဗိုလ်လင်းသည် သူမ၏ မိခင်ကြီး၏ လက်ကိုဆွဲလျက် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဂုဏ်ခန့်ရှိစွာဖြင့် လှမ်း၍ဝင်သွားသည်။

ဆိုင်တွင်းမှ အလုပ်သမား လူငယ်တစ်ဦးက သူတို့ နှစ်ဦးကို ဆီးကြို၍ကြည့်လျက် မေးမြန်းလိုက်သည်။

'ဟာ အဒေါ်တို့ ဘာများ အလိုရှိပါသလဲ ထိုင်ကြပါဦး ခင်ဗျာ'





အဘွားအိုက ဆိုင်တွင်းသို့ ထစ်ချက် လှမ်းကြည့်လိုက်ပြီး တည်ငြိမ်သောလေသံနှင့် ပြောသည်။

'မောင်လေးတို့ မင်းတို့ဆိုင်က စံပယ်နံ့ပါတဲ့ အဆာသုပ် စမုန့်မျိုး လိုချင်ပါတယ်'

ဤသည်မှာ မျိုးချစ်အပ်သားများ လျှို့ဝှက် ဆက်သွယ်သည့် စကားဝှက်ပင်ဖြစ်၏။

အလုပ်သမား လူငယ်မှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး—

'ခင်ဗျာ'

ထိုအချိန်၌—

အခြား စားပွဲခုံများရှိ ဧည့်သည်များကို ဧည့်ခံ ပြုစုနေသည့်ဆိုင်ရှင်ဖြစ်သူ ဦးငွေ 'ဝ' သည် ထူးခြားသည့် စကားဝှက်ကို ကောင်းစွာ ကြားလိုက်မိသည်။

သူသည် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားပြီး မလှမ်းမကမ်း၌ ရပ်လျက် ရွှေခင်ဗိုလ်လင်းတို့ သားအမိကို မသိမသာ အကဲခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာပင်....

အသုပ်သမားလူရွယ်က ခေါင်းခါယမ်းလျက် ပြန်ဖြေလိုက်သည်။

'ကျွန်တော်တို့ဆိုင်မှာ အခုဒါလိုချင်တဲ့ မုန့်မျိုးတော့ မရှိပါဘူး'

အဘွားအိုမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး သမီးဖြစ်သူ ရွှေဝတ်ရည်၏လက်ကိုဆွဲလျက် ဆိုင်တွင်းမှပြန်သည် ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ထိုအခါမှပင်၊ ဆိုင်ရှင်ဖြစ်သူ သူဌေး'ဝူ'က သူ့ကို သားအမိနှစ်ဦး အနီးသို့ ချဉ်းကပ်သွားပြီး မေးမြန်းလိုက်သည်။

ခဏသာနေကြပါဦး၊ ခင်ဗျားတို့က အဲဒီ လမုန့်ကို ဘာလုပ်ဖို့အတွက် လိုချင်ကြရတာလဲ'

အဘွားအိုက ...

'ဪ...ဒီလိုပါကွယ်၊ ရှစ်လပိုင်း ၁၅ ရက် လပြည့်နေ့မှာ ကျုပ်ရဲ့ ဟိုးအားဒေါ့ကို ရှီဒိုးပူ စော်ပွဲလုပ်တဲ့ နေ့ဆုမှာ တည်ခင်း အသုံးပြုချင်လို့ပါကွယ်'





အဘွားအို ပြောသောစကားတွက်မှာ မှန်ကန်နေသဖြင့် ဆိုင်ရှင်သူဌေး 'ဝူ'သည် ကျေနပ်၍ သွားမိလေသည်။

သူဌေး 'ဝူ'သည် လှပ်ရှားထွားမိသေးစိယ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်ပြီး နေ့ခင်းဖေးမီးဖိုချောင်ဆက်ဆီသို့ လက်ညှိုးထိုး၍ တည်ငြိမ်အေးဆေးစွာပင် ပြောဆိုလိုက်သည်။

'အင်း....ခင်ဗျားတို့လိုချင်တဲ့ လမုန့်မျိုးကို နောက်ဖေးဆောင်မှာ လုပ်နေပါတယ်၊ ဖိုသဲကနေ မထုတ်ရသေးလို့ပါ၊ ဒါကြောင့် ခဏလောက်ကြာမှ တစ်ခေါက် ထပ်လာခဲ့ကြပါလား'

'ကောင်းပါပြီ သူဌေးမင်း'

အဘွားအိုသည် ခေါင်းညိတ်၍ ပြောဆိုလိုက်ပြီး ရွှေဝတ်လင်နှင့် အတူ ဆက်ဖစ်နည်းဆိုင်အတွင်းမှ ထွက်လာခဲ့ကြသည်။

.... .... .... .... ....

* * *



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင်—

ဆိုင်ရှင်သူဌေး ဝူသည် ဆိုင်တွင်းမှ ဧည့်သည်များထွက်သွားသည်နှင့် ဆိုင်တံခါးကို ပိတ်လိုက်၏။

ထို့နောက် သူဌေးဝူသည် နောက်ဘက်ဆောင် တံခါးဆီသို့ ပြေးသွားပြီး သုံးချက်တိတိ ခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'

နောက်ဘက်ဆောင်၌ အသင့်ရောက်ရှိနေကြပြီဖြစ်သည့် ရှောင်ဝှသောင်းစာ ဖြည်းညင်းစွာဖြင့် သုံးချက်တိတိ ပြန်ခေါက်လိုက်သည်။

'ဒေါက် ဒေါက် ဒေါက်'

ကြိုတင် ချိန်းဆိုထားချက်များ အားလုံး မှန်နေသဖြင့် သူဌေးဝူသည် တံခါးကို ဖွင့်လျက် သားအမိ နှစ်ဦးအား အတွင်းသို့ ဖိတ်ခေါ်လိုက်လေသည်။

'ဝင် အထဲကိုကြွကြွပါ'

သူဌေး ဝူသည် ချက်ချင်းပင် တံခါးကို ပြန်၍ ပိတ်လိုက်၏။

ဤနေရာသည် ရန်သူ မန်ချူးများ ကြီးစိုးသောနေရာ ဖြစ်သဖြင့် မည်သည့်အရာကိုမျှ စိတ်ချ၍မဖြစ်ပေ။





ထို့ပြင် ယခုလုပ်ဆောင်ရသည့်ကိစ္စသည် လွန်စွာ အရေးကြီးသောကိစ္စ ဖြစ်နေသည်။

ထတ်နိုင်သမျှ လျှို့ဝှက်စွာဆောင်ရွက်ရမည့်ကိစ္စဖြစ်သောကြောင့် လူမြင်သူမြင်ခံ၍ လုံးဝမဖြစ်ပေ။

အတွင်းဆောင်ထဲသို့ ရောက်သည်နှင့် ရှောင်ဝှစာထင်းက မျိုးချစ်သိုင်းသမား ကျင့်ယွမ် ပေးအပ်ခဲ့သည့် လျှို့ဝှက်နာမည်စာရင်းများပါရှိသည့် ပိုးပဝါစကို ထုတ်၍ပေးလိုက်သည်။

'ဟောဒီပိုးပဝါစဟာ စစ်သူကြီးရဲ့ဖေး ပေးပို့ခိုင်းလိုက်တဲ့ လျှို့ဝှက်အမည်စာရင်းပါပဲရှင်'

လက်ဖက်ရည်ဆိုင်ရှင်သူဌေး ဝူက ပိုးပဝါစကို တရိုတသေ လက်ခံယူလိုက်ပြီး ကတိစကား ပြောလိုက်သည်။

'လျှို့ဝှက်နာမည်စာရင်းပါတဲ့ ဟောဒီ ပိုးပဝါစကို ကျုပ် အသေချာ သိမ်းဆည်းပေးထားပါမယ်၊ စိတ်ချပါ မိန်းကလေး'

သူဌေးဝူသည် ပိုးပဝါစကိုယူဆောင်လျက် မြေအောက် လျှို့ဝှက်တိုက်ခန်းတံခါးကို ဆွဲဖွင့်လျက် ဝင်ရောက်သွားလေသည်။

ဆောင်ရွက်ရမည့်တာဝန် ပြီးဆုံးသွားပြီဖြစ်၍ ရှောင်ဝှ



www.burmeseclassic.com

www.burmeseclassic.com



လင်းတို့သားအမိနှစ်ဦးသည် ထွေးဝှေးထူသော လက်ဖက်ရည်ဆိုင် နောက်ဖေးပေါက်မှနေ၍ ပြန်သည် ထွက်ခွာလာခဲ့ကြလေ သတည်း။

...............

* * *



## အခန်း (၁၉)

ရွှေခင်ဝှစလင်းတို့သားအမိ လမ်းမပေါ်သို့ ပြန်လည် ရောက်ရှိလာကြ၏။

သူတို့၏စိတ်ထဲ၌ အခြေအနေ အေးချမ်းကောင်းမွန်သည် ဟု ယူဆထားမိကြသည်။

သို့သော် အခြေအနေမှာ သူတို့ ယူဆထားသကဲ့သို့ ဖြစ်မလာခဲ့ပေ။

'ဟိတ်'

'သေသေချာချာ ဝိုင်းထားကြဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်မှ မလွတ်စေနဲ့'

'ဂျုန်း ဝုန်း'

ပိတ်ထားသည့် လက်ဖက်ရည်ဆိုင်တံခါးကို ဆောင့်ကန်ဖွင့်လျက် အတွင်းသို့ ပြေးဝင်သွားကြသည့် မန်ချူးစစ်သည် ဆယ်စုကို ရုတ်တရက် တွေ့မြင်လိုက်ကြရသည်။

ရွှေစင်ဝိုင်းလင်းအနေနှင့် ညကဲ့သို့ ဖြစ်လာလိမ့်မည်ဟု လုံး၀ မထင်မိခဲ့ပေ။ သူမသည် စိုးရိမ်ပူပင်စွာဖြင့် ရေရှုလိုက်မိသည်။

'အို—ဒုက္ခပါပဲ၊ ဦးသာတင်တို့က ဘယ်လို ဖြစ်ပြီးတော့ ဒီနေ့လောက်အထိ မြန်မြန်ဆန်ဆန် ပေါက်ကြားသွားရပါလိမ့်....'

မန်ချူး စစ်သည်များ လက်ဖက်ရည်ဆိုင်တွင်းသို့ ရောက်ရှိလာချိန်နှင့် သူဌေးဝူ လျှို့ဝှက် မြေတိုက်ခန်းတွင်းမှ ပြန်ထွက်လာချိန်မှာ တိုက်ဆိုင်၍ နေပေသည်။

ဆိုင်ရှင် သူဌေးဝူသည် မန်ချူးစစ်သည်များကို မြင်လိုက်သည်နှင့် မျက်နှာတစ်ချက် ပျက်သွားပြီး ဆိုင်နောက်ဘက်သို့ ချာခနဲ ပြေးဝင်သွားလေတော့သည်။





'ဟေ့ကောင်....ဘယ်ပြေးမလို့လဲ'

မန်ချူး စစ်ဗိုလ်တစ်ဦးက အော်ဟစ် ဟန့်တားလိုက်၏။

ဆိုင်ရှင် သူဌေးဝူမှာ သိုင်းပညာ လုံး၀ တတ်မြောက်ထားသူတစ်ဦး မဟုတ်ပါချေ။

ရက်စက် ကြမ်းကြုတ်သော မန်ချူး စစ်သည်များသည် သူဌေးဝူ၏နောက်သို့ အမီလိုက်သွားကြသည်။

မန်ချူးစစ်သည်များက နောက်မှနေ၍ သူဌေးဝူအား ဓားများဝင့်လျက် ထိုးခုတ် တိုက်ခိုက်လိုက်ကြသည်။

'အား....'

သူဌေးဝူမှာ မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိဘဲ သွေးအိုင်ထဲ၌ ပုံလျက်သား လဲကျ၍ အသက်ပျောက်သွားလေတော့သည်။

မျိုးချစ်တပ်သားတစ်ဦးဖြစ်သည့် သူဌေးဝူမှာ မန်ချူးတို့၏ ရက်စက်စွာ သုတ်သင်သတ်ဖြတ်ခြင်းကို ခံလိုက်ရပြန်ပေပြီ။

ထိုမြင်ကွင်းကို တွေ့မြင်လိုက်မိသော ရွှေစင်ဝိုင်းလင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ မိန်းချုံးများကို ရင်ဆိုင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူမ၏ မိခင်ဖြစ်သူက ရွှေဝါ့လင်း၏လက်ကို ဆွဲလျက် အချိန်မီ တားမြစ် ဟန့်တားလိုက်၏။

'ခဏနေစမ်းပါမီး၊ ဒေါသကို ထိန်းထားမှ ဖြစ်လိမ့်မယ် ကွယ့်၊ ဒီအချိန်မှာ အင်အားများတဲ့ မိန်းချုံးတွေကို ရင်ဆိုင်လို့ လုံးဝ မဖြစ်သေးဘူး၊ သူတို့ကို ရှင်းလင်းပစ်ဖို့ အချိန်မကျသေးဘူး'

ရွှေဝါ့လင်းမှာ သက်ပြင်း တစ်ချက် လေးပင်စွာ ချလိုက်ပြီး မိခင်နှင့်အတူ အိမ်သို့ ပြန်လာခဲ့ရလေသည်။

— — — — —

* * *

ရွှေဝါ့လင်းသည် သူ့ငွေးဝ့ အသတ်ခံလိုက်ရသဖြင့် သူမ





ပေးထားခဲ့သည့် လျှို့ဝှက် နာမည်စာရင်းများ ပါရှိသည့် ပိုးပဝါစကို ပြန်ယူ၍ မဖြစ်ဖြစ်သည့်နည်းဖြင့် ရယူနိုင်ရန် ဆုံးဖြတ်ချက်ချထားသည်။

ညအချိန်သို့ပင် ရောက်ရှိလာခဲ့ပြီ။

သူမသည် ကျွန်းစိန်ကျိုင်း လက်ဖက်ရည်ဆိုင်၏ နောက်ဘက်ဆီသို့ အမှောင်ထုအတွင်း၌ ချင်းနင်း၍ ဝင်ရောက်လာခဲ့သည်။

ရွှေဝါ့လင်းသည် နောက်ဖေးတံခါးပေါက်ကို ဖွင့်၍ အတွင်းသို့ဝင်သည်။

ထို့နောက် မြေအောက်တိုက်ခန်း တံခါးကို ဖွင့်၍ အခန်းတွင်းသို့ဝင်လိုက်သည်။

မြေအောက်ခန်းအတွင်း၌ သူမသည် နာမည်စာရင်းများ ပါသည့် ပိုးပဝါစကို လျင်မြန်သွက်လက်စွာ လိုက်လံရှာဖွေသည်။

သို့သော် ပိုးပဝါစ၏ အစအနကိုပင် ရှာ၍ မတွေ့ခဲ့ပေ။ သူမသည် သက်ပြင်းတစ်ချက် ချ၍ [illegible] ကြံ အိုက် သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေခင်ဝှာအောင်းသည် အခန်းတွင်း၌ မှုန်ညို့သော်လည်း ထပ်မံ ရှာဖွေကြည့်ရှုလိုက်ပြန်သည်။

ထိုအခါမှပင် သူမသည် ထူးခြားဆန်းကြယ်ခြင်းမရှိသည့် အုတ်ခဲတစ်လုံးကို သတိပြုလိုက်မိ၏။

ထိုအုတ်ခဲသည် ကြွ၍နေပြီး အရှင်ဖြစ်နေသည်ကို တွေ့ ရှိလိုက်ရသည်။

သူမသည် အုတ်ခဲကို မ၍ ကြည့်လိုက်သောအခါ သူမ ထင်ထားသည့်အတိုင်းပင် အုတ်ခဲ၏ အောက်ဘက်၌ အမည် စာရင်းပါသည့် ဖိုးပဝါစကို တွေ့ရလေသည်။

ရွှေခင်ဝှာသင်းသည် ဖိုးပဝါစကို ဆွဲနှုတ်ယူလိုက်ပြီး သူမ ၏ အိတ်ထဲသို့ ထည့်သွင်း သိမ်းဆည်းလိုက်သည်။

သူမ လိုချင်သည့် ပစ္စည်းရပြီဖြစ်၍ ရွှေခင်ဝှာအောင်းသည် မြေအောက်ခန်းမှ ပြန်ထွက်ရန်ပြင်လိုက်၏။

'ဟား ဟား ဟား ဟား'

ကျယ်လောင် အက်ကွဲသော ရယ်မောသံအစ်ရပ်နှင့်အတူ မနီချူးလက်ပါးစေ ကျူးချီနီနှင့် သူ၏ နောက်လိုက်





မနီချူးတပ်သားများ၊ အခန်းပေါက် တံခါးဝ၌ ပိတ်ဆို့ ရပ်စောင့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ရွှေခင်ဝှာသင်းသည် ကြေးပြားဒင်္ဂါးများကို ထုတ်လျက် အရှိန်ပြင်းစွာ ပစ်ခတ်လိုက်၏။

'ဝိုး နိုး ဝိုး'

'ဝှစ် ရှစ်'

'အား'

'အီး'

'အင့်'

ရွှေခင်ဝှာသင်း၏ ကြေးပြားဒင်္ဂါးများသည် လေဝင်ထိုး နှင့် မနီချူးစစ်သည်များ၏ လည်မျိုတွင်းသို့ စူးနစ်စွာ ဖောက်ဝင်သွားကြသည်၊ သူမသည် လဲကျနေသော ရန်သူ မနီချူးများပေါ်မှ ကျော်လွှားလျက် အပြင်သို့လျင်မြန်စွာ ပြေးထွက်လာခဲ့သည်။

ထို့နောက် သူမသည် အနီးရှိအိမ်ခေါင်မိုးတစ်ခုပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပါးစွာ ခုန်တက်လိုက်သည်။ ဆိမ်ခေါင်မိုးပေါ်မှ တစ်ဆင့် အမှောင်ရိပ် သိပ်အည်းစွာကျနေသည့် လမ်းသွယ် တစ်ခုအတွင်းသို့ ခုန်ဆင်းလိုက်သည်။

ထိုစဉ်မှာပင်...

လက်ဝါးတစ်ဖက်က သူမ၏ပခုံးကို ဖြည်းညင်းစွာ ပုတ်ပေးလိုက်သည်။

'ဟင်'

ရွှေခင်ဝါလင်းမှာ ထိတ်လန့် တုန်လှုပ်သွားမိပြီး ကြေးမြွေး ခင်္ဂါးများ၏ နှိုက်ထုတ်လျက် ရန်သူဟု ထင်မှတ်ရသူ အားး ပစ်ခတ်ရန် ချိန်ရွယ်လိုက်မိပြလသည်။

'ဟား ဟား ဟား ...အစ်ကိုပါကွ'

သူမ၏ နောက်မှ ရုတ်တရက် ပေါ်လာသူမှာ ရွှေခင်အိကျောင်း ဖြစ်၍နေပေသည်။

ရွှေခင်အိကျောင်းက လက်ပြန့်လိုက်ပြီး...

'တဲ့... ငါ့ညီမရှာတဲ့ စွည်းကို ပေးလေ'

ရွှေခင်လင်းသည် အစ်ကိုဖြစ်သူကို မကောမနပ်အမူအရာ ဖြင့် မျက်စောင်းထိုးလိုက်မိသည်။ အရေးအကြောင်းထဲ၌ ရွှေခင်အိကျောင်းက လာ၍ ထိုင်ထိ နှောက်ပြောင်သဖြင့် စိတ်ကျေမနှင့် ဖြစ်မိခြင်းပင်။

ရွှေခင်ဝါလင်းသည် အစ်ကိုဖြစ်သူ၏လက်ထဲသို့ ပိုးပဝါ စကို လှမ်း၍ပေးလိုက်လေသည်။





ရွှေခင်အိကျောင်းသည် ပိုးပဝါစကို ရရှိသည်နှင့် သူမ၏ အပါးမှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

-----

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

လျူအိမှာ စစ်သူကြီး ရယ်လီကျုး၏အမိန့်ဖြင့် ဖမ်းဆီးခြင်း ခံရပြီး နှိပ်စက် ညှဉ်းပန်းခြင်းကို ခံနေရသည်။

တုတ်ခိုင်လှသော တုတ်ချောင်းများဖြင့် တစ်ကိုယ်လုံး နေရာအနှံ့ကို ရိုက်နှက်ကြသဖြင့် လျူအိမှာ အော်ဟစ်ရင်း သတိမေ့မြောသွားရလေသည်။

မန်ချူးစစ်ဦးက ရေပုံး တစ်ပုံး ခပ်ဆောင်ပြီး လျူအိ၏ မျက်နှာပေါ်သို့ လောင်းချလိုက်၏။

'ဘွမ်း'

'အီး အား'





လျူအိသည် ညည်းညူရင်းမှ ပြန်၍ သတိရလာသည်။ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သောအခါ၌ ခါးထောက်၍ ရပ်နေသည့် ရက်စက်ကြမ်းကြုတ် ခက်ထန်လှသော စစ်သူကြီး ရယ်လီကျုး၏ မျက်နှာကို လျူအိ တွေ့မြင်လိုက်ရသည်။

စစ်သူကြီး ရယ်လီကျုးက ခက်ထန်သော လေသံဖြင့် ခြိမ်းခြောက်လိုက်သည်။

'ကဲ... လျူအိ၊ သတ္တိမရှိဘဲနဲ့ လူစွမ်းကောင်းလုပ်ဖို့ ဆက်ပြီး ကြိုးစားမနေနဲ့တော့၊ ဒီမှာ လျူအိ မင်း အသက်ရှင်ချင်သေးလား၊ သေချင်သလား၊ အသက်ရှင်ချင်သေးတယ်ဆိုရင်တော့ ငါမေးတဲ့ မေးခွန်းကို အမှန်အတိုင်းသာ ဖြေပေတော့'

လျူအိကား အမှန်စင်စစ်အားဖြင့် သတ္တိနည်းသူ၊ သူရဲဘော ကြောင်သူ တစ်ဦးသာ ဖြစ်သည်။ သူသည် မန်ချူးများ၏ နှိပ်စက် ညှဉ်းပန်းမှုဒဏ်ကို ထပ်မံ၍ မခံနိုင်တော့ပေ။

ထို့ကြောင့် သူသည် ထိတ်လန့်တုန်လှုပ်သောလေသံဖြင့် ဖော်ကောင် လုပ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ထပ်ပြီး မနှိပ်စက်ကြပါနဲ့တော့ ကျွန်တော့်ကို မသတ်ကြပါနဲ့၊ အမှန်အတိုင်း ပြောပါ့မယ် စစ်သူကြီး၊ ကျွန်တော်နဲ့ ဆက်သွယ်တဲ့ လူဟာ ဗိုလ်....ဟိုကောင်း သမား ရွှေခင်အိကျောင်းပါပဲ'

စစ်သူကြီး ရယ်လီကျူးက အားရနှစ်ခြိုက်စွာ ရယ်မောလိုက်၏။

'ဟား ဟား ဟား ဒီလိုနဲ့ပါကွ၊ မင်းကို ငါတို့ မသတ်တော့ပါဘူး'

စစ်သူကြီး ရယ်လီကျူးသည် ကျေနပ် အားရသော မျက်နှာထားဖြင့် လူယုံတော် ကျော့ကျူးသို့ လှည့်ပြီး အမိန့်ပေးလိုက်သည်။

'ဟေ့...ကျော့ကျူး ဒီကောင့်ကို မသတ်ကြနဲ့တော့ သူ့ကိုထားပြီး အသုံးချရာ ရှိသေးတယ်'

လူယုံတော် ကျော့ကျူးက ခေါင်းညိတ်လျက် ရိုကျိုးသောလေသံဖြင့် ပြောသည်။

'ကောင်းပါပြီ စစ်သူကြီး'





လျှိုအိကို အခန်းတွင်း၌ ဆက်လက် ချုပ်နှောင်ထားလိုက်ကြပြီး စစ်သူကြီး ရယ်လီကျူးနှင့် လူယုံတော် ကျော့ကျူးတို့ အခန်းတွင်းမှ ထွက်လာခဲ့ကြသည်။

* * *

ထိုအချိန်၌...

ကင်းသမား ရွှေခင်အိကျောင်းသည် လမ်းမပေါ်၌ လျှောက် လှည့်သူ၏ တာဝန်ကို ထမ်းဆောင်၍ နေပေသည်။

ထင်းခုတ်သမားပုံစံအဖြစ် ရုပ်ဖျက်ထားကြသော မျိုးချစ်တပ်သားနှစ်ဦးသည် ရွှေခင်အိကျောင်းအား လျှို့ဝှက်သင်္ကေတဖြင့် အန္တရာယ်ရှိကြောင်း အချက်ပြလိုက်ကြသည်။

ရွှေခင်အိကျောင်းသည် ရှေ့သို့ ဆက်၍ မသွားတော့ဘဲ နောက်ကြောင်းသို့ ချက်ချင်းပင် ပြန်လှည့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေခင်မှစပင်....

ညအချိန်ကာလသို့ ရောက်ရှိလာခဲ့လေသည်။

'ဟွား ဟွား ဟွား'

'ဝေါ ဝေါ ဝေါ'

လေရောမိုးပါ အဝေါ်ဝေါ်မြည်ဟည်းလျက် အရှိန်ပြင်းစွာဖြင့် တိုက်ခတ်ရွာသွန်း၍ လာလေသည်။

'ရှိမ်း ဂျုန်း ဂျိမ်း'

မိုးကြိုး ထစ်ချုန်းသံများက ကောင်းကင်ယံမှ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အဆက်မပြတ် ပေါ်ထွက်၍နေ၏။

လျှပ်စီး လျှပ်ပန်းများကလည်း ဖျပ်ဖျပ် လက်လျက်ရှိနေပေသည်။

သည်းထန်စွာ မိုးရွာသွန်းနေပြီး လျှပ်ရောင်တဝင်းဝင်း လက်နေသည့် ညအချိန်၌ မန်ချူးစစ်သည် ၁၀ ဦးကျော် ကျော်ခန့်သည် သစ်ပင်ကြီးများ၏ နောက်ကွယ်၌ ပုန်း





အောင်းလျက် ဆင်စုံတစ်ဦးကို စောင့်ဆိုင်း၍ နေကြပေသည်။

မန်ချူးစစ်သူကြီး ရယ်လီကျုံး၏ လူယုံတော်ဖြစ်သော ကျင်ကျူးသည် အနီးရှိအိမ်ခေါင်မိုးတစ်ခုပေါ်၌ ဝပ်လျက် ပုန်းအောင်းနေ၏၊ ကျင့်ကျူးနှင့်အတူ မန်ချူးစစ်သည် လေးဦးပါ ရှိနေကြသည်။

သူတို့သည် ကြိုးတစ်ချောင်းကို ရွှံ့ထဲ၌ နှစ်မြှုပ်လျက် လက်ထဲ၌ အဆင်သင့် ကိုင်ထားကြ၏။

'ဒေါင် ဒေါင် ဒေါင်'

ထုံးစံအတိုင်း ရှောင်အိုကျင်းသည် သူ၏ တာဝန်အရ ကြေးမောင်းကို ခေါက်လိုက်သည်။

သူသည် မျိုးချစ်တော်လှန်ရေးတပ်သား တာဝန်ကို ယူထားသူဖြစ်ပေရာ ဆင်းသမားအဖြစ် အပေါ်ယံမှ အကာအကွယ်ယူပြီး ဟန်ဆောင်ထားခဲ့ပေသည်။ ရှောင်အိုကျင်းသည် နေပူမရှောင် မိုးရွာမရှောင် ဆင်းသမားတာဝန်ကို ထမ်းဆောင်နေရပေသည်။

မိုးထဲလေထဲ၌ပင် ရှောင်အိုကျင်း၏ ကြေးမောင်းခေါက်သံက ဖျံ့လွင့်ထွက်ပေါ်၍လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြေးခေါင်းခေါက်သံနှင့် မရှေးမနှောင်းမှာပင် ရှောင်အိကျင်းကညဲ လမ်းကြားကလေးတစ်ခုအတွင်းမှ တစ်လှမ်းချင်း ထွက်လာ၏။

သူ၏ရှေ့တည့်တည့် မလှမ်းမကမ်း၌ သံသယဖြစ်စရာကောင်းသော လူရိပ်များကို ရုတ်တရက် တွေ့လိုက်ရသည်။

ရှောင်အိကျင်းသည်မသိကျိုးကျွန်ပြုလျက် ရှေ့သို့ဆက်၍ လျှောက်သွားခဲ့သည်။

ထိုအချိန်မှာပင်....

မန်ချူး စစ်သည်များသည် ပုန်းအောင်းနေရာမှ အလျို အလျို ပြေးထွက်လာကြပြီး ရှောင်အိကျင်း၏ ရှေ့မှပိတ်ဆို့ တားဆီးလိုက်ကြလေသည်။

မန်ချူးစစ်ဗိုလ်တစ်ဦးက ရှေ့သို့ တိုးထွက်လာပြီး....

'ဟေ့ကောင် ရှောင်အိကျင်း ရပ်လိုက်စမ်း'

အခြားနေရာမှာ သူ့အင်မှတ်ထားသလိုမျက်ဘဲ၊ ထိုးရှေးနေပြီးမှ ရိပ်စားလိုက်မိသော ရှောင်အိကျင်းသည် နောက်ကြောင်း ပြန်လှည့်၍ ပြေးရန် ဟန်ပြင်လိုက်သည်။

ရန်သူ မန်ချူး စစ်သည်များသည် အခြား နေရာများမှ ပြေးလွှား ထွက်ပေါ်လာကြပြန်သည်။ သစ္စာဖောက်လျူအိထံမှ သတင်း အတိအကျရရှိထားသဖြင့် ကင်းသမား ရှောင်





အိကျင်းအား အမိအရ ဖမ်းဆီးရန် ယခုကဲ့သို့ အင်နှင့် အားနှင့် ဝိုင်း၍ စီစဉ်ထားကြခြင်း ဖြစ်ပေသည်။

ရှောင်အိကျင်း၏ ပြေးပေါက်မှန်သမျှကို မန်ချူး စစ်သည်များက ပိတ်ဆို့ထားလိုက်ကြပေပြီ။

ပြေးပေါက်မရှိတော့ပြီ ဖြစ်သည်။ ရှောင်အိကျင်းသည် အိမ်ခေါင်မိုးများပေါ်သို့ ခုန်တက်၍ ရှောင်ပြေးရန်စိတ်ကူးလိုက်၏။

သို့သော် အိမ်ခေါင်မိုးများထက်၌ အသင့်စောင့်ဆိုင်းနေကြသော ရန်သူ မန်ချူး စစ်သည်များကို တွေ့မြင်လိုက်ရသည်။

ရန်သူ မန်ချူးများဘက်မှ ယခုကဲ့သို့ အကွက်စေ့အောင် ကြိုတင် စီစဉ်ထားခြင်းနှင့်ကြုံလိုက်ရသဖြင့် ရှောင်အိကျင်းမှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားရလေသည်။

နောက်ဆုံး၌ သူသည် ရန်သူ မန်ချူးများကို ပြန်လည် တိုက်ခိုက်ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

'ဟိတ်'

'ကျွား'

'ဝှိုး ဝှိုး ....ဝုန်း'

'ချွမ်၊ ချွမ်၊ ချွမ်'

ရှောင်အိကျင်းက အပြင်းအထန် ခုခံတိုက်ခိုက်သော်လည်း ရန်သူအင်အားက အဆမတန် များပြားနေသဖြင့် မပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြည်နှင့် နေခက်ဆုတ်ပြီး ခုခံရသည့် အခြေအနေသို့ ရောက်လာသည်။

သူသည် နေစက်ဆုတ်ရင်းမှ လမ်းကြားတစ်ခုအတွင်းသို့ ဝင်ရောက်ထွက်ပြေးရန် စိတ်ကူးထခဲ့ပေသည်။

'ဟိတ်'

'ယား'

'ဓယာပဒတာ'

'ဝှစ် ဝှစ် ဝှစ်'

'ချွမ်း ချွမ်း ချွမ်း'

ရှေ့ခင်အိကျင်းသည် မန်ချူးစစ်သည်များကို တစ်ဟုန်ထိုး အရှိန်ပြင်းစွာ တိုက်ခိုက်လိုက်ပြီး လမ်းကြားဘက်ဆီသို့ လျှော်မြန်စွာ ဆုတ်၍သွားလေတော့သည်။

ရှေ့ခင်အိကျင်း လမ်းကြားဆီသို့ ပြေးဝင်လာသည်နှင့် အသင့်စောင့်ဆိုင်းနေသော လူယုံတော် ကျင့်ကျူးက သူ၏ လက်ကို မြှောက်၍ အချက်ပြလိုက်သည်။ မန်ချူးစစ်သည် လေးဦးက ရှိန်နှင့် ထဲ၌ လျှို့ဝှက်စွာမြှုပ်ထားသည့် ကြိုးစကို တင်းခနဲဖြစ်သွားအောင် ဆွဲ၍ မြှောက်လိုက်သည်။

ပြေးလွှား၍သွားသော ရှေ့ခင်အိကျင်းသည် ထိုကြိုးစကို ခင်၍တိုက်မိပြီး မှောက်လျက်သား လဲကျသွားလေသည်။





သူသည် တတိယစွမ်းသမျှ သိုင်းပညာဖြင့် မန်ချူးများကို ခုခံ တိုက်ခိုက်သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ နေစက်ဆုံး၌ သူသည် ရန်သူမန်ချူးများ၏ ထောင်ချောက်ဆင်၍ ဖမ်းဆီးခြင်းကို ခံလိုက်ရလေသည်။

* * *



www.burmeseclassic.com

## အခန်း (၂၁)

ကျောစိမ့်ဖွယ်ရာ ကောင်းလှသည့် အချုပ်ခန်းမကြီး အတွင်း၌ ဖြစ်ပေသည်။

ထိုအချုပ်ခန်းတွင်းရှိ ကြမ်းပြင်များနှင့် နံရံများပေါ်၌ ညှဉ်းပန်းနှိပ်စက်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာ အဆင်သင့်ရှိနေ၏။

အခန်း၏အလယ်ဗဟို၌ စားပွဲခုံတစ်လုံး ချထားပေသည်။

ရှောင်အိုကျောင်းသည် စားပွဲရှေ့၌ ခပ်တင်းတင်းအမူအရာဖြင့် ရပ်လျက်ရှိနေ၏။





မန်ချူး စစ်သူကြီးရယ်လီကျူးသည် ပရိယာယ် ဝေဝုစ်များသူ တစ်ဦးဖြစ်ပေရာ၊ ရှောင်အိုကျောင်းကိုကြည့်၍ မပွင့်တစ်ပွင့် ပြုံးလိုက်သည်။

ထို့နောက် စည်းရုံးသိမ်းသွင်းသောလေသံဖြင့် ပြောလိုက်သည်။

'ကဲ ရှောင်အိုကျောင်း၊ လူဆိုတာ အကင်းပါးတတ်ရတယ်၊ လူတွေကို ဆိုထားနဲ့ သက်မဲ့သစ်ပင်တွေတောင်မှ မိုး၊ လေ အချိန်အခါကိုကြည့်ပြီး ပြောင်းလဲတတ်ကြတယ်၊ အဲဒီတော့ မင်းရထားတဲ့ လျှို့ဝှက် အမည်စာရင်းကို အေးအေးဆေးဆေး ထုတ်ပေးရင် ကောင်းလိမ့်မယ်ထင်တယ်'

ရှောင်အိုကျောင်းအနေဖြင့် လူ အို တစ်ယောက် သစ္စာဖောက်သွားပြီဖြစ်မှန်း လုံးဝ မသိသေးပေ။

မန်ချူးစစ်သူကြီး ရယ်လီကျူးတစ်ယောက် မည်သည့် အကြောင်းအရာကိုမျှ မသိရှိသေးသည်ဟုထင်မှတ်ပြီး ခေါင်းခါလျက် ဘူးကွယ်လိုက်မိသည်။

'ဘာ— လျှို့ဝှက် အမည်စာရင်း စာရွက်ဟုတ်လား စစ်သူကြီး၊ ဘာတွေ လာပြောနေတာလဲ ကျွန်တော် ဘာမှ မသိဘူး'

www.burmeseclassic.com



စစ်သူကြီး ရယ်လီကျုံး၏ မျက်နှာ ဆင်းမဲ ခက်ထ… သွားပြီး ရှောင်အိကျင်းကို ခြိမ်းခြောက် ပြောဆိုလိုက်၏။

'ဒီမှာ ရှောင်အိကျင်း၊ ငါလိုချင်တဲ့ လျှို့ဝှက် အမည်… စာရင်းကို အသာတကြည်နဲ့ မပေးရင်တော့ မင်း အသာ… နာလိမ့်မယ်'

ရှောင်အိကျင်းသည် မန်ချူး စစ်သူကြီးကို အနည်းငယ်… မျှပင် ဂရုစိုက်ဘဲ ပါးစပ်ပိတ်၍ ထားလိုက်လေသည်။

မန်ချူးစစ်သူကြီး ရယ်လီကျုံးသည် ဒေါသတကြီး… ရယ်မောလိုက်ပြီး အနီးရှိ လူယုံတော် ကျင့်ကျူးကို လှမ်း… အချက်ပြလိုက်၏။

ထိုနှင့်ပင် ကျင့်ကျူးသည် ဖမ်းဆီးထားသော သစ္စ… ဖောက် လျူအိကို အခန်းထဲသို့ ချက်ချင်းပင်ဆွဲခေါ်လာ… လေသည်။

လျူအိသည် ရှောင်အိကျင်းအပေါ်၌ သစ္စာဖောက်ထ… မိသဖြင့် လိပ်ပြာမလုံဘဲ ဖြစ်နေ၏။

ထို့ကြောင့်သူသည် ရှောင်အိကျင်း၏မျက်နှာကို အနည်… ငယ်မျှပင် မော့၍ မကြည့်ဝံ့အောင် ဖြစ်နေပေသည်။





အကင်းပါးသော ရှောင်အိကျင်းသည် လျူအိ၏ -အမူအရာကို မြင်လိုက်ရုံမျှနှင့် ချက်ချင်းပင် သဘောပေါက် နားလည်သွားလေသည်။

လျူအိ သစ္စာဖောက်သည့်အတွက်ကြောင့် ယခုကဲ့သို့ ရှု အဖမ်းခံရခြင်းဖြစ်ကြောင်း ရိပ်စားလိုက်မိသည်။

သစ္စာဖောက်သည့် လူစားမျိုးကို မုန်းတီး ရွံရှာလေ့ရှိသည်။

ရှောင်အိကျင်းသည် လျူအိကိုတံတွေးနှင့် လှမ်း၍ ထွေးလိုက်မိသည်။

စစ်သူကြီး ရယ်လီကျုံးက....

'ဟေ့....လျူအိကို ပြန်ခေါ်သွားစမ်း'

အမှန်စင်စစ်အားဖြင့်....

စစ်သူကြီး ရယ်လီကျုံးသည် လျူအိသစ္စာဖောက် ဖော်ထုတ်ထားသဖြင့် အကြောင်းစုံ သိနှင့်ပြီးဖြစ်၍ ပြသလိုက်ခြင်းသာလျှင် ဖြစ်သည်။

ထို့ပြင် ရှောင်အိကျင်းသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး သိုင်းပညာ ထက်မြက်သော မျိုးချစ်တော်လှန်ရေးတပ်သား တစ်ဦး ဖြစ်မှန်းလည်း ရိပ်စားထားမိပြီးဖြစ်၏။

စစ်သူကြီး ရယ်လီကျုံးက ရှောင်အိကျင်း၏ အနီးသို့ တိုးကပ်လာပြီး အကဲစမ်း၍ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှောင်အိကျွင်း စောစောက ခေါ်ထုတ်သွားတဲ့လူကို မင်းသိသလား၊ သူ ဘယ်သူလဲ'

ရှောင်အိကျွင်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး....

'တင်း.... အဲဒီကောင်ဟာ ခွေးတစ်ကောင်လောက်တောင် စနိုးဖိုးမရှိတဲ့ အကောင်မျိုး ဖြစ်ခဲ့ပေါ့'

ရှောင်အိကျွင်း၏ အဖြေကြောင့် စစ်သူကြီး ရယ်လီကျုံးသည် အားရပါးရ ရယ်မောလိုက်ပြီး ရှောင်အိကျွင်းကို မြှောက်ပင့် ပြောဆိုလိုက်သည်။

'ဟား ဟား ဟား ဟား'

'မင်းက ဘယ်ဆိုးလိုလဲ ခိုင်းနိုင်းပြောတဲ့နေရာမှာတကယ်ကို ပြောင်မြောက်ပါပေတယ်'

စစ်သူကြီး ရယ်လီကျုံးသည် ရှောင်အိကျွင်းကို စူးစိုက်၍ ကြည့်လျက် တပ်မံ ခြမ်းခြော ပြောဆိုလိုက်ပြန်သည်။

'ကဲ ရှောင်အိကျွင်းလျှို့ဝှက်အစည်းစာရင်းကိုအေးအေး ဆေးဆေး ထုတ်ပေးတာ အကောင်းဆုံးပဲ၊ ဟောဒီနေရာဟာ ခင်းတို့လို လူစားမျိုးတွေကို ငရဲပြည်က ငရဲမင်းကြီး ဆီကို ပို့ပေးလို့ရှိတဲ့ နေရာမျိုးဖြစ်တယ်ဆိုတာကို မင်းသိရဲ့လား'

ရှောင်အိကျွင်းက တည်ငြိမ်စွာပင် ပြန်ပြောလိုက်၏။

'ဒီမှာ စစ်သူကြီး၊ ကျုပ်ရဲ့ အကြောင်းကို ခင်ဗျား





နည်းနည်းလေးမှ မသိသေးဘူးထင်တယ်၊ ငရဲပြည်က ငရဲ ခင်းကိုသာ ကြောက်မိရင် ကျုပ် ဒီအလုပ်မျိုးမလုပ်ဘူး'

စစ်သူကြီး ရယ်လီကျုံးမှာ မည်သို့ ဆပ်မံပြောရမှန်းမသိ အောင် ဖြစ်နေရသည်။ ထို့နောက် စစ်သူကြီးရယ်လီကျုံး သည် သူ၏လူယုံတော်များ၊ အကြံပေး အဆုရှိများနှင့်အတူ အချုပ်ခန်းတွင်းမှ ထွက်ခွာသွားကြသည်။

အချုပ်ခန်းတွင်း၌ ရှောင်အိကျွင်း တစ်ဦးတည်းသာ ကျန်ရစ်ခဲ့လေသည်။

ရှောင်အိကျွင်းက လှိယ်ကူစွာ ထုတ်ဖော်ပြောဆိုခြင်းမပြု သဖြင့် စစ်သူကြီးရယ်လီကျုံးမှာ အတော်ကလေး ဦးနှောက် ခြောက်နေရှာလေသည်။

သူသည် နောက်ဖေးဆောင်အတွင်းရှိ ထိုင်ခုံကြီး၌ ထိုင် ရင်း သူ၏ ကြီးမားသော ဗိုက်ရွဲရွဲကြီးကို လက်ဖြင့် ပွတ် သပ်၍ စဉ်းစားခန်းဝင်နေမိလေသည်။

လူယုံတော် ကျောင့်ကျူးက....

'စစ်သူကြီးခင်ဗျား၊ ရှောင်အိကျွင်းဆိုတဲ့ အကောင်ဟာ အတော်ကို ခေါင်းမာတဲ့လူစားမျိုး ဖြစ်နေပါတယ်'

စစ်သူကြီးရယ်လီကျုံးက ခေါင်းတဆတ်ဆတ်ညိတ်လျက် ရယ်မောပြီး အေးအေးစွာပြန်ပြောလိုက်၏။

'ဟဲ ဟဲ ဟဲ.... ဒီကောင် ဘယ်လောက်ပဲ ခေါင်းမာမာ



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ဒီကောင့်ကို ဘယ်လိုနည်းနဲ့ ကိုင်တွယ်ရမယ်ဆိုတာ အကြံရထားပြီးသားပါကွာ'

စစ်သူကြီးရယ်လီကျူးကား ဉာဏ်နီဉာဏ်နက် များလှသူတစ်ဦးဖြစ်၏။

သူ့တွင် အကြံကောင်းတစ်ခု ရရှိထားပြီဖြစ်မှန်း လူယုံတော် ကျင့်ကျူး ရိပ်စားနားလည်လိုက်မိလေသည်။

* * *



အခန်း (၂၂)

နံနက်စောစောအချိန်ဖြစ်၏။

နံနက်ခင်း နေရောင်ခြည်သည် ပထဝီမြေကြီးပေါ်သို့ ဖြာဆင်းလျက်ရှိနေပေသည်။

ထိုအချိန်တွင် လျူဆီသည် ရွှေစင်အိုကျင်းတို့ မိသားစု နေထိုင်သည့် ဧမ်းကြီးထဲသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် လှမ်း၍ဝင်သွားသည်။

လျူဆီသည် ပတ်ဝန်းကျင်ကို မသိမသာ အစ်ချက်မျှ အကဲခတ်လိုက်၏။ ထို့နောက် သူသည် ရွှေစင်ဝုံခဆင်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခုံ၌ထိုင်၍ တံခါးကို အသာအယာ ခေါက်လိုက်လေသည်။

'ခေါက် ခေါက် ခေါက်'

တံခါးခေါက်ပြီး ခေတ္တမျှအကြာတွင် အတွင်းမှ ခြေသံ တစ်ခု ထွက်ပေါ်လာ၏။

'မောင်. ဘယ်သူလဲ'

လျူအိအ တစ်ချက်မျှငြိမ်းလိုက်ပြီး မျိုးချစ်တပ်သားများ၏ အသုံးပြုရမည့် လျှို့ဝှက်သင်္ကေတဖြင့် ပြန်၍ဖြေလိုက်သည်။

'ကျုပ်က လမုန့်ရောင်းတဲ့လူပါ'

'ကျွ'

ရှောင်ဝှာလင်းက ချက်ချင်းပင် တံခါးကို ဖွင့်ပေးလိုက်သည်။

'အထဲကို ကြွပါရှင်'

သူမအနေနှင့် လျူအိအား မျိုးချစ်တပ်သားတစ်ဦးဖြစ် သည်ဟု ထင်မှတ်၍ ယခုကဲ့သို့ တံခါး ဖွင့်ပေးလိုက်ခြင်း





ဖြစ်၏။ ထို့နောက် နှစ်ဦးသား လျှို့ဝှက်သင်္ကေတပါသော စကားများဖြင့် အမေးအဖြေ လုပ်ကြပြန်သည်။

လျူအိက မှန်ကန်စွာ ဖြေနိုင်သဖြင့် ရှောင်ဝှာလင်းမှာ လျူအိကို မျိုးချစ်တပ်သားတစ်ဦး ဖြစ်သည်ဟု ပို၍ယုံကြည် သွားလေသည်။ သို့သော် ရှောင်ဝှာလင်းအနေဖြင့် လျူအိ တစ်ယောက် သစ္စာဖောက်သွားပြီဖြစ်ကြောင်းကိုမူ လုံးဝသိမထား သေးပေ။

ရှောင်ဝှာလင်းက ထိုင်၍ ဖိတ်ခေါ်လိုက်၏။

'ကဲ... အေးအေးဆေးဆေးထိုင်ပါဦး ဆရာလျူအိ'

လျူအိက အားရဝမ်းသာသော အမူအရာဖြင့် ရှောင်ဝှာ လင်းတို့ သားအမိနှစ်ဦးအား ပြုံး၍ ပြောလိုက်သည်။

'လျှို့ဝှက်အမည်စာရင်းက ခင်ဗျားတို့ဆီမှာ ရောက်နေပြီ မဟုတ်လား။ ဒါဆိုရင် အဲဒီ လျှို့ဝှက် အမည် စာရင်းကို ကျုပ်ကို ပေးလိုက်ပါ'

ရှောင်အိကျင်း၏မိခင်ဖြစ်သူသည် လွန်ခဲ့သည့်ညက သား ဖြစ်သူ အဖမ်းခံလိုက်ရပြီဖြစ်ကြောင်း လုံးဝမသိသေးပေ။ ထို့ ကြောင့် အဘွားအိုက အမှန်အတိုင်းပင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဆရာလျှုအိ၊ လျှို့ဝှက် အမည်စာရင်းက ကျွန်မရဲ့ ဆာစီးဆီမှာပဲ ရှိတာပါ၊

'....ညတုန်းကသူ့ တာဝန်အရကျင်းလှည့်ဖို့ထွက်သွားတာ၊ ဒီအချိန်ထိ အိမ်ပြန် မရောက်သေးပါဘူးရှင်'

လျှို့ဝှက် အမည် စာ ရင်း ကို မရအရ လို ချင် သော လျှုအိက ရွှေခင်ဗွီးလင်းတို့ သား အမိ နှစ်ဦးအား ဆယ် ဆွှင်း၍ လိမ်လည် ပြောဆိုလိုက်ပြန်သည်။

'ဒီမှာအဒေါ် အခုကိစ္စဟာ ကျွန်တော်တို့အတွက် အသေရေး ရှင်ရေး ဆမျှ အရေးကြီးပါတယ်၊ ဒီလျှို့ဝှက် အမည်စာရင်း ကို အသုံးပြုဖို့အတွက် ထိုက်ဟန်စမ်းတောင်က မျိုးချစ် တော်လှန်ရေး ထပ်သားတွေ စောင့်ဆိုင်းနေကြပါတယ်၊ ကျွန်တော်ကိုယ်တိုင် ထိုက်ဟန်စမ်းတောင်ကို အခုချက်ချင်း ပြန်ရမှာပါ၊ ကဲပါ ကျွန်တော့်ကို လျှို့ဝှက်အမည်စာရင်း စာရွက်ထုတ်ပေးပါ'

ရွှေခင်ဗွီးလင်းက မျက်မှောင် ကြုတ်လိုက်ပြီး လေသံ ခပ်ဆတ်ဆတ်ဖြင့် ပြောလိုက်၏။

'ရှင့်ကို ကျွန်မတို့က လိမ်ပြောနေတာ မဟုတ်ပါဘူး၊





ရှင်ပြောတဲ့ လျှို့ဝှက် အမည်စာရင်းဟာ ကျွန်မတို့ သား၊ အမိ ဆီမှာ လုံးဝ မရှိပါဘူး'

ထစ္စာဖောက် လျှုအိမှာ သူထင်ထားသကဲ့သို့ လွယ်ကူစွာ မရှိမဖြစ်သဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။

သူ့အနေဖြင့် ဇာလိမ်ကကျစ်လှမ်ပြီး ရဏ္ဍရန် အကြံညာဏ်ဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အမှန်မှာမူ လျှုအိကို ဤနေရာသို့ စေလွှတ်လိုက်ခြင်းမှာ နှံချူးစစ်သူကြီး ရယ်လီကျုံး ကိုယ်တိုင်ပင်ဖြစ်၏။

စစ်သူကြီး ရယ်လီကျုံးသည် လျှို့ဝှက် အမည်စာရင်းကို ရရှိနိုင်ရေးအတွက် လျှုအိကို အသုံးချလိုက်ခြင်းသာ ဖြစ်ပေသည်။

လျှုအိသည် အခြေအနေ မကောင်းမှန်းသိသဖြင့် နှုတ်ဆက်ပြီး ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

ဓားပျံတစ်လက်သည် အရှိန်ပြင်းစွာဖြင့် လေထဲမှ ပျံဝဲ၍ ဝင်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



‘ဝှိုး…ဝှစ်’

‘အင့်’

ဓားပျံသည် လျှူအိမ်၏ လည်မျိုအတွင်းသို့ တည့်မတ် စူးစိုက်ဝင်သွားသည်။

လျှူအိမ်မှာ စကား တစ်ခွန်း မျှပင် မပြောနိုင်တော့ဘဲ လဲကျသေဆုံးသွားလေတော့သည်။

လျှူအိမ်အပေါ်၌ သံသယရှိမိသော်လည်း ရှောင်ဝှာလင်း အနေဖြင့် လျှူအိမ်ကို မျိုးချစ်သောလျှို့ဝှက်ရေး တပ်သားတစ်ဦး ဟုသာ သတ်မှတ်ထားခဲ့လေသည်။

ယခု သူ၏မျက်စိရှေ့၌ လျှူအိမ်တစ်ယောက် လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရသဖြင့် မခံမရပ်နိုင်အောင် ဒေါသ ထွက်သွားမိလေသည်။

လျှူအိမ်ကို ဓားပျံဖြင့် ပစ်ခတ်လိုက်သူမှာ မျိုးချစ်တပ်သားတစ်ဦးဖြစ်သည့် လီဝင်ထုံးပင် ဖြစ်ပေသည်။

ရှောင်ဝှာလင်းသည် လျှူအိမ်ကို သတ်လိုက်သည့် လီဝင်ထုံး





အား အခဲမကျေဘဲ စူးရဲ ဓားဖြင့် ဒေါသတကြီး ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လီဝင်ထုံးက သူ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလျက် အော်ဟစ်ပြောဆိုလိုက်သည်။

‘ဒီမှာ မိန်းကလေး၊ ကျုပ်ဟာ လမှန်ရှောင်းတဲ့လူ ဆစ်ပါ’

လီဝင်ထုံးသာ ရှသည် မျိုးချစ်သောလျှို့ဝှက်ရေး တပ်သား တစ်ဦးပင်ဖြစ်ကြောင်း လျှို့ဝှက်စကားဖြင့် ပြောလိုက်၏။

သို့သော် ရှောင်ဝှာလင်းမှာ လီဝင်ထုံး၏စကားကို လုံးဝ နားမဝင်ဘဲ လီဝင်ထုံးကို ဆက်လက်၍ ဓားဖြင့် တိုက်ခိုက် နေပေသည်။

‘ဝှိုး ဝှိုး ဝှိုး’

‘ဖွစ် ချွင်’

လီဝင်ထုံးက သူ၏ဓားချက်များကို ရှောင်တိမ်းပေးရင်းမှ အော်ဟစ်ပြောလိုက်ပြန်သည်။

‘ဟေး မိန်းကလေး၊ ကျုပ်ဟာ လမှန်ရှောင်းတဲ့လူပါ၊ ကျုပ်ပြောတာကို မင်း ကြားဘူးလား’



www.burmeseclassic.com

www.burmeseclassic.com



ရွှောင်ဝှာလင်းက ဒေါသသံဖြင့်....

‘အို...ရှင့်ဘာသာ ဘာမှန့်ပဲ ရှောင်းရှောင်း ကျွန်မ ဂရုမစိုက်ဘူး၊ ရှင့်ကိုသတိရမှ ကျေနပ်နိုင်မယ်’

ပြောပြောဆိုဆိုနှင့် ရွှောင်ဝှာလင်းက ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

သူမ၏ မီခင်ကြီးက လှမ်း၍ အော်ဟစ် တားမြစ်လိုက်သည်။

‘ဟိတ် ရွှောင်ဝှာလင်း၊ ရပ်လိုက်စမ်း’

ရွှောင်ဝှာလင်းသည် မိခင်အိုကြီးကို ရိုသေကိုင်းရှိုင်းသူဖြစ်ပေရာ မိခင်အိုကြီး၏ အမိန့်ကို မလွန်ဆန်ဝံ့ဘဲ လီဝင်ထုံးကို မတိုက်ခိုက်ဘဲ ရပ်တန့်နေလိုက်ရလေသည်။

သို့သော် သူမသည် လီဝင်ထုံးကို မကျေနပ်သည့်အမူအရာဖြင့် စူးစိုက်၍ကြည့်ရှုနေဆဲပင် ဖြစ်၏။

ထိုအခါကျမှပင် လီဝင်ထုံးက အကျိုးအကြောင်း စုံလင်စွာ ရှင်းပြခွင့်ရခဲ့လေသည်။





‘ဒီလိုပါ အဒေါ်၊ ကျွန်တော်ဟာ ထိုက်တန်စမ်းဆောင်က စေလွှတ်လိုက်တဲ့ မျိုးချစ်ကိုယ်စားလှယ်ပါ’

လီဝင်ထုံးက သက်သေခံ တံဆိပ်ပြားများနှင့် တကွ ထိုသို့ပြော လျူအိုဆိုလိုက်လေသည်။ သို့ဖြင့် လျူအိုအသံချော ရှင်းပြ ပြောဆိုလိုက်ပါ ထပ်မံ ကာလိမ်ချုံ ဇာတိလမ်းနှင့် သစ္စာဖောက်မှုများကိုပါ ဖော်ထုတ် ရှင်းပြလိုက်၏။

‘လျူအိုဟာ ထိုက်တန်စမ်းဆောင်က ကိုယ်စားလှယ် အဖြစ် ဟန်ဆောင်လာခဲ့တာဟာ မရိုးသားပါဘူး။ သူ့ရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ရဲ့ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်တဲ့ အမည်စာရင်းကို လိမ်ပြီးယူဖို့ပါပဲ၊ အဲဒီကတည်းက လျူအို သစ္စာဖောက်ဖြစ်သွားပြီဆိုတာ သိသာထင်ရှားနေပါပြီ’

ထိုအခါမှပင် သားအမိနှစ်ဦးမှာ လျူအိုသည် သစ္စာဖောက် လူလိမ်တစ်ဦးဖြစ်ကြောင်း နားလည် သိရှိလိုက်မိကြ၏။

အဖယ်၍ဆိုသော် လျှို့ဝှက်အမည်စာရင်းသည် ရွှောင်ဝှာလင်း၏လက်တွင်း၌ရှိနေခဲ့ပါက လျူအိုကို ယုံကြည်စွာဖြင့် ပေးအပ်လိုက်မိမည် ဖြစ်ပေသည်။

ကံကောင်းထောက်မသဖြင့် သစ္စာဖောက် သူလျှို၏ လှည့်စားမှုကို မခံလိုက်ကြရခြင်းပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီဝင်ထုံးက လျှို့ဝှက်အမည်စာရင်းနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလိုက်သည်။

'ကဲ မိန်းကလေး၊ လျှို့ဝှက်အမည်စာရင်းဟာ ကျွန်တော်တို့ မျိုးချစ်အဖွဲ့ရဲ့ ကံကြမ္မာနဲ့ ပတ်သက်နေပါတယ်၊ အခု အဲဒီအမည်စာရင်း ဘယ်နေရာကို ရောက်နေပါသလဲ'

ရွှေခင်ဝှားကျင်းက…

'ကျွန်မ စောစောကပြောခဲ့သော အားလုံး အမှန်တွေချည်းပါပဲ၊ အမည်စာရင်းပါတဲ့ ပိုးပဝါဟာ ကျွန်မရဲ့အစ်ကို ရွှေခင်အိုကျင်းဆီမှာပါ'

ထိုစကားကို ကြားလိုက်ရသောအခါ၌ လီဝင်ထုံးမှာ တုန်လှုပ်၍သွားပြီး

'ဟာ…ဒါဆို ဒုက္ခပါပဲ၊ ပြဿနာတော့ ရှုပ်ကုန်ပြီ'

သူ၏စကားကြောင့် ရွှေခင်ဝှားလင်းက အံ့ဩစွာဖြင့် မေးလိုက်မိသည်။

'အို…ဘာဖြစ်လို့လဲရှင်'

လီဝင်ထုံးက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

'ဟင်…ခင်းရဲ့အစ်ကို ရွှေခင်အိုကျင်းကို မနေ့ညတုန်းက မန်ချူးတွေ ဖမ်းသွားတယ်ဆိုတဲ့သတင်း ကြားကြားရသေးဘူးလား'

'ရှင်….'

'ဘုရား….ဘုရား'





ရွှေခင်အိုကျင်းကို မန်ချူးများ ဖမ်းဆီးသွားကြောင်း ယနေ့မှပင် ရွှေခင်ဝှားလင်းတို့ ယားအေမိ သိကြရလေသည်။ သားအမိနှစ်ဦးမှာ အံ့ဩ တုန်လှုပ်စွာဖြင့် အတန်ကြာမျှ စကားမပြောနိုင်ခဲ့အောင် ဖြစ်သွားကြရလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ထိုနေ့ညဘက်၌....

ရှောင်ဝှာလင်းသည် ဘူမ၏အစ်ကို ရှောင်အိကျင်းကို ကယ်တင်ရန်အတွက် မန်ချူး စစ်သူကြီး ရယ်လီကျူး၏ စံအိမ်တော်အတွင်းသို့ ထိုးဖောက် ဝင်ရောက်ခဲ့လေသည်။

သူသည် ရန်သူ မန်ချူးများ၏ အင်အားကို သေချာစွာ တွက်ဆခြင်း မပြုဘဲ တစ်ဦးတည်း မိုက်မဲစွာ ဝင်ရောက်စွန့်စားခဲ့ခြင်းဖြစ်သည်။

နောက်ဆုံး၌မူ သူသည် အင်အား များပြားလှသည့် ရန်သူ မန်ချူးများ၏ ဖမ်းဆီးခြင်းကို ခံရလေတော့သည်။





ရှောင်အိကျင်း၏ ညီမဖြစ်သူ ရှောင်ဝှာလင်းကို ဖမ်းဆီးမိသည့်အတွက် စစ်သူကြီး ရယ်လီကျူးက အခြေအနေကို ချက်ချင်းပင် သုံးသပ် အကဲခတ်လိုက်မိလေသည်။

'ဟင်း....ဟင်း....ငါ့အကြံကောင်း သိကြရအောင်ပေါ့၊ အတော်ကို ခေါင်းမာပြီး အတင့်ရဲတဲ့ မိသားစုပါလား။ ရှောင်အိကျင်းတစ်ယောက်တည်းတင်မကဘူး၊ သူ့ရဲ့မိသားစုပါ ငါတို့ကိုတော်လှန်မယ့် မျိုးချစ်အင်အားစုတွေ ဖြစ်နေကြပါလား'

အိမ်၌ကျန်ရှိနေသေးသည့် ရှောင်အိကျင်း၏ မိခင်ကိုပါ လူလွှတ်ပြီး စစ်သူကြီး ရယ်လီကျူးက ဖမ်းဆီးခိုင်းလိုက်ပြန်လေသည်။

သို့နှင့်ပင်....

မိသားစု သုံးဦးစလုံး အချုပ်ခန်းအတွင်း၌ အတူအကွ ချုပ်နှောင်ထားခြင်း ခံကြရလေသည်။

မိခင်အိုကြီးကို မန်ချူးများ နှိပ်စက်မည့်အရေး တွေးတောမိ၍ ရှောင်အိကျင်းနှင့် ရှောင်ဝှာလင်းတို့ မောင်နှမနှစ်ဦးမှာ မိခင်အိုကြီး၏ ရှေ့မှောက်၌ စိုးရိမ်ပူပန်စွာ ငိုကြွေးမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို ရိပ်စားနားလည်လိုက်မိသည့် စစ်သူကြီး ရယ်လီကျူးသည် ကောက်ကျစ် ယုတ်မာသော အကြံအစည်တစ်ခုကို ကြံစည်လေတော့သည်။

စစ်သူကြီး ရယ်လီကျူးသည် ရွှေခင်အိကျင်း၏ မိခင်အိုကြီးကို ချုပ်ကိုင်လျက် အကျပ်ကိုင်ရန် ကြံစည်လိုက်ခြင်းပင် ဖြစ်လေသည်။

စစ်သူကြီး ရယ်လီကျူးက အေးတိအေးစက် ရယ်မောလျက် ရွှေခင်အိကျင်းကို အကျပ်ကိုင် ပြောဆိုလိုက်၏။

'ကဲ....ရွှေခင်အိကျင်း၊ ငါ့ရဲ့လက်ထဲမှာ မင်းတို့ရဲ့ မိခင်ကြီးရှိနေတယ်ဆိုတာကို မင်းနားလည်ရဲ့ပါတယ်၊ မင်းတို့ရဲ့ မိခင်အိုကြီး ဒုက္ခရောက်မှာ မမြင်ချင်ရင်တော့ လျှို့ဝှက်အမည်စာရင်း ဘယ်မှာဝှက်ထားသလဲဆိုတာကို အမှန်အတိုင်း ပြောပေတော့'

ရွှေခင်အိကျင်းအနေဖြင့် မျိုးချစ်တော်လှန်ရေးလုပ်ငန်း၌ ပါဝင်ခဲ့စဉ်ကတည်းကပင် လူ၏အသက်ကို ပေးလှူရန် ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။

ထို့ကြောင့် ရွှေခင်အိကျင်းက အေးတိအေးစက်ဖြင့်သာ တုံ့ပြန် ရယ်မောလိုက်လေသည်။





'ဟား ဟား ဟား ဟား'

ရွှေခင်အိကျင်းသည် သူ ထင်ထားသည်ထက်ပင် ရဲရင့်ပြတ်သားနေ၍ သတ္တိရှိသူ၊ စိတ်ဓာတ် ခိုင်မာသူ တစ်ဦး ဖြစ်ကြောင်း သိလိုက်ရသော်လည်း မန်ချူး စစ်သူကြီး ရယ်လီကျူးက နောက်ထပ်တစ်မျိုး လှည့်၍ ခြိမ်းခြောက် ပြောဆိုပြန်လေသည်။

'ဒီမှာ ရွှေခင်အိကျင်း မမိုက်ချင်စမ်းပါနဲ့ကွာ၊ မင်းလဲ သာမန်ရိုးရိုး ပုထုဇဉ် လူသားတစ်ဦးပါပဲ၊ ဒီတော့ မင်းမှာ အသက်နှစ်ချောင်း မရှိဘူး'

ရွှေခင်အိကျင်းက တစ်ချက်မျှ ဒလှစပ်ပြောင် ရယ်မောလိုက်၏။

'ဟား ဟား ဟား ဟား စစ်သူကြီးပြောတာ မှန်ပါတယ်၊ ပုထုဇဉ် လူသား အားလုံးဟာ အသက်တစ်ချောင်းစီပဲရှိကြပါတယ်၊

'...ဒါပေမယ့် ကျုပ်တို့ရဲ့ အသည်းနှလုံးဟာ သံမဏိသက်သို့ပြီး မာကျောတယ် ဆိုတာကိုတော့ စစ်သူကြီး နားလည်နိုင်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မိခင်အိုကြီးကို ဖမ်းဆီးချုပ်နှောင်ထားသည့် အဖြစ်ကို မြင်တွေ့ရသဖြင့် သမီးဖြစ်သူ ရွှေဝင့်လင်းမှာမူ စိတ်ကို မထိန်းချုပ်နိုင်ဘဲ ဝမ်းနည်းစွာဖြင့် ငိုရှိုက်လိုက်မိလေသည်။

မိခင်အိုကြီးသည် သမီးဖြစ်သူနှင့် သားဖြစ်သူကိုကြည့်၍ စိတ်ကူးတစ်ခုရ၍ ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက်....

စစ်သူကြီး ရယ်လီကျုံးကို လှမ်း၍ပြောလိုက်လေသည်။

'ကဲ စစ်သူကြီးသိချင်တဲ့ကိစ္စကို ထိန်ချန်မထားပဲ ဖွင့်ပြောပြပါမယ်'

စစ်သူကြီး ရယ်လီကျုံးမှာ လျှို့ဝှက်အချက် စာရင်းကို ရတော့မည်ဟု ထင်မှတ်၍ ဝမ်းသာအားရ ဖြစ်သွားသည်။

'တား တား ဟား၊ ဒီလိုမှပေါ့'

ချက်ချင်းဆိုသလိုပင် စစ်သူကြီးရယ်လီကျုံးက ချုပ်နှောင်ထားသည့် အဘွားအိုကို လွှတ်ပေးရန် အမိန့်ပေးလိုက်၏။

သူတို့၏ မိခင်အိုကြီးသည် မျိုးချစ်အဖွဲ့အပေါ်၌မည်သည့်နည်းနှင့်မျှ သစ္စာဖောက်လိမ့်မည်မဟုတ်ကြောင်း မောင်နှမ နှစ်ဦးစလုံး ခိုင်မြဲစွာ ယုံကြည်ထားမိကြ၏။

သို့သော်—

သူတို့၏ မိခင်အိုကြီးသည် စစ်သူကြီး ရယ်လီကျုံးအား





မည်သည့်အကြောင်းအရာကို ပြောပြလိမ့်မည်နည်းဟုအံ့အားသင့်စွာ တွေးတော၍ လှမ်းကြည့်မိကြသည်။

ဆုံးဖြတ်ချက် ခိုင်မာစွာချထားပြီး ဖြစ်သည့် မိခင်အိုကြီးသည် သားနှင့်သမီးကို နောက်ဆုံးအနေဖြင့် တစ်ချက်မျှ ကြည့်လိုက်သည်။

ထို့နောက်....

အဘွားအိုသည် သူမ၏ရှေ့တည့်တည့်တွင် ရှိနေသော စစ်သားတိုင်ကြီးနှင့် ပြေး၍ဆောင့်လိုက်လေသည်။

'ခွပ်'

ခေါင်းအကွဲကွဲ မောင်နှမအနေဖြင့် သူတို့၏မိခင်အိုကြီး ယခုကဲ့သို့ ပြုလုပ်သွားလိမ့်မည်ဟု လုံးဝမထင်မိကြပေ။

ရန်သူမန်ချူးများကိုယ်တိုင်ပင်လျှင် ငေးငိုင်သွားကြပေသည်။

ရဲရင့်ပြတ်သားလှသည့် အဘွားအိုသည် မျိုးချစ်စိတ် ပြင်းထန်လှန်းလှပေသည်။

အဘွားအိုသည် သူမ၏ဦးခေါင်းကို ဖြည်းညင်းစွာ မော့၍ကြည့်လိုက်၏။

သူမ၏မျက်နှာပေါ်၌ သွေးများဖြင့် စွန်းထင်းလျက် ရှိနေပေသည်။

အဘွားအိုသည် ချည့်နဲ့ တုန်ယင်နေပေသည်။

'သမီးလေး'



www.burmeseclassic.com

'အို…ဖြစ်ချင်ဖြစ်ရစေ အဒေခရယ်'

မရွှေဥာလင်းသည် တသိမ့်သိမ့် ရှိုက်၍ ငိုကြွေးလိုက်မိ၏။

ရှောင်အိကျော်းမှာမူ အံကို တင်းတင်း ကြိတ်ထားလိုက်မိလေသည်။

စစ်သူကြီး ရယ်လီအုံး၏ အဘွားအို ယခုကဲ့သို့ သူ့ကိုယ်ဘွဲ့ သတိအဆွဲခြင်းအတွက် အနည်းငယ်မျှပင် တုန်လှုပ်ပုံမပြခပေ။

သူနှင့် လုံး၀ မသက်ဆိုင်သကဲ့သို့ အေးတိအေးစက်ဖြင့် ရယ်မောလိုက်သည်။

'ဟား ဟား ဟား ဟား'

ထိုသို့ရယ်မောရင်း ရှောင်အိကျော်း၏ အနီးသို့ ချဉ်းကပ်၍ လာ၏။

ရှောင်အိကျော်းက ဒေါသခဲပ်တင်းတင်းဖြင့်….

'ကဲ…ခင်ဗျား ဘာလုပ်ချင်သေးလဲ'

စစ်သူကြီးရယ်လီအုံးက မဲ့ပြုံးအစ်ချက် ပြုံးလိုက်ပြီး….

'ငါ့ကြောင့် မင်းတို့ကိုမြားမိုးရွာပြီးသတ်မစ်ခဲ့ယ်လို့ ဆုံးဖြတ်လိုက်ပြီ'

'ဟား ဟား ဟား ဟား'

ရှောင်အိကျော်း၏ ဟက်ဟက်ပက်ပက် ရယ်မောသံက





အချုပ်ခန်းအတွင်း၌ ကျယ်လောင်စွာ ပေါ်ထွက်၍ လာလေသည်။

မျိုးချစ်တော်လှန်ရေး တပ်သားများအနေဖြင့် သေခြင်းတရားသည် ထူးဆန်းလှသည့်အရာ မဟုတ်ပါချေ။

—— —— —— ——

* * *

www.burmeseclassic.com

## အခန်း (၂၄)

အကျဉ်းထောင်များအား ကြိုးပေးကွပ်မျက်သည့် ကွင်းပြင်ကျယ်ကြီးအတွင်း၌ ဖြစ်ပေသည်။

ကွင်းပြင်ကြီးအတွင်း၌ လူသူကင်းရှင်း ထိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။

ထိုအချိန်မှာပင်—

နေပြင်းစက်ချက်က ငွေ့ထမ်း တိုက်ခတ်လိုက်သဖြင့် ကွင်းပြင်တစ်ခုလုံး ထဲမျှ၊ ဖုန်များဖြင့် လွှမ်းခြုံ၍ သွားပေသည်။

ထိုစဉ်—





မန်ချူးစစ်သည် တပ်စုနှင့်စုသည် တန်းစီလျက် ကွင်းပြင် အတွင်းသို့ ဝင်ရောက်လာကြ၏။

ပတ်ဝန်းကျင်အနှံ့၌ နေရာဖြန့်၍ ရပ်တန့်လျက် လုံခြုံရေး တာဝန်ကို ယူလိုက်ကြ၏။

ခေတ္တမျှအကြာတွင်....

ရှေ့ခင်ဆိုကျောင်းနှင့်ရှေ့ခင်စိုးလင်းတို့ မောင်နှမနှစ်ဦးအား ကြိုးများဖြင့် သေချာစွာချည်နှောင်လျက် ကွင်းပြင်အလယ် သို့ တွန်းထိုး၍ ထုတ်လာသည်။

မောင်နှမနှစ်ဦးစလုံးမှာ တုန်လှုပ်ခြင်းလုံးဝမရှိဘဲ ပကတိ အေးဆေးတည်ငြိမ်စွာဖြင့် လိုက်ပါလာကြ၏။

တိုင်းပြည်အတွက် အသက်စွန့်ရခြင်းသည် မြတ်သော အသက်စွန့်ရခြင်းဖြစ်၍ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျှင်း မဖြစ်မိကြပေ။

မောင်နှမနှစ်ဦးစလုံးသည် စွန့်လွှတ်စွန့်စားရဲသော သံမဏိ စိတ်ဓာတ် အပြည့်အဝ ရှိကြသူများပင်ဖြစ်သည်။

စစ်သူကြီး ရယ်လီကျူးသည် မောင်နှမနှစ်ဦးအား မေး-



www.burmeseclassic.com

www.burmeseclassic.com



ခက်ချွတ်လိုက်ပြီဖြစ်ခဲ့သဘီသည်။ နေခက်ဆိုး၊ ကြိုး၊စာ၊ သည့်အနေဖြင့် သူတို့နှစ်ဦးအား ထပ်မံ၍မေးမြန်း လိုက်ပြန်သည်။

'ကဲ မင်းတို့နှစ်ယောက်အား သူလျှို အမည်စာရင်းကိုထုတ် ပေးခဲ့သော အသက်ချမ်းသာခွင့်ပေးမယ်၊ ပြီးတော့မင်းတို့ မောင်နှမနှစ်ယောက်စလုံးကို ပြန်လွှတ်ပေးလိုက်မယ်'

ရှောင်အိကျွင်းက ရဲရဲပြုံးသားစွာ ပြန်လည်တုံ့ပြန်လိုက်၏။

'ဒီမှာ စစ်သူကြီး၊ ကျုပ်တို့က စကားနှစ်မျိုး မပြောတတ်ဘူး၊ ခင်ဗျားတို့ မိန်းချူးတွေသာ မျက်ကန်းမီးမှုတ်ကိုင် ဆလို ဘာမှန်းမသိဘဲ ဖြစ်နေကြတာ'

စစ်သူကြီး ရုယ်လီကျုံးသည် ဆွေ့ဆွေ့ခုန်မျှ ဒေါသ ထွက်သွားလေသည်။

'တောက်...မင်းတို့က ခေါင်းမာလှချည်လား'

စစ်သူကြီးရုယ်လီကျုံးသည် ခြေသံပြင်းပြင်း နင်းလျက် ရှောင်အိကျွင်းတို့ မောင်နှမနှစ်ဦးအနီးမှ ခွာသွားသည်။





ထို့နောက် လေးသည်တော်များကို ပစ်ခတ်ရန် လက်ဖြင့် အချက်ပြလိုက်၏။

လေးသည်တော်များသည် လေးညှို့များကို တင်းမနေအောင်ဆွဲလျက် ရှောင်အိကျွင်းနှင့် ရှောင်ဝှာသင်းတို့ကို ချိန်ရွယ်လိုက်ကြသည်။

မောင်နှမ နှစ်ဦးစလုံးသည် သေခြင်းတရားနှင့် ရင်ဆိုင်နေရသော်လည်း လုံးဝ ဦးမညွှတ်မိကြပေ။

စစ်သူကြီး ရုယ်လီကျုံး၏ လက်ကောက်ဖြစ်သူက ကျယ်လောင်စွာ အော်ဟစ် အမိန့်ပေးလိုက်သည်။

'စစ်သူကြီးရဲ့ အမိန့်အရ အကျဉ်းသား နှစ်ယောက်ကို မြားမိုးရွာပြီး ပစ်သတ်ကြ'

ထိုအချိန်မှာပင်...

ရှူးဖုန်းစုန်း ပုံစံ ပေါက်နေသည့် လူတစ်ဦး ကွင်းပြင်အတွင်းသို့ ရုတ်တရက် လွှားခနဲ ခုန်ဝင်လာလေသည်။

ထိုသူဖုန်းစုန်း၏ လှုပ်ရှားမှုမှာ ပေါ့ပါး သွက်လက်မြန်ဆန်လွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့…ခင်းတို့ထင်အရှိ လုပ်လို့မရဘူးကွ'

'ဟူး ဟူး'

'ဝှီး ဝှစ် ရှစ်'

သူဖုန်းစားဏီ ကိုယ်ဖော့ပညာနှင့် သိုင်းပညာမှာ လှုနိုရှမှုဗင် မြင့်မားနက်ရှိုင်း လှုနိုးလှပေသည်။

သူဖုန်းစားသည် လျှပ်တစ်ပြက် အချိန် အတွင်း မှာ ပင် လေးသည်တော်(၁၀)ဦး ကျော်ကျော်အား သူ၏ သိုင်းပညာဖြင့် သတိဖြတ်ပစ်လိုက်လေသည်။

စစ်သူကြီး ရယ်လီကျုံးသည် သူဖုန်းစားကို လှမ်းကြည့်ပြီး ထိတ်ထိတ်ပျာပျာဖြင့် အမိန့်ပေးလိုက်၏။

'ဟေ့ကောင်တွေ အဲဒီ သူဖုန်းစားကို မိအောင် ဖမ်းကြစမ်း'

သူဖုန်းစားက ဝိုင်းဝန်း တိုက်ခိုက်လာသည့် မန်ချူးစစ်သည်များကို ရက်စက်ပြင်းထန်စွာ တိုက်ခိုက်နေလေသည်။

'ဟိတ်'





'ကျွား'

'ဝှီး ဝှီး ရှစ်'

'ချွင် ချွင် ချွမ်း'

'အား'

'အင်…အီး'

မန်ချူးစစ်သည်များနှင့် သူဖုန်းစားတို့ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားနေသည်ကို အခွင့်ကောင်းယူ၍ ရွှေဒင်အိကျင်းက ညီမဖြစ်သူကို ချက်ချင်းပင် ပြောလိုက်သည်။

'ဗီမှာ ညီမလေး၊ ငါတို့ရဲ့ လျှို့ဝှက်အမည်စာရင်း ပိုးပဝါစကို သချိုင်းကုန်းက အနက်ရောင်အုတ်ဂူကြီးရဲ့ ကွဲအက်နေတဲ့ ကမ္ပည်းကျောက်ပြားရဲ့အောက်မှာ ဖွက်ထားခဲ့တယ်၊ ငါ့ညီမက အဲဒီ ပိုးပဝါစကို သွားယူပေးစော့'

အစ်ကိုဖြစ်သူကို စိတ်မချနိုင်သော ရွှေဒင်ဗုံးမေင်းက စေ့ဒကတက်လိုက်သည်။

'ဒါဆို အစ်ကိုတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာလား'

ရွှေဒင်အိကျင်းက အေးဆံဆယ်ဆတ်ဖြင့်…

'ဟေ့…ငါ့ကို ဂရုစိုက်စရာ မလိုဘူး၊ ငါခိုင်းတဲ့အတိုင်းသာ မြန်မြန်လုပ်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်တော်လှန်ရေးလုပ်ငန်း လုပ်ကိုင်နေကြစဉ် အချို့ အားလုံးအသေခံ၍ မဖြစ်ကြောင်း ရှောင်ဝိုင်လင်း နားလည်မိသည်။

သို့နှင့်ပင် သူမသည် တိုက်ပွဲဖြစ်ပွား၍ ရှုပ်ထွေးနေသည့် အခြေအနေကြားမှ အခွင့်ကောင်းယူ၍ ထိုးဖောက် ထွက်ပြေးသွားလေတော့သည်။

သို့သော် အထပ်ထပ် ဝန်းရံထားသည့် ရန်သူများကြားမှ ထိုးဖောက် ထွက်ပြေးရေးကိစ္စမှာ ထင်သလောက် မလွယ်ကူလှပေ။

ထိုအချိန်မှာပင် သူဖုန်းစားက ရှောင်ဝိုင်လင်း၏နောက်မှ ပြေးလွှားလိုက်ပါသွားသည်။

နောက်ဘက်၌ ကျန်ရစ်ခဲ့သော ရှောင်အိုကျင်းသည် သူတို့၏ နောက်မှလိုက်ပါသွားရန် ဟန်ပြင်လိုက်၏။

သို့သော် လက်မဆင်ကလေး အချိန်နှောက်ကျ သွားခဲ့ပေပြီ။

မန်ချူးစစ်သည်များက ရှောင်အိုကျင်း၏ ပြေးပေါက်ရှိသမျှကို ပိတ်ဆို့ထားဆီးထားပြီးသား ဖြစ်နေပေပြီ။

ရှောင်အိုကျင်းသည် အသေခံ၍ ရန်သူများကို တိုက်ခိုက်သွားရန်ဆုံးဖြတ်လိုက်၏။





'ဟိတ်'

'ကျား'

'ဝှစ် ဝှစ် ဝှီး'

'ချွမ် ချွင် ချွမ်း'

'ဟူး ဟူး ဟူး'

'အား- အီး'

'အင့်'

'အမယ်လေး'

ရှောင်အိုကျင်းသည် မနားတမ်း ဖြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုကြောင့် မန်ချူးစစ်သည် အများအပြား သေဆုံးသွားကြသည်။

နောက်ဆုံး၌မူကား တစ်ယောက်တည်း သာခါးဖြစ်သည့် ရှောင်အိုကျင်းမှာ ခြေကုန်လက်ပန်းကျ၍လာ၏။

သူ၏ တိုက်ခိုက်မှုများမှာ နှေးကွေးလေးလံ၍ လာသည်။ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးပေါ်၌လည်း ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နှက်၍နေပြီး သွေးများဖြင့် နီရဲလျက်ရှိသည်။

ရှောင်အိုကျင်းသည် အံကိုတင်းတင်းကြိတ်လျက် မန်ချူးများကို တိုက်ခိုက်ရင်းဖြင့် ကျဆုံးသွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်ချူးစစ်သူကြီး၊ ရယ်လီကျုံးသည် ထိုင်ခုံတစ်လုံးရှိ ထိုင်လျက် ကျေနပ်အားရစွာဖြင့် ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား ဟား'

..... ..... ..... ..... .....

* * *



## အခန်း (၂၅)

ရှောင်ဝှာလင်းကား ရန်သူမန်ချူးများလက်မှ ထိုးဖောက် လွတ်မြောက် ထွက်ပြေးလာနိုင်ခဲ့၏။

သူမ၏နောက်မှ သူဖုန်းစားက ထက်ကြပ်မကွာ ပြေးလွှား လိုက်ပါလာခဲ့သည်။

သူမသည် အစ်ကိုဖြစ်သူ ရှောင်အိုကျင်း ပြောခဲ့သည့် အတိုင်း လျှို့ဝှက်အမည်စာရင်း ပိုးပဝါစကို ပြန်လည် ရယူနိုင်ရန်အတွက် သချိုင်းမြေဆီသို့ ဦးတည်၍ ပြေးလွှားလာခဲ့သည်။

ထိုသို့ပြေးလွှားရင်း အနက်ရောင် အုတ်ဂူကြီးကို ရှာဖွေတွေ့ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွဲအက်နေသော ထမ္မည်းကျောက်ပြားကိုပါ တွေ့လိုက်ရသည်။ ကျောက်ပြားအောက်မှ မိုးပဝါစကို ထုတ်ယူလိုက်သည်။

ထိုအချိန်မှာပင်—

သူ့ခါးအနီးသို့ သူဖုန်းစားရောက်ရှိလာပြီး မိုးပဝါစကို လှမ်းယူလျက် ခေတ္တမျှ လေ့လာကြည့်ရှုလိုက်သည်။

ထို့နောက် သူဖုန်းစားသည် မျိုးချစ်တစ်ဦး၏ ဟန်ပန်အမူအရာမျိုးဖြင့် ရှေ့င်ဝှယင်းကို ပြောဆိုလိုက်သည်။

'ဦးနော တူမလေး၊ ကျုပ်ဟာလိုက်ဟန်စမ်းတောင်အရှေ့စနှင့်တစ်ခုရဲ့ ကိုယ်စားလှယ် မျိုးချစ်တစ်ဦးပါ၊ ဦး လျှို့ဝှက်အမည်စာရင်းကို ရဖို့အတွက် စောင့်နေတာ အတော်ကြာသွားပြီ၊

'....ဟဲ—ကျုပ်မှာ တာဝန်တွေရှိသေးလို့ သွားတော့မယ်၊ ကျုပ်တူမလေးလဲ ဟော့မင်ဟူမြို့ကို လာစရာ မလိုတော့ပါဘူး'

ရှေ့ခင်စွာလင်းက ခေါင်းခါလိုက်ပြီး....





'အို—ကျွန်မ ဒီနေ့ မပြန်လို့ ဖြစ်ပါ့မလား၊ ကျွန်မရဲ့ အဖေနဲ့ အစ်ကိုရဲ့ သွေးကြွေးကို ပြန်ဆပ်ဦးမယ်'

သူဖုန်းစားက နူးညံ့သိမ်မွေ့သော လေသံဖြင့် နှစ်သိမ့်စကား ပြောလိုက်သည်။

'အင်း ...ဒီကိစ္စတွေအတွက် ဝမ်းနည်းမနေပါနဲ့ တူမရယ်၊ ဒီအချိန် ဒီကာလမှာ လူတိုင်းကိုယ်စီကိုယ်ငှ သွေးကြွေးတွေ ရှိနေတာချည်းပါပဲ၊ တို့ရဲ့ အမိမြေကို ကျူးကျော်ခံရတဲ့ ရန်ကြွေးနဲ့ ပုဂ္ဂလိက ရန်ငြိုးရန်ကြွေးတွေကို တစ်နေ့မှာ ပြန်ဆပ်ခွင့် ကြုံလာပါလိမ့်မယ်'

ထိုစဉ်မှာပင်....

ဓားပျံတစ်လက်သည် လေထုထဲမှ လျှင်မြန်စွာ ပျံဝဲ၍ သူဖုန်းစားထံသို့ ဝင်ရောက်လာ၏။

'ဝှီး ဝှစ်'

'ဒုတ်'

'အား'



www.burmeseclassic.com

www.burmeseclassic.com



သူဖုန်းစားမှာ ရူးရှနာကျင်စွာ အော်ဟစ်လျက် မြေပြင်ပေါ်သို့ လဲကျသေဆုံးသွားလေသည်။

ရှောင်ဝှာလင်းသည် ဓားပျံဖြင့် ပစ်ခတ်လိုက်သူကို လှမ်း၍ ကြည့်လိုက်မိ၏။ ထိုအခါတွင် အုတ်ဂူများကြားမှ ထွက်လာသော လီဝင်ထုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ရှောင်ဝှာလင်းသည် လီဝင်ထုံးအား နားမလည်နိုင်သော အကြည့်၊ အံ့ဩသောအကြည့်ဖြင့် ကြည့်နေမိသည်။

လီဝင်ထုံးက လှမ်း၍ သတိပေးစကား ပြောသည်။

'ဒီမှာ ရှောင်ဝှာလင်း၊ နေရာတိုင်းမှာ အထူးသတိထားမှ ဖြစ်လိမ့်မယ်၊ ရန်သူ မန်ချူးတွေဟာ သိပ်ပြီးတော့ ယုတ်မာ ကောက်ကျစ်၊ ဉာဏ်များတယ်၊

'....ဟောဒီ သူဖုန်းစားဟာ စစ်သူကြီး ရယ်လီကျုံးရဲ့ နောက်လိုက်ခွေးတစ်ကောင်ပဲ'

ရှောင်ဝှာလင်းမှာ သူဖုန်းစားကို ကယ်တင်ရှင် လူစွမ်းကောင်းဟု ထင်မှတ်ယုံကြည်ခဲ့မိသည်။

ထို့ကြောင့် လျှို့ဝှက်အမည်စာရင်း ပိုးပဝါစကိုပင် ယုံကြည်စွာဖြင့် ပေးအပ်လိုက်မိသည်။





ကံကောင်းထောက်မသဖြင့် စစ်သူကြီး ရယ်လီကျုံး၏လူ ဖြစ်နေသည့် သူဖုန်းစားလက်သို့ ပါမသွားခြင်းပင်ဖြစ်သည်။

သို့သော် ရှောင်ဝှာလင်းသာ ကောင်းစွာသဘောမပေါက်နိုင်သဖြင့် မေးမြန်းလိုက်မိသည်။

'ဒီ သူဖုန်းစားဟာ မန်ချူးစစ်သူကြီးရဲ့လူ ဖြစ်နေတာကို ရှင် ဘယ်လိုသိထားသလဲ'

လီဝင်ထုံးက တည်ငြိမ်စွာဖြင့် သဘာဝကျကျ ရှင်းပြလိုက်၏။

'ဒီကိစ္စကို ငါတွေ့မှပဲ သေသေချာချာ စဉ်းစားကြည့်စမ်း၊ မန်ချူးစစ်သူကြီးရယ်လီကျုံးဟာ သိုင်းပညာ မြင့်မားသလို ဉာဏ်မြင့်တဲ့ လူဆိုးကောက် ဖြစ်တယ်၊ သူ့ရဲ့အောက်မှာလဲ သူ အားကိုးအားထားပြုရတဲ့ သိုင်းသမားတွေ မနည်းဘူး၊ ဒီတော့ ဟောဒီ သူဖုန်းစားတစ်ယောက်တည်းနဲ့ မင်းတို့ကို ဝင်ပြီး အလွယ်တကူ ကယ်နိုင်ပါ့မလား'

ထိုအခါကျမှပင် ရှောင်ဝှာလင်းသည် မန်ချူးစစ်သူကြီး ရယ်လီကျုံး၏အကြံအစည်ကို ရိပ်စားမိတော့သည်။

စစ်သူကြီးရယ်လီကျုံးသည် လျှို့ဝှက် အမည်စာရင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရရှိနိုင်ရန်အတွက် သူ့ဖုန်းစားတို့ ကယ်ဆင်ရှမီ ဖြစ် ဟန်ဆောင်၍ လှုပ်ဇာတ်ခင်းပြီး ကြိုးစားခြင်း အစ်ရပ်သာ ဖြစ်ကြောင်း ရွှေဝင်ဝှာလင်း သဘောပေါက်မိလေသည်။

* * *

သချိုင်းတစ်ခုပြင်မြေမှ ထွက်ခွာရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ခွပ် ခွပ် ခွပ်'

'ဖြောင်း ဖြောင်း ဖြောင်း'

'ဟား ဟား ဟား ဟား'

'ဟေ့....ရပ်လိုက်စမ်း'





မြင်းကိုယ်စီ စီးနင်းလျက် စစ်သူကြီး ရယ်လီကျုံးနှင့် မန်ချူးစစ်သားများ အလုံးအရင်း ရုတ်တရက် ရောက်ရှိလာကြသည်ကို တွေ့လိုက်ကြရသည်။

ရွှေဝင်ဝှာလင်းနှင့် လီဝင်ထုံးတို့နှစ်ဦးမှာ ပြေးပေါက်မရှိလောက်အောင်ပင် အခက်အခဲတွေ့သွားကြရသည်။

သူတို့၏အနီးသို့ ရောက်ရှိလာပြီဖြစ်သည့် မန်ချူးစစ်သူကြီး ရယ်လီကျုံးက အောင်ဟန်အမိန့်ပေးလိုက်၏။

'ဟေ့ ရွှေဝင်ဝှာလင်း၊ လျှို့ဝှက်အမည်စာရင်းကို ထုတ်ပေးစမ်း'

ရွှေဝင်ဝှာလင်းက လေသံခပ်မာမာဖြင့် ခနဲ့၍ ပြောလိုက်သည်။

'ဟင်း ဟင်း.... လျှို့ဝှက်အမည်စာရင်း ရဖို့အရေးက ရှင့်အနေနဲ့ အိပ်မက်တောင် မမက်နေပါနဲ့'

စစ်သူကြီး ရယ်လီကျုံး၏ မျက်နှာမှာ ချက်ချင်းပင် တင်းမာခက်ထန်သွားသည်။

'မင်းတို့ ငါ့လက်ကနေ လွတ်အောင်မပြေးနိုင်ပါဘူး။



www.burmeseclassic.com

ဒီမှာ ရွှေခင်ဝှာလင်း၊ နင်က ငရဲပြည်ကိုသွားပြီး နင့်အမေနဲ့ နင့်အစ်ကို ကို တွေ့ချင်နေတာလား'

'တောက်...လူယုတ်မာကြီး'

ရွှေခင်ဝှာလင်းမှာ စစ်သူကြီးရယ်လီကျုံးကို နှုတ်နှုတ်စင်းပင်ချင်သည်အထိ ဒေါသထွက်သွားမိရလေသည်။

အခြေအနေမကောင်းမှန်း ရိပ်စားမိသော လီဝင်ထုံးသည် ရန်သူမန်ချူးများ၏ ဝန်းရံထားခြင်းမှ ထိုးဖောက် လွတ်မြောက်နိုင်မည့် နည်းလမ်းကို ရှာဖွေကြံဆနေမိပေသည်။

လီဝင်ထုံးက...

'တူမလေး ဗိုလ်ကောင်တွေကို အနာခံပြီး ပြန်တိုက်ကြဖို့ပဲ ရှိတော့တယ်'

လီဝင်ထုံးနှင့် ရွှေခင်ဝှာလင်းတို့သည် မန်ချူးများကို ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်လိုက်ကြသည်။

'ဟိတ်'

'ကျား'





'ဝှီး ဝှီး ဝှစ်'

'ရှမ်း ရှမ်း ချမ်း'

လီဝင်ထုံး၏ စကြာပုန်းကြဲ ဓားသိုင်းကွက်မှာ လျှပ်စီးလက်သည့်နှယ် ပြင်းထန် မြန်ဆန်လှပေသည်။

လီဝင်ထုံးနှင့် ရွှေခင်ဝှာလင်းတို့၏ ဓားချက်များကြောင့် မန်ချူးစစ်သား အများအပြား သေဆုံးသွားကြရသည်။

ထိုသို့ ပြင်းထန်စွာ တိုက်ခိုက်ကြရင်းနှင့်ပင် တိုက်ပွဲအတွင်းသို့ မန်ချူးစစ်သူကြီး ရယ်လီကျုံးကိုယ်တိုင် စစ်ရှောက်တိုက်ခိုက် လာခဲ့လေတော့သည်။

စစ်သူကြီး ရယ်လီကျုံးကား ထိပ်တန်းအဆင့်မြင့် သိုင်းပညာရှင်တစ်ဦးဖြစ်ပေရာ သူ၏ သိုင်းပညာမှာ လွန်စွာမှပင် မြင့်မားနက်ရှိုင်းလျက် ရှိနေပေသည်။

လီဝင်ထုံး၏ ပြင်းထန် မြန်ဆန်သော ဓားချက်များကို စစ်သူကြီးရယ်လီကျုံး အေးဆေးစွာပင် ရင်ဆိုင်ခုခံလိုက်၏။

လီဝင်ထုံး၏ ခုတ်ပိုင်းချလိုက်သည့် ဓားချက်ကို ရယ်လီကျုံးက အသာအယာ တိမ်းရှောင်ပေးလိုက်ပြီး သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူသည့် လက်ချောင်းများဖြင့် လီဝင်ထုံး၏ ခေါးသွားကို ချတ်ခနဲ ဖမ်းညှပ်ထားလိုက်သည်။

'ဟိတ်'

'ယား'

စစ်သူကြီး ရယ်လီကျူး၏အတွင်းအားမှစ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ပစ် မြင့်မားနက်ရှိုင်းလျက် ရှိမှန်း လီဝင်ထွံး သိရှိလိုက်ရသည်။

လီဝင်ထုံးသည် ဖမ်းညှပ်ထားခြင်းခံရသော သူ၏ခေါးကို ပြန်၍ ဆွဲထုတ်မရနိုင်သည့် အခြေအနေသို့ ရောက်သွား၏။

လီဝင်ထုံးသည် စူးရှကျယ်လောင်စွာ မခန့်သင်း အော်ဟစ်လျက် ယပ်မံပြီး သူ၏ခေါးကို အနောင်အဖွဲ့မှ ဆွဲထုတ်လိုက်သည်။

'ဟိသ'

'ထွား'

ထိုအခါမှပင် လီဝင်ထုံး၏ ခေါးသွားသည် စစ်သူကြီး





ရယ်လီကျူး၏ လက်ချောင်းများကြားမှ လွတ်ထွက်လာနိုင်ခဲ့သည်။

သို့နှင့်ပင် နှစ်ဦးသား အပြင်းအထန် ရင်ဆိုင် တိုက်ခိုက်မိကြလေသည်။

'ဟွား ဟွား ဟွား'

'ဝှီး ဝှီး ဝှစ်'

'ချွမ် ချွင် ချွမ်း'

လီဝင်ထုံးနှင့် ရှောင်ဝှာကျောင်းတို့ နှစ်ဦးမှစ အင်အားများပြားလှန်းသည့် ချန်သူများကို ခုခံ ယှဉ်ခိုက်နေရသဖြင့် ရေရှည်တိုက်ခိုက်သည့်အခါ၌ ဒုက္ခတွေ့ဘတော့မည်ဖြစ်ကြောင်း ကြိုတင်သိရှိထားကြသည်။

တိုက်ခိုက်ရင်းမှပင်—

လီဝင်ထုံးက ရှောင်ဝှာလင်းကို မသိမသာ အချက်ပြလိုက်သည်၊ လီဝင်ထုံး၏ အချက်ပြမှုကို တွေ့လိုက်ရသော ရှောင်ဝှာလင်းသည် အနီးရှိ ကျောက်ခဲများကို ဆတ်ခနဲ ကောက်ယူလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြေးပြား ဒင်္ဂါးလက်နက်ပွန်း ပစ်ခတ်သည့် နည်းဖြင့် မန်ချူးများထံသို့ ဝေ့ယမ်းပစ်ခတ်လိုက်သည်။

'ဝှီး ဝှီး'

'ဝှစ် ဝှစ် ဝှစ်'

ရွှေခင်ဝှာလင်း၏ ပစ်ခတ်မှုကြောင့် မန်ချူး စပါယ်များမှာ ထိခိုက်ဒဏ်ရာရသူ အများအပြား ဖြစ်သွားကြပြီး နောက်သို့ ဆုတ်သွားကြသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ရွှေခင်ဝှာလင်းသည်း ထိုးဖောက်ထွက်ပြေးသွားလေသည်။

စစ်သူကြီး ရယ်လီကျုံးက ဓားကို မျက်ခြည်ပြတ်မခံဘဲ လှမ်း၍ အော်ဟစ်လိုက်သည်။

'ဟိတ်... ခွေးမလေး၊ နင် ဒီလို လွယ်လွယ် ပြေးလို့ လွတ်မယ်ထင်နေသလား'

ရယ်လီကျုံးသည် ရွှေခင်ဝှာလင်း၏နောက်သို့ ဝေါခနဲ ခုန်ပျံ၍ လိုက်သွားလေသည်။

'ဟူး ဟူး ဟူး'





သိုင်းပညာ အရည်အချင်း ကွာခြားလွန်းသဖြင့် ရယ်သကျုံးက ရွှေခင်ဝှာလင်းကို အလွယ်တကူပင် ဖမ်းဆီးမိလိုက်သည်။

ရွှေခင်ဝှာလင်း ဖမ်းဆီးခြင်း ခံလိုက်ရသဖြင့် လီဝင်ထုံးသည် ဖြတ်ထို ဉာဏ်သုံးလျက် ရယ်လီကျုံးကို လှမ်း၍ပြောလိုက်သည်။

'ဒီမှာ စစ်သူကြီး၊ ခင်ဗျား လိုချင်တဲ့ လျှို့ဝှက်အမည်စာရင်းက ဟောဒီမှာ'

ရယ်လီကျုံးအနေနှင့် လျှို့ဝှက် အမည်စာရင်း မည်သူ့ထံ၌ ရှိနေသည်ကို သေချာပေါက်အပ်မသိပေ။ လီဝင်ထုံးနှင့် ရွှေခင်ဝှာလင်းတို့ နှစ်ဦးကျိတ်၍ တိုင်ပင်နေသည်ကိုမူ တွေ့မြင်ထားခဲ့သည်။

ထို့ကြောင့် ရယ်လီကျုံးသည် ပင်ကိုယ် စိတ်ဓာတ်အရ ဉာဏ်နီဉာဏ်နက်များသူ ပရိယာယ်များသူတစ်ဦး ဖြစ်ပေရာ တော်ရုံနှင့် လွယ်ကူစွာ ယုံကြည်တတ်သူ မဟုတ်ပေ။

သို့သော် ယခု အခြေအနေ၌မူ လီဝင်ထုံး၏ ပရိယာယ်စကားကို ယုံကြည်ရမလို ဖြစ်သွားမိလေသည်။



www.burmeseclassic.com

လီဝင်ထုံးသည် ပါးစပ်မှလှမ်း၍ ပြောရင်းကသာ လက်ထဲ၌ စာရွက်ထင်ရှားကိုပါ ဝှေ့ယမ်းရှိပြလျက် ရှိနေသည်ကို ရယ်လီကျုံး တွေ့မြင်လိုက်ရလေသည်။

ရွှေခင်ဝှုလင်းသည်လည်း လီဝင်ထုံး၏ ရိုယာဉ်နှင့် လှည်းကွက်ကို ချက်ချင်းပင် သတိထားမိပြီး နားလည်လိုက်၏။

ထို့ကြောင့် သူမသည် လီဝင်ထုံး၏ ရိုယာဉ်လှည်းကွက်အပေါ် ငုံ၍ စူးစူးဝါးဝါး လေသံနှင့် ပြန်၍ အော်ဟစ်ပြောလိုက်သည်။

'ဒီမှာ လီဝင်ထုံး၊ ရှင် ဘာလိုလုပ်နေရာ မလဲဘူး၊ ရှင့်အသား လွတ်အောင် မြန်မြန်ပြေးပါ၊ ကျွန်မကို ငဲ့ကွက်မနေပါနဲ့၊ ဘယ်လို ... နေမျိုး ပဲဖြစ်ဖြစ် ... အသက်သာ အသေခံမယ်၊ ကျွန်မတို့မျိုးချစ်အဖွဲ့ရဲ့ လျှို့ဝှက်အမည်စာရင်းကိုတော့ ရန်သူ့လက်ထဲ ဘယ်နည်းနဲ့မှ အပ်ခံနိုင်ဘူး'

ရယ်လီကျုံးမှာ မျက်မှောင်ကြုတ်လိုက်မိသည်။

သူ့ဝင်းဝင်းတောက်မျှ လိုချင်နေသော လျှို့ဝှက်အမည်စာရင်းသည် ညီသူ၏လက်ထဲ၌ ရှိနေသည့်အတွက် ဝေခွဲ၍ မရနိုင်အောင် ဖြစ်သွားရသည်။





လီဝင်ထုံးက အမူအရာ လုံးဝမပျက်ဘဲ ထပ်မံ၍ လှည့်စားလိုက်ပြန်သည်။

'ဟေ့ ရွှေခင်ဝှုလင်း၊ မင်း ဆက်ပြီး ခေါင်းမာမနေနဲ့တော့၊ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ငါတို့နှစ်ယောက်လုံးကို ရန်သူတွေ အထပ်ထပ်ဝိုင်းထားကြတယ်၊ တို့အနေနဲ့ ဘယ်နည်းကိုသုံးပြီး ထိုးဖောက် ထွက်ကြရမှာလဲ၊ ဒီတော့ အသက်တစ်ချောင်းကို အကြောင်းမဲ့ အလဟဿ အဆုံးရှုံးခံချင်စမ်းပါနဲ့၊ အားမထန်မနန်လျှော့ကြရတဲ့ ကိစ္စပဲ'

ရွှေခင်ဝှုလင်းက လီဝင်ထုံး၏ ဇကြံအစည်ကို ခါးသီးစွာ အမူအရာဖြင့် ပြသလိုက်၏။

'တောက် ထွေ'

ရွှေခင်ဝှုလင်းသည် စိတ်ဆိုးမာန်ဆိုးဖြင့် လီဝင်ထုံးဆီသို့ တံတွေးဖြင့် လှမ်း၍ထွေးလိုက်လေသည်။

စစ်သူကြီး ရယ်လီကျုံး၏ စိတ်ထဲ၌...

'အင်း... ဒီပုံစံအတိုင်းဆိုရင်တော့ လျှို့ဝှက်အမည်စာရင်းဟာ လီဝင်ထုံးရဲ့လက်ထဲမှာ ရှိနေတာ သေချာသွားပြီ'

ဟု တွေးလိုက်မိသည်။

စိတ်ချလက်ချ ယုံကြည်သွားမိသော စစ်သူကြီး ရယ်လီကျုံးသည် လီဝင်ထုံးထံမှ လျှို့ဝှက် အမည်စာရင်းကို အဓမ္မတကော တောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ ကောင်…လီဝင်ထုံ၊ မင်းဆီမှာ ရှိတဲ့ လျှို့ဝှက် အမည်စာရင်းကို အခုချက်ချင်း ထုတ်ပေးစမ်း'

လီဝင်ထုံးက အေးတိအေးစက် ရယ်မောလျက် အခေပး အယူ လုပ်လိုက်သည်။

'ဒီလို လွယ်လွယ် ဘာ့ဘယ်ရနိုင်ပါ့မလဲ စစ်သူကြီးရယ်၊ လျှို့ဝှက်အမည်စာရင်းကို လိုချင်ရင် ခင်ဗျားဖမ်းထားတဲ့ ရှောင်ဝှာသင်းကို အရင်ဆုံး လွှတ်ပေးလိုက်မှမယ်'

ရယ်လီကျုံးက ချက်ချင်းပင် ထိုအပေးအယူ လုပ်ခြင်းကို လက်ခံသဘောတူလိုက်သည်။

'ကောင်းပြီ၊ ရှောင်ဝှာသင်းကို ငါပြန်လွှတ်ပေးမယ်'

ရယ်လီကျုံးက ရှောင်ဝှာသင်းကို ဖမ်းဆီးထားရာမှ ပြန်၍ လွှတ်ပေးလိုက်သည်။ ရှောင်ဝှာသင်းသည် ရယ်လီကျုံး၏ လက်မှ လွတ်သည်နှင့် လျင်မြန်စွာ ထွက်ပြေးသွား လေတော့သည်။

ထိုအချိန်မှာပင် …

လီဝင်ထုံးကလည်း သူ၏လက်ထဲမှ စာရွက်ကိုမြှောက်၍ လေထဲသို့ ပစ်လွှတ်လိုက်သည်။

'ဟူး ဟူး'

လျှို့ဝှက်အမည်စာရင်းစာရွက်ဟု ထင်နေမိသော စာရွက် လေထဲတွင် ပျံဝဲနေစဉ်မှာပင် စစ်သူကြီး ရယ်လီကျုံးသည် အမိအရ လိုက်၍ဖမ်းလေတော့သည်။





ထိုအခြေအနေကို အခွင့်ကောင်းယူ၍ လီဝင်ထုံးသည်း ရှောင်ဝှာသင်း ပြေးထွက်သွားသည့် နောက်သို့ လျင်မြန်စွာ ပြေးလွှား လိုက်ပါသွားလေတော့သည်။

* * *

ရှောင်ဝှာသင်းနှင့်လီဝင်ထုံးတို့နှစ်ဦးသား သချိုင်းမြေမှ လျင်မြန်စွာ အဘားအဆီးမဲ့ ပြေးထွက်နိုင်ခဲ့ကြသည်။

လီဝင်ထုံး ပစ်ပေးခဲ့သော စာရွက်ကို ဖမ်းမိရသည့် အခါတွင် ရယ်လီကျုံးသည် စာရွက်ကို ကမန်းကတန်း ကြည့်လိုက်၏။

ထိုအခါမှပင် သူ့အတွက် လုံးဝ အသုံးမဝင်သည့် စက္ကူ စုတ်တစ်ရွက်သာ ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ရယ်လီကျုံးမှာ နှပ်ပစ်ခံလိုက်ရသဖြင့် ရှက်လည်းရှက် ဒေါသလည်း ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် ဒေါသစကြွနှင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သွားမိ၏။

ရယ်လီကျုံးသည် အံကို တင်းတင်းကြိတ်လျက် သူ၏ ခယ်သားများကို အော်ဟစ် အမိန့်ပေးလိုက်သည်။

‘ဟိတ်…ဟိုခွေးကောင်နဲ့ ခွေးမနောက်ကို အခုချက်ချင်း လိုက်ကြစမ်း’

* * *



## အခန်း (၂၆)

ပြေးသူ နှစ်ယောက် လိုက်သူ တစ်သိုက် အပြိုင်မျိုးနှင့် ကြုံတွေ့နေရပေသည်။

ရှောင်မှာလင်းနှင့် လီဝင်ထုံးတို့ အနေနှင့် ရန်သူ၏ ဖမ်းဆီးခြင်းကိုခံ၍ မဖြစ်သလို အသေခံ၍လည်း မဖြစ်သေးပေ။

သူတို့တွင် ဆက်၍ လုပ်ဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများ ကျန်ရှိနေပေသေးသည်။

သူတို့နှစ်ဦးသည် ရန်သူ့လက်မှ လွတ်မြောက် နိုင် ရန် အတွက် ကိုယ်ဖော့ပညာကို အသုံးပြုလျက် မနားတမ်း ပြေးလွှားလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့စူးစူး အရပ်ဆီသို့ ဦးတည်၍ ပြေးလွှားကြရင်း နေဝင်ဘက်သို့ မကြာခဏ လှည့်ကြည့်မိကြသည်။

သူတို့နှစ်ဦးသည် တောင်ခါးပန်းတစ်ခင်း လမ်းကြောင်း စာစ်နှုပတ်၍ ထွက်လာခဲ့ကြသည်။

ထိုစဉ်မှာပင်....

သူတို့နှစ်ဦး၏ရှေ့၌ မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် နှစ်ဦးစလုံး၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားမိကြသည်။

သူတို့အနေနှင့် ကောက်ကျစ်ရက်စက်၍ ညာဏ်နီညာဏ်နက် များလှသော စစ်သူကြီး ရယ်လီကျုံးကို ပရိယာယ်ဆင်ပြီး နှုတ်ချိုအားဖြင့် လှည့်စားနိုင်ခဲ့ကြသည်။

သို့သော် ရယ်လီကျုံးသည် ကောက်ကျစ်၍ ညာဏ်များလှသူတစ်ဦးဖြစ်ရာ သူ၏အစီအစဉ်များကို ဖေါက်မဝင်နိုင်လောက်အောင် စေ့စပ်စွာ စီစဉ်ထားခဲ့လေသည်။

နေရာဒေသ ကျွမ်းကျင်သော ရယ်လီကျုံးသည် သူ၏ မန်ချူးတပ်သားများနှင့်အတူ ရှေ့ဘက်ရှိ လမ်းပေါ်၌ အဆင်သင့်စောင့်ဆိုင်းရောက်ရှိလျက် ရှိနေသည်ကို တွေ့လိုက်ကြရသည်။

လီခင်ထုံးမှာ မျက်နှာတစ်ချက် ပျက်သွားပြီး....

'ဟာ.... ဦးကောင်တွေက အဆင်သင့် စောင့်နေပါလား။ နောက်ကြောင်းပြန်လှည့်ကြရအောင်'





နောက်ဘက်၌လည်း ရန်သူမန်ချူးများက ပိတ်ဆို့ဝန်းရံ ထားကြသည်ကို တွေ့လိုက်ရသည်။

လီဝင်ထုံးသည် ခေတ္တမျှ စဉ်းစားလိုက်ပြီး ရှောင်ဝှာလင်း၏လက်ကိုဆွဲလျက် နောက်ကြောင်းသို့ ပြန်လှည့်၍ပြေး လေသည်။

စစ်သူကြီးရယ်လီကျုံးက စူးရှသောအသံဖြင့် အော်ဟစ် လိုက်၏။

'ဟေ့ ရပ်လိုက်ကြစမ်း၊ မင်းတို့ငါ့ဓားကိုက်နေ ပြေးလို့ လွတ်မယ်များထင်နေသလား'

လေးဘက်လေးတန်လုံး၌ ရန်သူမန်ချူးများက အဆင် သင့် ဝန်းရံပိတ်ဆို့ ထားပြီးနေကြပေပြီ။

သူတို့၏နောက်ဘက်၌ ရယ်လီကျုံး၏လူယုံတော်ဖြစ်သည့် ကျင့်ကျူး ခေါင်းဆောင်သည့် မန်ချူးတပ်စုက အသင့် စောင့်ဆိုင်းနေကြပေသည်။

သူတို့ဆီသို့ ဦးတည်၍ ပြေးလွှားလာသည်ကို တွေ့လိုက် သည်နှင့် ကျင့်ကျူးက တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ရှောင်ဝှာလင်းသည် ကျောက်ခဲများကို ကောက်ယူလိုက် ပြီး ကြိုးပြားခက်ပါးပစ်ခတ်သည့်နည်းဖြင့် မန်ချူးတပ်သား များထံသို့ အရှိန်ပြင်းစွာ ပစ်ခတ်လိုက်၏။

'ဝှီး ဝှီး'

'ဖုတ် ဖုတ် ဖုတ်'



www.burmeseclassic.com

www.burmeseclassic.com



'အား'

'အိ၊'

'အင့်— အဲဒယ်လေား'

လူမ ပစ်ခတ်လိုက်သည့် ကျောက်ခဲလုံးများမှာ မန်ချူး စစ်သည် အများအပြားကို ထိမှန် သွားကြသည်။ မန်ချူး စစ်သည်များမှာ စူးစူးဝါးဝါး အော်ဟစ်လျက် နောက်ဘက် သို့ ရှောင်၍ ပြေးသွားကြသည်။

ရန်သူ မန်ချူးများမှာ ရှဲ၍ သွားသည့်နေရာမှ ထိုးဖောက် ထွက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်မှာပင်....

'ဟူး'

သူတို့နှစ်ဦး၏ ခေါင်းပေါ်မှနေ၍ အနက်ရောင် အရိပ် တစ်ခုသည် ဟူးခနဲမြည်လျက် လူးလွန့် ဖြတ်ကျော် ပျံဝဲ၍ သွားသည်ကို သတိပြုလိုက်မိကြသည်။

ထိုအရိပ်၏ လှုပ်ရှားမှုမှာ အံ့သြဖွယ်ရာ ကောင်းလောက် အောင်ပင် လျှင်မြန်လွန်းလှ၏။

လီဝင်ထုံးနှင့် ရှောင်မှုံအေးတို့သည် မည်သည့် ရန်သူ ဖြစ်သနည်းဟု သိရှိရန် ခြေလှမ်းများကို တုံ့ရပ်လိုက်ကြ သည်။





လီဝင်ထုံး တစ်ချက်မျှ ငိုင်သွားသည်နှင့် ထိုရန်သူထံမှ ပြင်းထန် မြန်ဆန်လှသည့် ဓားချက်အား ရိပ်ခနဲ ကျရောက်လာ သည်။ လီဝင်ထုံးမှာ ထိတ်လန့်စွာဖြင့် ကိုယ်ကို ယိမ်းနွဲ့၍ ရှောင်တိမ်းပေးလိုက်သည်။

'ဗို၊'

'ဟာ'

ရန်သူ၏ဓားချက်က လီဝင်ထုံး၏ဦးခေါင်းပေါ်မှဆံပင် များကို ထက်ဝက်ခန့် ဖြတ်တောက်ပစ်လိုက်နိုင်လေသည်။

သူတို့၏ ဦးခေါင်းပေါ်မှ ဝဲပျံကျော်လွှားလာသည့်အရိပ် သည် သူတို့နှစ်ဦး၏ရှေ့တည့်တည့်၌ ပိတ်ဆို့ကာဆီးရပ်တန့် လိုက်၏။ ထိုရန်သူမှာ စစ်သူကြီး ရယ်လီကျုံး ကိုယ်တိုင်ပင် ဖြစ်နေပေသည်။

ရယ်လီကျုံး၏ သိုင်းပညာမှာ အမှန်တကယ်ပင်မြင့်မား နက်ရှိုင်း၍ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှပေသည်။

ရယ်လီကျုံးကား ဓားကိုကိုင်လျက် ရယ်မောကြိမ်းဝါး အော်ဟစ်လိုက်သည်။

'ဟား ဟား ဟား မင်းတို့နှစ်ယောက်၊ ငါ့လက်ထဲ ကနေ ပြေးလို့လွတ်နိုင်မယ်များ ထင်နေသလား၊ ဒီအခြေ အနေကိုရောက်မှတော့ မင်းတို့ဆီမှာ ရှိနေတဲ့ လျှို့ဝှက် အမည်စာရင်းကို အသာတကြည် ထုတ်ပေးကြပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်ရင်တော့ မင်းတို့နှစ်ယောက်လုံး အဆက်ချမ်းသာခွင့် ရကြမှာ မဟုတ်ဘူး'

လမင်းထုံးနှင့် ရွှေခင်ဝှလင်းတို့ နှစ်ဦးသည် နောက်သို့ ပြိုင်တူ ခုန်ဆုတ်လိုက်ကြသည်။

ထိုသို့ ခုန်ဆုတ်လိုက်ရင်း တစ်ဦးကိုတစ်ဦး လှမ်း၍ ကြည့်လိုက်ကြသည်။

နှစ်ဦး ပြိုင်တူဝင်၍ ရယ်လီကျုံးကို တိုက်ခိုက်ရန်အချက်ပြလိုက်ခြင်းပင်ဖြစ်သည်။

ရွှေခင်ဝှလင်းသည် ကျောက်ခဲမျိုးဖြင့် ရယ်လီကျုံးထံ ပစ်ခတ် တိုက်ခိုက်လိုက်၏။

'ဟိတ်'

'ယား'

'ဟူး ဟူး ဟူး'

'ဝိုး ဝှီး ဝိုး'

တစ်ချိန်တည်းမှာပင်....

လမင်းထုံးကလည်း ရယ်လီကျုံးထံသို့ ခုန်ဝင်လျက် ဓားဖြင့် သဲမဲစွာ တိုက်ခိုက်လိုက်လေတော့သည်။

ရယ်လီကျုံးကား အနည်းငယ်မျှပင် တုန်မသွားပါချေ။

'ဟား ဟား ဟား ငါ့ကို ဒီလိုမေ်းလို့ရမယ်များ ထင်နေကြသလား'





'ဝိုး ဝိုး ဝုစ်'

'ဟူး ဟူး'

'ဝုစ် ဝုစ်'

'ချွမ်း ချွမ်း ချွမ်း'

ရယ်လီကျုံး၏ သိုင်းပညာမှာ မြင့်မားထက်မြက်လွန်းနေသဖြင့် သူတို့နှစ်ဦး ပေါင်း၍ တိုက်ခိုက်ကြသည့်တိုင် ရယ်လီကျုံးအား ထိခိုက်ဒဏ်ရာရအောင်ပင် မည်သို့မျှ မတိုက်ခိုက်နိုင်ကြချေ။

ရယ်လီကျုံးကိုအရှုံးပေးတဲ့သလို စွန့်စားဖို့ဝင်ရောက် တိုက်ခိုက်ကြရင်းမှပင် သိုင်းကွက် ဆယ်ကွက်ခန့် ကျော်လာသည်နှင့် လမင်းထုံး၏ ကိုယ်ခန္ဓာပေါ်မှ အကျီရှေ့မှာ ရယ်လီကျုံး၏ ဓားချက်များကြောင့် စုတ်ပြဲထွက်သွားလေသည်။

'ဝုန်း'

'အင့်'

ထို့ပြင် ရယ်လီကျုံး၏ လက်ဝါးရိုက်ချက် တစ်ချက်က လမင်းထုံး၏ရင်ဘတ်သို့ တည့်တည့်ထိမှန်သွားခဲ့သည်။

လမင်းထုံးမှာဒဏ်ရာရရှိသွားပြီး နောက်ဘက်သို့ခုန်ဆုတ်၍ ရွှေခင်တိမ်းပေးလိုက်ရသည်။

'ဟား ဟား ဟား မင်း ဘယ်များ သက်ပြေး ဦးမှာလဲ'



www.burmeseclassic.com

'ဝှီး ဝှီး ဝှစ်'

ဒဏ်ရာရထားသော လီဝင်ထုံးထံသို့ ရယ်လီကျုံးက မရပ်မနား ဖိ၍တိုက်ခိုက်လာလေသည်။

လီဝင်ထုံးမှာ နောက်သို့ တစ်ဆုတ်တည်း ဆုတ်၍ ရှောင်တိမ်းခုခံပေးနေရသဖြင့် ရှောင်ဝှာလောင်းသည် ရယ်လီကျုံးထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်၏။

'တောက်....လူယုတ်မာကြီး သေဖို့သာ ပြင်ပေတော့'

'ဝှီး ဝှစ်'

'ချွင်း ချွမ်း ချွင်'

ရယ်လီကျုံးကား အခွယ်မပျက်ပါချေ။

'ဟား ဟား ဟား ခင်းတို့နှစ်ယောက်ပေါင်းပြီး တိုက်သည်း ငါက ဂရုစိုက်စရာမလိုပါဘူးကွာ'

'ချွမ်း ချွင် ချွင်'

'ဝှစ် ဝှစ်'

'ဟွူး ဟွူး'

လီဝင်ထုံးသည် ခုခံတိုက်ခိုက်ရင်းမှ ပရိယာယ်တစ်မျိုး ပြောင်းရန်အတွက် ရှောင်ဝှာလင်းအား အချက်ပြလိုက်သည်။

သူတို့နှစ်ဦး တိုက်ခိုက်နေသည့် နေရာမှ တဖြည်းဖြည်းနှင့် ချောက်ကမ်းပါးဆီသို့ ရောက်ရှိ၍ပင် လာပေပြီ။





လီဝင်ထုံးထံမှ အချက်ပြလိုက်သည်နှင့် သဘောပေါက်နားလည်သော ရှောင်ဝှလင်းက အပြင်းထန်ဆုံး သိုင်းကွက်များကို အသုံးပြုလျက် ရယ်လီကျုံးအား ဟန့်တား တိုက်ခိုက် ထားလိုက်လေသည်။

'ဟွူး ဟွူး ဟွူး'

'ဝှီး ဝှီး'

'ဝှစ် ဝှစ်'

'ချွမ်း ချွင် ချွင်း'

ထိုအချိန်မှာပင်....

လီဝင်ထုံးက ဓားပျံများဖြင့် ချောက်ကမ်းပါးအထက်ရှိ နံရံဆီသို့ ပစ်ပေါက်လိုက်၏။

'ဝှစ် ဝှစ် ရှစ်'

ဓားပျံများသည် ချောက်ကမ်းပါးနံရံပေါ်၌ လေးပေစီခြား၍ စိုက်ဝင်သွားပေသည်။

လီဝင်ထုံး၏ အကြံအစည်မှာ လေးပေစီခြား၍ ပစ်စိုက်ထားသည့် ဓားပျံများကို လှေကားထစ် သဖွယ် နင်း၍ အပေါ်သို့ တက်ပြီး ရှောင်ပြေးရန်ပင်ဖြစ်၏။

'ရှဲ... လာ ရှောင်ဝှလင်း အပေါ်ကို တက်ကြမယ်'

လီဝင်ထုံးသည် ရှောင်ဝှလင်းကို ခေါ်ငင်၍ ဓားပျံများပေါ်သို့နင်း၍ တက်လိုက်သည်။

www.burmeseclassic.com



သူတို့နှစ်ဦးစလုံး ဓားဖျံနှစ်စင်းပေါ်သို့ပစ် ချက်ရသေးသည်။

'ဟူး ဟူး'

သူတို့နှစ်ဦး၏ ဦးခေါင်းပေါ်မှနေ၍ ပြင်းထန်လှသည့် အရှိန်အဟုန်လှိုင်း တရှိန်တစ်ခု ကျော်ဖြတ်သွား သည်ကို သိလိုက်ရ၏။

စစ်သူကြီး ရယ်လီကျုံးသည် သူတို့၏ အကြံအစည်ကို ကောင်းစွာ ရိပ်စားမိပြီးဖြစ်၏။

ထို့ကြောင့် သူသည် စတုတ္ထမြောက် ဓားပျံသက်၌ ခုန်လွှား၍ တက်ပြီး ရပ်နေသည်ကို တွေ့လိုက်ရ၏။

'ဟား...ဟား...ဟား ဆက်ပြီး တက်ခဲ့ကြလေကွာ'

ရယ်လီကျုံးသည် လေ့ခင်မြောင်ရယ်မောရင်းမှ လက်ထဲမှ ဓားကို ဝှေ့ယမ်းလျက် အပေါ်စီးမှ အဆက်မပြတ် တိုက်ခိုက်ဆိုပ်လေသည်။

'ဟား...မလွယ်ပါလား'

ရယ်လီကျုံး၏ အဆက်မပြတ် တိုက်ခိုက်မှုကြောင့် လီဝင်ထုံးမှာ ကြံရာမရ ဖြစ်သွားရသည်။

မဘာတိသာဒဘော့သည့်အဆုံး၌ လီဝင်ထုံးသည် ရှောင်ဝှား လင်း၏လက်ကိုဆွဲလျက် အောက်ခြေသို့ ပြန်၍ ခုန်ဆင်းလိုက်ရလေသည်။





အထက်စီးမှ ရောက်နေသော စစ်သူကြီး ရယ်လီကျုံးကား မရက်မာဆင့်ကြွေးစွာဖြင့် ခွက်ထိုးခွက်လန် ရယ်မောသိုက်လေသည်။

'ဟား...ဟား...ဟား...ဟား'

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ဓားပျံများပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်သည်နှင့် လီဝင်ထုံးနှင့် ရှောင်ဝှဲလင်းတို့သည် ရန်သူမန်ချူးများနှင့် မီးကုန်ယမ်းကုန် ထပ်မံ တိုက်ခိုက်ကြရပြန်သည်။

'ဟိတ်'

'ကျား'

'ဝှီး ဝှီး ဝှစ်'

'ချွမ်၊ ချွမ်၊ ချွမ်၊'

လီဝင်ထုံးနှင့် ရှောင်ဝှဲလင်းတို့က အသေခံ၍ လူသေကြိုက်သော သိုင်းကွက်များကိုအသုံးပြုပြီး တိုက်ခိုက်နေခြင်း





ဖြစ်ပေရာ မန်ချူးများအနေနှင့် သူတို့နှစ်ဦးကို မည်သို့မျှ ဖမ်းဆီး၍မရနိုင်အောင် ဖြစ်နေကြသည်။

ရန်သူဘက်မှအင်အားက အဆမတန် များပြားလှနေအဖြင့် ရေရှည် အချိန်ဆွဲ၍ တိုက်ခိုက်ရန် မဖြစ်နိုင်ကြောင်း သိထားကြသည်။

ထို့ကြောင့် လီဝင်ထုံးနှင့်ရှောင်ဝှဲလင်းတို့သည် ယှဉ်ပြိုင်တိုက်ခိုက်ရင်းမှ နေရာကိုဆုတ်၍ ရှောင်တိမ်း ပြေးကြရမှုပြုနေသည်။

'ဟိတ်....ဒီလိုပြေးလို့ရမလားကွ'

'နှစ်ယောက်စလုံး မလွတ်စေနဲ့'

စစ်သူကြီး၏လူယုံတော် ကျင့်ကျူးက အော်ဟစ်အမိန့်ပေးရင်း သူတို့နှစ်ဦး၏နောက်သို့ ပြေးလွှားလိုက်ပါလာကြသည်။

အင်အားများပြားလှသော ရန်သူအင်အားစုကို ဖြိုခွဲလိုလျှင် ရန်သူခေါင်းဆောင်ဖြစ်သူကို အမိအရ ဖမ်းဆီးသုတ်သင်ရပေမည်။

ခေါင်းဆောင်ကျဆုံးသွားခဲ့ပါက ကျန်သော ရန်သူများ အထိန်းအကွပ်မဲ့ပြီး ကစဉ့်ကလျား ထွက်ပြေးသွားကြပေလိမ့်မည်။

ဤအချက်ကိုတွေးလိုက်မိသည့် ရှောင်ဝှဲလင်းနှင့် လီဝင်ထုံးတို့နှစ်ဦးသည် လူယုံတော် ကျင့်ကျူးကို ရွေးချယ်၍ အနိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင်....

နောက်ဆုတ်ပြေးလွှားနေကြသည့် လီဝင်ထုံးနှင့် ရွှေဝါဝှလင်၊ တို့နှစ်ဦးသည် ရုတ်တရက်လှည့်လိုက်ကြပြီး ကျင့်ကျူးအား ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်။

'ဟိတ်'

'ကျား'

'ယား'

'ဝှီး ဝှီး ဝှစ် ဝှစ်'

'ချွမ်း ချွင်း ချွမ်း'

လူယုံတော် ကျင့်ကျူးနှင့် မန်ချူး စစ်သည်များမှာ ပြင်းထန်လှသည့် တိုက်ခိုက်မှုကြောင့် ကစဉ့်ကလျား ဖြစ်သွားကြသည်။

လီဝင်ထုံးက ကျင့်ကျူးထံသို့ခုန်ဝင်လျက် အဆက်မပြတ် ထိုးခုတ်တိုက်လိုက်၏။

'ကဲ....သေပေတော့'

'ဝှီး ဝှီး'

'ဝှစ် ဝှစ် ဝှစ်'

'ချွင်း ချွမ်း'

'အင့်'

လူယုံတော်ကျင့်ကျူးမှာ လီဝင်ထုံး၏ ဓားချက်ကြောင့် မြေပြင်ပေါ်သို့ကျ သေဆုံးသွားလေတော့သည်။





စစ်သူကြီး ရယ်လော်ကျုံးသည် ပွဲကြည့်ပရိသတ်အဖြစ်နှင့် နံဘေးမှ အေးအေးရပ်၍ ကြည့်နေပေသည်။

ရယ်လော်ကျုံးသည် သူ၏ လူယုံတော် ကျင့်ကျူးကို ဝင်၍ မကူညီဘဲ ရွှေဝါဝှလင်းတို့ ထွက်မပြေးနိုင်ရန်သာ စောင့်ဆိုင်းကြည့်ရှုနေပေသည်။

ရွှေဝါဝှလင်းမှာ မန်ချူး စစ် သည် များ နှင့် အပြင်းအထန်ကို တိုက်ခိုက်နေရပေသည်။

သူမသည် ရှေ့ဘက်မှ ရန်သူများကို ဂရုစိုက်၍ တိုက်ခိုက်နေရသဖြင့် သူမ၏နောက်ဘက်ကို သတိမပြုမိဘဲဖြစ်နေသည်။

လီဝင်ထုံးက သူမအား လှမ်း၍ သတိပေးလိုက်၏။

'ဟေ့....ရွှေဝါဝှလင်း နောက်ဘက်မှာ'

'ရွှေဝါဝှလင်းနောက်ဘက်သို့ ချာခနဲ လှည့်လိုက်လျှင် သူမ၏ရှေ့ဆီသို့ ဓားရောင်ဖွေးခနဲ လက်သွားသည်ကို မြင်လိုက်ရသည်။

'ဝှီး'

'အို'

ရွှေဝါဝှလင်းသည် လက်ထဲမှဓားဖြင့် အချိန်မီ ဟန်ဒတ်ကာကွယ်လိုက်နိုင်ပေသည်။

'ချွမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟူး ဟူး'

ထိုစဉ်မှာပင်...

စစ်သူကြီး ရယ်လီကျူးသည် ရှောင်ဝှာလင်း၏ ရှေ့သို့ ရှပ်ခနဲ ရောက်ဝင်လာ၏။

'ဟား ဟား ဟား၊ နှင့် ပြေးလို့ရဦးမယ်များ ထင်နေသလား'

ရှောင်ဝှာလင်းသည် အံကို တင်းတင်းကြိတ်လျက် ရယ်လီကျူးကို သူသေ ကိုယ်သေ တိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်လိုက်၏။

ထို့ကြောင့် သူမသည် ရယ်လီကျူးအား သူမ၏ဓားဖြင့် အဆက်မပြတ် ဝှေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

'ဟိုင်း'

'ဝှီး ဝှစ် ဝှစ်'

'ချွမ်း ချွမ် ချွင်း'

ရယ်လီကျူးသည် သူမ၏ဓားချက်များကို လွယ်ကူစွာပင် ခုခံကာကွယ်နိုင်စွမ်း ရှိနေပေသည်။

ရယ်လီကျူးနှင့် ဓားချက်ချင်း ယှဉ်ပြိုင် တိုက်ခိုက်လိုက်သည့် အခါတိုင်းတွင် ရယ်လီကျူး၏ ပြင်းထန်လှသော အတွင်းအားကြောင့် ရှောင်ဝှာလင်း၏လက်တွင်းမှ ဓားမှာ





လွှတ်ထွက်သွားလုနီးပါး လက်ကောင်းတစ်ခုလုံး ထုံကျဉ်၍ သွားရပေသည်။

ထို့ကြောင့် သူမသည် ရယ်လီကျူးနှင့်ထိပ်တိုက် ရင်ဆိုင်ခြင်း မပြုတော့ဘဲ ကိုယ်ဖော့ပညာကို အသုံးပြုလျက် လိမ္မာပါးနပ်စွာ ရှောင်တိမ်းလျက် ပြန်လည်တိုက်ခိုက်လေသည်။

ရယ်လီကျူးမှာ သူမ၏တိုက်ခိုက်မှုကြောင့် ဒေါသအကြီးအကျယ် ထွက်လာရလေသည်။

နုနယ်ဝင်းရှယ်သော မိန်းကလေးတစ်ဦးကို သိုင်းကွက်အနည်းငယ်အတွင်း၌ အနိုင်ရအောင် မတိုက်ခိုက်နိုင်သဖြင့် ရှက်ယမ်းယမ်းလျက် ညစ်ညမ်းစွာ အော်ဆဲဆိုလိုက်၏။

တစ်ချိန်တည်းမှာပင် ရယ်လီကျူးသည် ရှောင်ဝှာလင်း၏ ထံသို့ ဓားချက် ငါးချက်တိတိ ဆက်တိုက် ထိုးသွင်းတိုက်ခိုက်လိုက်၏။

ရယ်လီကျူး၏ဓားချက်များကို ကြိုးစား၍ ရှောင်တိမ်းခဲ့ရင်းမှပင် ရှောင်ဝှာလင်း၏ပခုံး၌ ဓားချက်တစ်ချက် ထိ၍ သွားပေသည်။

'ဟွား ဟူး ဟူး'

'ရှပ် ဝှစ် ဝှစ်'

'အား'



www.burmeseclassic.com

www.burmeseclassic.com



ရွှေခင်ဝှာလင်းမှာ မေးချက်ဖက်ရာကြောင့် နောက်သို့ ရွှန်၍ ဆုတ်ပေးလိုက်ရသည်။

ရွှေခင်ဝှာလင်း ဖက်ရာရသွားမှန်း သတိပြုမိလိုက်သည့် လဲဝင်ထုံးသည် ရှန့်ဝင်လာလျက် ရယ်လီကျူးအား ပြင်းထန်စွာတိုက်ခိုက်လိုက်၏။

ရွှေခင်ဝှာလင်းနှင့် လဲဝင်ထုံးတို့နှစ်ဦး ပေါင်း၍ စစ်သူကြီး ရယ်လီကျူးကို တိုက်စခဲ့ဆင်ကြပြန်သည်။

'ဟိတ်'

'ဆျူး'

'ဟွူး ဟွူး ဟွူး'

'ဝှီ ဝှီ ဝှစ်'

'ချွမ်း ချွမ် ရွှင်'

သိုင်းကွက်ပေါင်း ၁၀၀ ကျော်ခန့်တိုက်ခိုက်လာမိသျှင်ပင် ရွှေခင်ဝှာလင်းနှင့် လဲဝင်ထုံးတို့မှာ ခြေကုန်လက်ပန်း ကျလာကြ၏။

ရယ်လီကျူးမှာကား ရှေ့နောက်ဝဲယာ နေရာအနှံ့ ကူးပြောင်း၍ ပြင်းထန်စွာ တိုက်ခိုက်လာလေသည်။

သို့အတွက်ကြောင့် ရွှေခင်ဝှာလင်းနှင့် လဲဝင်ထုံးတို့၏ တိုက်ကွက်များမှာ မည်သို့မျှ အရာမထင်ဘဲ ဖြစ်လာရသည်။





ရွှေခင်ဝှာလင်းသည်၊ ရယ်လီကျူးနှင့် တိုက်ခိုက်နေရင်း၊ ကျောက်ခဲလုံးများဖြင့် အလစ်တွင် ပစ်ပေါက်တိုက်ခိုက် ပြန်ပေသေးသည်။

စစ်သူကြီးရယ်လီကျူးသည်ရွှေခင်ဝှာလင်း၏ ကျောက်ခဲလုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် အနှောင့်အယှက် ကြီးစွာ ဖြစ်မိရသည်။

ပါးနပ်လိမ္မာစွာ ဖြင့် ရှောင်ကို အနိုင်ယူ၍ တိုက်ခိုက်နိုင်စွမ်း ရှိနေသည့် ရွှေခင်ဝှာလင်းအပေါ်၌ အကြီးအကျယ် ဒေါသ ထွက်၍ မုန်းတီးလာမိလေသည်။

ထို့ကြောင့် ရယ်လီကျူးသည် သူမကို အပြုံးတကြီးဖြင့် ဖိ၍ မနားတမ်း တိုက်ခိုက်လေသည်။

'ကဲ သေပေတော့'

'ရှစ် ဝှစ် ဝှီး'

ရွှေခင်ဝှာလင်းမှာ ရယ်လီကျူး၏ ဓားချက်များကို အဆက်မပြတ်နိုင်လောက်အောင် ပြန်လည်ခုခံနေရသည်။

'ဟိတ်... ရပ်လိုက်စမ်း'

'ရွှီး'

လဲဝင်ထုံးအား အချိန်မီရှန့်ဝင်လာပြီး ရယ်လီကျူး၏ ဓားချက်များကို ကြားမှဝင်၍ ခုခံတိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com



'ချင်း ရှမ်း၊ ချမ်း'

ထိုအခါမှပင် ဇရှုခင်တို့သောင်းမှုစ ဆက်ဆံစရာရှသွားပေ တော့သည်။

* * *



## အခန်း (၂၈)

ဤကိစ္စအတိုင်း ဆက်လက်၍တိုက်ခိုက်နေကြရမည်ဆိုပါက လုံးပျ ပါးတော့မည်ဖြစ်ကြောင်း လဝင်ထုံး ရိပ်စားမိသည်။

ထို့ကြောင့် တစ်စုံတစ်ခုကို ခိုင်မာစွာ ဆုံးဖြတ်ချက်ချမှ ဖြစ်တော့မည်ဟု စဉ်းစားမိလေသည်။

သို့နှင့်ပင် လဝင်ထုံးသည် သူတစ်ဦးတည်း အသေခံ၍ တိုက်ခိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်ပြီးသည်နှင့် လဝင်ထုံးသည် သူ့အော ကိုယ်သော တိုက်ကွက်များကို အသုံးပြုလျက် ရယ်လင်ကြီး အား အရှိန်မြင့်၍ တိုက်ခိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တိုက်ခိုက်ရင်းမှ ရွှေစင်ဝှာလင်းအား အော်ဟစ် သတိပေးလိုက်သည်။

'ဟေ့ ရွှေစင်ဝှာလင်း၊ နိုင် ဗီနေရာကနေ အမြန် ပြေး ပေတော့'

ရွှေစင်ဝှာလင်းအနေဖြင့် ကိုယ်လွတ်ရုန်း၍ မသွားလိုပေ။ ထို့ပြင် မိဝေအိုကြီးနှင့် ဆင်လိုဖြစ်သူအတွက် လေးကြေး ထပ်ချင်နေသေးသည်။

ထို့ကြောင့် ရွှေစင်ဝှာလင်းက သူမ၏ဓားကို ရေပက် မဝင်နိုင်အောင် ဝှေ့ယမ်းလိုက်ပြီး လိဝင်ထုံးကို လှမ်း၍ ခေါ်လိုက်၏။

'ကျွန်မ မသွားနိုင်ဘူး၊ ရှင်ထလွတ်အောင်ပြေးပါ'

လိဝင်ထုံးက—

'အပြောရ တယ်ခက်ပါလား၊ ငါသွားလို့ ဘာမျှ အရာရောက်မှာမို့လို့လဲ'

လျှို့ဝှက်အမည်စာရင်းမှာ ရွှေစင်ဝှာလင်းထံ၌သာ ရှိနေပေသည်။ ထို့ကြောင့် လိဝင်ထုံးက အဓိပ္ပာယ်ပါပါ ပြောလိုက်ခြင်းပင် ဖြစ်၏။

လျှို့ဝှက်အမည်စာရင်း ပဝါစကိုယူ၍ တစ်ဦးက လွတ်အောင် ပြေးရပေမည်။ ကျန်တစ်ဦးက နောက်ချန်ရစ်ခဲ့ပြီး အသေခံ၍ ခုခံကာကွယ်ပေးထားရမည်။

လိဝင်ထုံး၏ရည်ရွယ်ချက်မှာ ဤအတိုင်းပင် ဖြစ်၏။





ဤကဲ့သို့မဆောင်ရွက်ပါက နှစ်ဦးစလုံး ရန်သူလက်ချက် ဖြင့် သေဆုံးသွားကြရမည် ဖြစ်ပေသည်။

လိဝင်ထုံး၏ သတိပေးစကားကို ကြားမိသောအခါမှ ရွှေစင်ဝှာလင်းမှာ အရေးကြီးသည့် အဓိကအချက်ကို အမှတ် ရမိလာသည်။

ဤ လျှို့ဝှက် အမည်စာရင်းသည် မျိုးချစ်အဖွဲ့အတွက် အသက်ထက်မျှ အရေးကြီးလှကြောင်း၊ ရွှေစင်ဝှာလင်း သိရှိ ထား၏။ ထို့ပြင် ရန်သူများ၏လက်ထဲသို့လည်း မည်သို့မျှ အပါခံ၍ မဖြစ်ပေ။

သို့နှင့်ပင် ရွှေစင်ဝှာလင်းသည် သူမ၏တိုက်ခိုက်မှုအရှိန်ကို တိုးမြှင့်၍ ရယ်လိကျုံးအား အပြင်းအထန် တိုက်ခိုက်လိုက် သည်။

'ဟိတ်'

'ယား'

'ဝှီး ဝှီး ဝှစ်'

'ရွှမ်း ချွမ်း ချွမ်း'

သူမ၏ ပြင်းထန်လှသည့်တိုက်ခိုက်မှုကြောင့် ရယ်လိကျုံး နောက်ဘက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်ပြီး ခုခံပေးလိုက်ရသည်။

ထိုအချိန်မှာပင်—

ပါးရည်နပ်ရည်ရှိသည့် လိဝင်ထုံးက ရုတ်တရက် ခုန်ဝင် လာပြီး ရွှေစင်ဝှာလင်း၏နေရာ၌ အစားဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လဝိဝင်ထုံးက မြင်းထန်စွာတိုက်ခိုက်နေစဉ်မှာပင် ရှောင်ဝှာလင်းက ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော် သူတို့၏အကြံအစည်မှာ အောင်မြင်မှု မရခဲ့ပေ။

ရယ်လဝိကျုံးက သူတို့၏အကြံအစည်ကို ကြိုတင်ရိပ်စားမိထားပုံရပေသည်။

ရယ်လဝိကျုံးသည် လေထုထဲသို့ ခုန်ပျံ၍ ဆက်သွားပြီး ရှောင်ဝှာလင်းပြေးမည့် လမ်းပေါက်ကို ပိတ်ဆို့တားဆီးထားလိုက်လေသည်။

စစ်သူကြီးရယ်လဝိကျုံး အနေနှင့် လျှို့ဝှက်အမည်စာရင်းကို လုံးဝ အလွတ်မခံနိုင်ပါချေ။

လျှို့ဝှက်အမည်စာရင်းသည် မျိုးချစ်အဖွဲ့အတွက် အသက်တမျှ အရေးကြီးသလို သူတို့အတွက်လည်း သေရေးရှင်ရေးတမျှ အရေးကြီးပေသည်။

သို့နှင့်ပင် –

ရယ်လဝိကျုံးကို ရှောင်ဝှာလင်းနှင့် လဝိဝင်ထုံးတို့က ပူးပေါင်း၍ ဆက်လက် တိုက်ခိုက်ရပြန်သည်။

ရယ်လဝိကျုံး၏ ထက်မြက်သော သိုင်းပညာစွမ်းရည်ကြောင့် ရှောင်ဝှာလင်းနှင့် လဝိဝင်ထုံးတို့မှာ နောက်သို့ တဖြည်းဖြည်း ဆုတ်၍ ခုခံနေကြရသည်။

ဟိတ်

'ယား'





'ဟူး ဟူး ဟူး'

'ဝှီး ဝှီး ဝှစ်'

'ချွမ်း ချွမ် ချွင်း'

သုံးဦးသား လုံးထွေး တိုက်ခိုက်နေကြရသည့် တိုက်ပွဲမှာ တဖြည်းဖြည်းနှင့် ကြာရှည်လာခဲ့ရသည်။

* * *

စစ်သူကြီး ရယ်လဝိကျုံး၏ ဓားဝိကျင်မှုတ်မှ ရှောင်ဝှာလင်း ပြုတ်၍ သွားပေသည်။

ဤအချက်ကို ရိပ်စားမိသော ရှောင်ဝှာလင်းသည် ဝစ်မျိုး ကြံလိုက်မိ၏။

သူမသည် ရယ်လဝိကျုံးကို ခုခံတိုက်ခိုက်နေရင်းမှ လျှို့ဝှက်အမည်စာရင်း ပေပါကို ထုတ်လျှက် လဝိဝင်ထုံးထံသို့ မသိမသာ လှမ်း၍ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်အမည်စာရင်းပါသော ပိုးပဝါစကို လီဝင်ထုံး ရရှိသွားပါက ရွှေခင်ဗွာလင်းက တစ်ဦးစည်း ကျန်ရစ်ပြီး ချခံတိုက်ခိုက်မည်ဟု ဆုံးဖြတ်ထိုက်ခြင်းဖြစ်သည်။

သို့မှသာ လီဝင်ထုံး လွတ်မြောက် ထွက်ပြေးသွားနိုင် မည်ဟု ကြံစည်လိုက်ခြင်းပင် ဖြစ်ပေသည်။

သို့သော်....

စစ်သူကြီး ရယ်လီကျုံးသည် တိုက်ခိုက်ရင်းမှ အခြေအနေကို မလစ်တမ်း စောင့်ကြည့်နေသူ ဖြစ်သည်။

ရွှေခင်ဗွာလင်းက လျှို့ဝှက်အမည်စာရင်းကို ပေးလိုက်စဉ်မှာပင် မျက်စိလျင်လှသော စစ်သူကြီးရယ်လီကျုံးသည် အရှိန်ပြင်းစွာ ထိုးဝင်လာလေတော့သည်။

ရွှေခင်ဗွာလင်း၏ လက်တွင်းမှ လျှို့ဝှက်အမည်စာရင်းကို မရ ရအောင် လုယူလိုက်နိုင်ခဲ့ပေသည်။

'အို'

'ဟင်'

'ဟား ဟား ဟား ငါ့ကို ဒီလိုလှည့်စားလို့ ဘယ်ရမလဲကွ'

ရယ်လီကျုံး၏ လက်ထဲသို့ ပိုးပဝါစ ပါရှိသွားပြီ ဖြစ်၏။

ရယ်လီကျုံးသည် ပိုးပဝါစကို ကိုင်လျက် ကျေနပ် အားရစွာ ရယ်မောလိုက်လေသည်။





ရွှေခင်ဗွာလင်းနှင့် လီဝင်ထုံးတို့မှာ မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားကြသည်။

ရယ်လီကျုံးသည် ပိုးပဝါစကို မြှောက်ကိုင်လျက် အောင်နိုင်သူတစ်ဦးကဲ့သို့ တက်ဟက်ပက်ပက် ရယ်မောချီနေလေသည်။

'ဟား ဟား ဟား ဟား'

လီဝင်ထုံးကား အလွန်အကူဇွဲလျှော့အသည်သူ မဟုတ်ပါချေ။

စစ်သူကြီး ရယ်လီကျုံးတစ်ယောက် ပိုးပဝါစရရှိသွားသဖြင့် ဝမ်းသာအားရ ဖြစ်နေချိန်၌ လီဝင်ထုံးသည် ရယ်လီကျုံးထံသို့ တစ်ရှိန်ထိုး ခုန်ဝင်လျက် ဓားဖြင့် ထိုးသွင်း တိုက်ခိုက်လိုက်သည်။

'ယား'

'ဝှစ်'

အတိုက်လွတ် ဖြစ်သွားသော ရယ်လီကျုံးသည် လီဝင်ထုံး၏ ဓားချက်ကို ခုခံကာကွယ်ရန် ဟန်ပြင် လိုက်၏။

သို့သော်....

ရယ်လီကျုံး၏ ခုခံမှုမှာ မထိရောက် နောက်ကျ သွားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိဝင်ထုံး၏ ဓားက ရယ်လိကျုံး၏ ဝမ်းဗိုက်အတွင်းသို့ အဆုံးထိ စိုက်ဝင်သွားပေသည်။

'အင့်'

'ဟွား'

တစ်ချိန်တည်းမှာပင် ရယ်လိကျုံးထံမှ ပင့်ထုတ်လိုက်သည့်ဓားက လိဝင်ထုံး၏ခေါင်းကို ပိုင်းချလိုက်ပြီးသား ဖြစ်သွားပေသည်။

'အား'

သူ သေကိုယ်သေ တိုက်ကွက်ဖြစ်၍ နှစ်ဦးစလုံး မည်သူမျှ ဓားချက်များကို ရှောင်တိမ်းနိုင်စွမ်း မရှိကြပေ။

ရယ်လိကျုံးရော၊ လိဝင်ထုံးပါ နှစ်ဦးစလုံး မြေပြင်ပေါ်သို့ ပြိုလဲ၍ ကျသွားလေတော့သည်။

ရှောင်ဝှလင်းသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး—

'ကဲ– ဒီနေ့တော့ ရှင့်ရဲ့ သေနေ့ပဲ ဖြစ်လို့ သတ်မှတ်လိုက်ပေတော့'

ရှောင်ဝှလင်းသည် လဲကျသွားသည့် ရယ်လိကျုံးထံသို့ လျှင်မြန်စွာခုန်ဝင်လိုက်ပြီး လက်ထဲမှဓားဖြင့် ရယ်လိကျုံး၏ ရင်ဝသို့ အဆုံးထိ ထိုးစိုက်ချလိုက်လေတော့သည်။

'အား'

ရယ်လိကျုံးမှာ ရူးရှနာကျင်စွာ အော်ဟစ်လိုက်ပြီး သေဆုံးသွားလေသည်။







ထိုးသွမ်းရမ်းကား ရက်စက်ခဲ့သည့် မန်ချူးစစ်သူကြီး ရယ်လိကျုံး၏ ဇာတ်သိမ်းခန်းကား မလှပခဲ့ပေ။

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုယ် စွန့်စားခဲ့ကြသည့် ရှောင်ဝှလင်းတို့ မိသားစုမှာလည်း ပြိုကွဲပျက်စီးခဲ့ရသည်။

ရှောင်ဝှလင်း၏အဖမှာ အထီးကျန် တစ်ကောင်ကြွက် ဘဝသို့ ရောက်ရှိသွားခဲ့ရပေပြီ။

* * *

ရှောင်ဝှလင်း အနေဖြင့် မန်ချူးစစ်သူကြီး ရယ်လိကျုံးကို သုတ်သင် ရှင်းလင်းနိုင်ခဲ့သော်လည်း သူမ၏အာဃာတမှာ မပြီးဆုံးသေးပေချေ။

မြေပြင်ပေါ်၌ လဲကျနေသော လိဝင်ထုံးထံသို့ သူမ ပြေးသွား၍သွားလိုက်၏။

လိဝင်ထုံး၏ခေါင်းကျော်ရာမှာ လွင့်စဉ်မှ ပြင်းထန်လှကြောင်း တွေ့လိုက်ရလေသည်။

ရှောင်ဝှလင်းက ကြွင်းနေသော ရေသံဖြင့် မေးမြန်းလိုက်၏။

'ဆရာလိဝင်ထုံး ဘယ်လိုနေသေးသလဲ'



www.burmeseclassic.com

လိဝင်ထုံးသည် မျက်လုံးအစုံကို ဖြည်းညင်းစွာ အားယူ၍ ဖွင့်ကြည့်လိုက်သည်။

ထို့နောက် ရွှောင်ဝှာလင်းကို စိုက်၍ကြည့်ပြီး တိုးညင်းသောလေသံဖြင့် အားရှုးကြော ပြောဆိုလိုက်သည်။

'ရွှောင်ဝှာလင်း ဇီနေကုလာနေ အမြန်သွားပါ၊ လျှို့ဝှက် အမည်စာရင်းပါတဲ့ ပိုးပဝါစကို ထိုက်ဟန်စမ်းဆောင်ကို အရောက်ပို့ပေးစမ်းပါ'

ရွှောင်ဝှာလင်းက ခေါင်းခါလိုက်ပြီး—

'အို...ကျွန်မတစ်ယောက်တည်း သွားလို့ ဘယ် ဖြစ်ပါ့မလဲ၊ ရှင့်ကို ကျွန်မတွဲပြီး အတူတူ သွားကြတာပေါ့'

စစ်သူကြီး ရယ်လီကျုံး ကျဆုံးသွားပြီဖြစ်၍ မန်ချူး စစ်သည်များမှာ နောက်ဆုတ်သွားကြပြီဖြစ်၏။

ရွှောင်ဝှာလင်းအနေဖြင့် လိဝင်ထုံးကို ရန်သူ့နယ်မြေ၌ ထားပစ်ခဲ့လို့မပေ။

လိဝင်ထုံးကို သူမနှင့်အတူ အပါခေါ်သွားရန်ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။

လိဝင်ထုံးသည် သူရရှိထားသည့် ဒဏ်ရာ အခြေအနေကို ကောင်းစွာ သိရှိထား၏။

သူ့အနေနှင့် မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်း ရိပ်စားမိပြီး ဖြစ်ပေသည်။

လိဝင်ထုံးက အားယူ၍ ပြုံးပြလိုက်ပြီး—





'ကျုပ်ကို ဂရုစိုက်ရာမှာ ဆိုတာ၊ မဝီးသာ အမြန်ဆုံးသွားပါ၊ မြန်နိုင်လေ ကောင်းလေ....'

'အို'

လိဝင်ထုံးသည် စကားအဆုံး၌ ဇက်ကျိုး၍ တစ်ဖက်သို့လိမ့်ပြီး သေဆုံးသွားလေတော့သည်။

ရွှောင်ဝှာလင်း၏ မျက်လုံးအိမ်တွင်းမှ မျက်ရည်များ စီး၍ ကျလာမိသည်။

သူမသည် အံကို တင်းတင်း ကြိတ်လိုက်ပြီး ထရပ်လိုက်သည်။

စစ်သူကြီးရယ်လီကျုံး၏ သက်တွင်းမှ လျှို့ဝှက် အမည်စာရင်း ပိုးပဝါစကို ဆွဲယူလိုက်ပြီး တစ်ဟုန်ထိုး ပြေးလွှား ထွက်ခွာလာခဲ့လေသည်။

သူမအနေနှင့် ဤပိုးပဝါစကို ထိုက်ဟန်စမ်းဆောင်သို့ အရောက် အချိန်မီ ပို့ဆောင်ပေးရဦးမည့် တာဝန်ကျန် ရှိနေပေသေးသည်။

...........

* * *



www.burmeseclassic.com

## အခန်း (၂၄)

ရှောင်ဝှစလင်းသည် မြင်းတစ်ကောင်ကို ယယ်လျက် ထိုက်ဆန်စမ်းတောင်သို့ ဦးတည်၍ ခရီးပြင်း နှင်လာခဲ့သည်။

ဤနေ့ပါဆိုလျှင် သုံးရက်တိတိပဲ ရှိခဲ့ပေပြီ။

သူမသည် ခရီးကြမ်းကို မနားတမ်း ဆက်၍ စခဲ့ရာ ထိုက်ဟန်စမ်းတောင်တန်းကို အဝေးမှပင် လှမ်း၍ မြင်နေရသည့် ခရီးစက္ကူအဝေးသို့ ရောက်ရှိလာ၏။

ရှောင်ဝှကျင်းသည် ပတ်ဝန်းကျင်အနေအထားကို အကဲခတ် ကြည့်ရှုလိုက်သည်။

တောင်ပေါ်သို့တက်ရာ၌ အဆင်ပြေမည့် လမ်းကြောင်းကို ရှာဖွေကြည့်ရှုလိုက်ခြင်းပင်ဖြစ်၏။





ထိုအချိန်မှာပင်...

သူမ၏ ဦးခေါင်းပေါ်ဆီမှ လေတိုးသံတစ်ခုကို ခေမျှဒ် သင့်ဘဲ ကြားလိုက်ရသည်။

'ဝိုး ဝှစ်'

ရန်သူသည် သစ်ပင်ထက်မှ ခုန်ဆင်းလာပြီး ရှောင်ဝှစလင်းကို ရုတ်တရက် အလစ်ဝင် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

ဤအနေအထားသို့ ရောက်သည့်အထိ သူမအနေနှင့် အန္တရာယ် မကင်းဘဲ ရှိနေပေသေးသည်။

အမှန်စင်စစ်အားဖြင့်....

စတုတ္ထမြောက် မင်းသားလေး ကိုယ်တိုင်မင်းလျှောင် ထို လျှို့ဝှက် အမည်စာရင်းကို မရအရ လိုချင်၍ နေခဲ့ပေသည်။

စတုတ္ထမြောက် မင်းသားလေးသည် ဖခမည်းတော်၏ ထီးနန်း အရိုက်အရာကို လုယူလိုသူဖြစ်သည်။

ထို့ကြောင့် သူသည် နန်းတွင်းရှိ အမတ်ကြီးချင်ဟော့နှင့် ပူးပေါင်းခဲ့သည်။

ထိုသို့ ပူးပေါင်းပြီး စစ်သူကြီးရှဲ့ဖေးကို ရှင်းလင်းပစ်ရန် ဦးစွာ ကြံရွယ်ထားခဲ့သည်။

သို့သော် ထိုသို့ကြံစည်ရာ၌ လူအင်အား မြောက်မြားစွာ လိုအပ်ကြောင်း၊ စတုတ္ထမြောက် မင်းသားလေး သိထားပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထမြောက် မင်းသားလေးတွင် လူအင်အားနည်းပါးသော်လည်း၊ လူသည် ကိုယ်ကျိုးသာကြည့်သည့် အတ္တသမားတစ်ဦးသာ ဖြစ်လေသည်။

ထို့ကြောင့် စတုတ္ထမြောက် မင်းသားလေးသည် သူ၏ လိုအင်ဆန္ဒ ပြည့်ဝနိုင်စေရန်အတွက် နှယ်ချဲ့မန်ချူးများနှင့် ဆိုတိတဆိတ် ဆက်သွယ်ခဲ့သည်။

တစ်နည်းအားဖြင့်ဆိုသော်....

စတုတ္ထမြောက်မင်းသားလေးသည် နှယ်ချဲ့ မန်ချူးများထံ၌ တိုင်းပြည်ကို ရောင်းစားခဲ့ခြင်းပင်ဖြစ်၏။

စတုတ္ထမြောက်မင်းသားလေး၏ ခြေလှမ်းများနှင့် လုပ်ဆောင်ချက်များကို စုံနိုင်ငံစစ်သူကြီး ရှဲဖေး၏ အထောက်တော်များက ထိကျသေချာစွာ စုံစမ်းခဲ့ကြသည်။

ထိုသို့ ခရေစေ့တွင်းကျ စုံစမ်းပြီးသောအခါ၌ တိုင်းပြည်၏သစ္စာဖောက်များ အမည်စာရင်းကို ပြည့်စုံစွာ ပြုစုထားခဲ့ကြသည်။

စစ်သူကြီးရှဲဖေး၏ ရည်ရွယ်ချက်မှာ လျှို့ဝှက် အမည်စာရင်းကို ဘုရင်မင်းမြတ်ထံသို့ ပေးဆက်ရန်ပင် ဖြစ်၏။

ထိုမှသာ စတုတ္ထမြောက်သားတော်နှင့် အမတ်ကြီးချင်ဟော့တို့၏ သစ္စာဖောက်သည့် လုပ်ရပ်များကို ဖော်ထုတ်နိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့် စစ်သူကြီးရှဲဖေးသည် ရန်သူမန်ချူးများကို





တိုက်ခိုက်ရင်းမှ တိုက်ဟန်စမ်းတောင်ရှိ မျိုးချစ်အဖွဲ့ထံသို့ လျှို့ဝှက်အမည်စာရင်း ပိုးပဝါစကို ပေးပို့လိုက်ခြင်းပင် ဖြစ်ပေသည်။

ထိုအကြောင်းကို ကြိုတင်သိရှိထားကြသည့် စတုတ္ထမြောက် မင်းသားလေးနှင့် အမတ်ကြီးချင်ဟော့တို့သည် သူတို့၏ သစ္စာဖောက်လုပ်ရပ်များပေါ်ပေါက်မည်ကို စိုးရိမ်သွားကြသည်။

ထို့ကြောင့် သူတို့နှစ်ဦးကိုယ်တိုင် လျှို့ဝှက်အမည်စာရင်း ပိုးပဝါစကို မရမက လိုချင်နေကြခြင်းပင် ဖြစ်သည်။

ယခုအခြေအနေ၌....

ရွှေခင်ဝှာလင်းကို သစ်ပင်ပေါ်မှ ခုန်ချသလျက် ပိုက်နိုက်လိုက်သူမှာ ကြေးစားလူသတ်သမားဖြစ်သည့် မိစ္ဆာငှက်ဆိုး ထန်ဝေးပင် ဖြစ်ပေသည်။

မိစ္ဆာငှက်ဆိုး ထန်ဝေးကို ငှါးရမ်းခဲ့သူမှာ စတုတ္ထမြောက် မင်းသားလေးပင် ဖြစ်သည်။

ကြေးစား လူသတ်သမား မိစ္ဆာငှက်ဆိုး ထန်ဝေးသည် နယ်စရိုက်သိုင်းလောက၌ နာမည်လွန်စွာမှ ကျော်ကြားထင်ရှားသူတစ်ဦး ဖြစ်၏။

မိစ္ဆာငှက်ဆိုး ထန်ဝေးသည် ရွှေခင်ဝှာလင်းအား အလွယ်တကူ သတ်နိုင်ရန်အတွက် ဓားဖြင့် မြင်းထန်စွာ ထိုးခုတ်တိုက်ခိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ချက်ချင်းစတင်ဖြစ်ပေါ်လာသော အခြေအနေ ဖြစ်၍ ရှောင်ဝှာလင်းသည် နောက်သို့ခုန်၍ ဆုတ်လိုက်သည်။

ထိုအခိုက်မှာပင်....

ဆန်းရှိ တောအုပ်အတွင်းရှိ ပုန်းအောင်းနေကြသည့် အနက်ရောင် ဖေါ်ဝတ်ဆင်ထားသော မိစ္ဆာငှက်ဆိုး ထပ်ဝေ၍ လက်ရွေးစင် လူမိုက်(၁၀)ဦး၊ ကျော်ကျော် ပြေး လွှား၍ ထွက်ပေါ်လာကြ၏။

'ဟိတ်'

'ဒီကောင်မကို မလွှတ်စေနဲ့'

'ဖမ်းသတ်ကြစမ်း'

အော်ဟစ်သံများနှင့်အတူ လက်ရွေးစင် လူမိုက်(၁၀)ဦး ကျော်ကျော်သည် ရှောင်ဝှာလင်းကို ဝိုင်းဝန်း ထားလိုက်ကြလေသည်။

ရှောင်ဝှာလင်းမှာ ရန်သူအများနှင့် တစ်ယောက် ဖြစ်သော်လည်း အနည်းငယ်မျှပင် တုန်လှုပ်ခြင်း မဖြစ်မိချေ။

သူမသည် ရန်သူများကို သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

သို့နှင့်ပင် ရှောင်ဝှာလင်းသည် ဓားနှင့်သွင်း အော်ဟစ်လျက် ရန်သူများကို ပြန်၍ တိုက်ခိုက်လိုက်လေသည်။

'ဟိတ်'

'ယား'





'ရှူး ရှူး ရှူး'

'ဝှစ် ဝှစ် ဝှစ်'

'အင့်'

'အား'

'အီး'

ရှောင်ဝှာလင်းသည် ကြေးပြားဒင်္ဂါးများကို ထုတ်ယူ၍ ရန်သူများထံသို့ ဝဲ ယမ်း ပစ်ခတ် တိုက်ခိုက်လိုက်၏။

'ဝိုး...ဝိုး'

'ဟွူး ဟွူး ဟွူး'

'ဝှစ် ဝှစ် ရှစ်'

'အမယ်လေး'

'အား'

'အင့်'

သူမ၏လက်ချက်ကြောင့် ရန်သူ အတော်များများ ကျဆုံး သွားကြရသည်။

သို့သော် ရန်သူအင်အားမှာ သူမ ထင်ထားသည်ထက်ပင် ပိုမို၍ များပြားနေသည်ကို တွေ့ရှိလိုက်ရသည်။

ရန်သူအင်အား များပြားလွန်းသဖြင့် ရှောင်ဝှာလင်း အနေဖြင့် ခုခံတိုက်ခိုက်ရန် ခက်ခဲသွားပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေကြားထဲ၌ မိစ္ဆာငှက်ဆိုး ထန်ဝေးတပါ လှမ်းကိုယ် မြင်းထန်စွာ တိုက်ခိုက်လာသဖြင့် ရွှေခင်ဝှာလင်းမှာ နောက်သို့ဆုတ်၍ ခုခံရှောင်တိမ်းပေးနေရသည်။

ဖြည်းဖြည်းနှင့် သူမ၏အခြေအနေမှာ ပို၍ ဆိုးရွားလာ ခဲ့ရပေသည်။

မိစ္ဆာငှက်ဆိုး ထန်ဝေးက ရုတ်တရက် ခုန်ဝင်လာပြီး ရွှေခင်ဝှာလင်းကို ဓားချက်သုံးချက် တိတိ ဆိုးသွမ်းတိုက်ခိုက် လိုက်၏။

'ဟဲ့ သေပေတော့'

'ရှိုး ဝှစ် ဝှစ်'

'အင့်'

ရွှေခင်ဝှာလင်းမှာ ထန်ဝေး၏ ဓားချက်များကို ရှောင်တိမ်းပေးရင်းမှပင် ဓားချက်တစ်ချက်က သူမ၏ ပခုံးကို ထိသွားခဲ့သည်။

သူမသည် အံကို တင်းတင်းကြိတ်လျက် ပြန်လည်ခုခံ တိုက်ခိုက်လျက်ပင် ရှိနေပေသည်။

တိုက်ပွဲအရှိန် ကြီးမြင့်လာသည်နှင့်အမျှ ရွှေခင်ဝှာလင်း မှာ မောဟိုက်ပင်ပန်းနွမ်းနယ်လျက် ခြေကုန်လက်ပန်းကျ၍ လာ၏။





နောက်ထပ် အချိန်အနည်းငယ်ကြာလျှင်ပင် ရွှေခင်ဝှာ လင်း၏ အခြေအနေမှာ အဆိုးရွားဆုံး ဆိုက်ရောက်တော့ မည် ဖြစ်ပေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ထိုစဉ်မှာပင်....

စူးရှကျယ်လောင်သောအသံတစ်ခု ပျံ့လွင့်၍ ထွက်ပေါ်လာ၏။

'ဟိုဒီ ရပ်လိုက်စမ်း'

ရုတ်တရက် ရောက်ရှိလာသူမှာ ရှေ့တန်းတိုက်စစ်မှူး ဖြစ်သည့် တပ်မှူးကလေး ဝှမ်ခိုပင် ဖြစ်သည်။

'ဖောက်ပြန်ရေးသမား လူယုတ်မာတွေ၊ မိန်းမလေးတစ်ယောက်တည်းကို ဒင်းတို့က လူအများနဲ့ဝိုင်းတိုက်ဆိုနိုင်ကျင့်ရသလား'

တပ်မှူးကလေး ဝှမ်ခိုသည် မျိုးချစ်တော်လှန်ရေး အဖွဲ့





ပင် ဖြစ်သည်။ သူသည် နယ်ချဲ့မန်ချူးစစ်သူကြီး ရယ်လီကျုံးတစ်ယောက် ရှင်းဆင်း သုတ်သင် ခံလိုက်ရပြီး ဟူသော အကြောင်းကို ကြားသိထားပြီး ဖြစ်ပေသည်။

ထို့ပြင် ထိုက်ဟန်စမ်း ဖောင်ခြေသို့ အမတ်ကြီးချစ်ဟော့နှင့် တော်တွမ်မြောက် မင်းသားလေး စေလွှတ်လိုက်သည်။

ကြေးစား လူသတ်သမား မိစ္ဆာငှက်ဆိုး ထန်ဝေနှင့် ဒုစရိုက်သမားများ ရောက်ရှိလာမည် ဖြစ်ကြောင်းကိုပါ ထပ်မံကြားသိလာခဲ့ရပေသည်။

ထို့အတွက်ကြောင့် သူသည် ထိုက်ဟန်စမ်းတောင်ခြေသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

တပ်မှူးကလေး ဝှမ်ခို ရောက်ရှိလာချိန်၌ သူ၏ချစ်သူ ဖြစ်သည့် ရှောင်ဖုလင်း အကျအခဲ အန္တရာယ်နှင့် ကြုံတွေ့နေရသည်ကို တွေ့မြင်လိုက်ရသဖြင့် အချိန်မီ ဝင်ရောက်ကူညီ တိုက်ခိုက်နိုင်ခြင်းပင်ဖြစ်သည်။

တပ်မှူးကလေး ဝှမ်ခိုသည် ရှောင်လင်ဂိုဏ်းမှ သူ၏သိုင်းပညာမှာ လွန်စွာမှပင် မြင့်မားထက်မြက် နက်ရှိုင်းလှသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

တပ်မှူးကလေးဝှမ်ခိုသည် မိစ္ဆာငှက်ဆိုး ထန်ဝေနှင့် ဒုစရိုက်သမားများကို ပြင်းထန်စွာ တိုက်ခိုက်လေတော့သည်။

တိုက်ပွဲမှာ လွန်စွာမှပင် လျင်မြန်ပြင်းထန်လှပေသည်။

'ဟိတ်'

'ယား'



www.burmeseclassic.com

www.burmeseclassic.com



'ဝိုး ဝိုး ဝုစ်'

'ဟူး ဟူး ဟူး'

'ချွင် ချွင် ချွမ်း'

'ခွေးမှသားအမှိုက်တွေ သွားကြစမ်း'

'အား'

'အင်...အိ'

'အမယ်လေး'

သိုင်းကွက် အနည်းငယ်အဘွင်းမှာပင် ဒုစရိုက်သမားများ အားလုံးနီးပါး အတုံးအရုံး လဲကျသွားကြသည်။

ကြေးစား လူသတ်သမား မိစ္ဆာငှက်ဆိုး ထန်းဝေ ကိုယ်တိုင်မှာလည်း ဓားတစ်ဖက်အပြတ်ခံလိုက်ရပြီ ခွေးရူးသွေးဟန်ဖြင့် ထွက်ပြေးသွားခဲ့ရလေသည်။

ဇာက်ရာမှ သွေးများထွက်၍ အားပြတ်ပြီး လဲကျလုနီးပါး ဖြစ်နေသော ရွှေခင်ပုံသလင်းက....

'အစ်ကို—ဝုမ်ခို'

သူမသည် တစ်ခွန်းမျှသာ ခေါ်နိုင်ပြီး—

မြေပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားလေသည်။

'အို...ညီမလေး'

တပ်မှူးကလေး ဝုမ်ခိုသည် ချစ်သူ ရွှေခင်ပုံသလင်းထံသို့ ပြေးလွှားရောက်ရှိလာပြီး ပွေ့ထူလိုက်မိလေသည်။





တပ်မှူးကလေး ဝုမ်ခိုက သူမ၏ဒဏ်ရာများကို သေးသေချာချာ ကြည့်၍ ဆေးဝါးများ တိုက်ကျွေးလိုက်သည်။

မကြာခင်မှာပင် ရွှေခင်ပုံသလင်း ပြန်လည်၍ အသိရလာလေသည်။

ရွှေခင်ပုံသလင်းက လျှို့ဝှက်အစည်စာချင်း ပိုးပဝါစကို ထုတ်လျက် တပ်မှူးကလေး ဝုမ်ခို၏ လက်တွင်းသို့ အပ်နှံလိုက်ပြီး ဖြည်းညင်းစွာ ပြောလိုက်သည်။

'ဟောဒါ လျှို့ဝှက်အစည်စာချင်း ပိုးပဝါစပါပဲ အစ်ကို ညီမရဲ့သစ္စာဝန် ကျေပါတယ်နော်'

တပ်မှူးကလေး ဝုမ်ခိုက လျှို့ဝှက်အစည်စာချင်းပိုးပဝါစကို ယူလိုက်ပြီး....

ဝမ်းသာအားရစွာဖြင့် နှစ်သိမ့် အားပေးစကား ပြောလိုက်သည်။

'အို...ညီမရဲ့ စွမ်းဆောင်ချက်ကြောင့် ဒီလျှို့ဝှက်အစည်စာချင်းကို ရခဲ့တာပါ၊ ဒီအတွက် ညီမကိုယ်စား အစ်ကို ဂုဏ်ယူမိပါတယ်'

ရွှေခင်ပုံသလင်းသည် ကျေနပ် အားရစွာဖြင့် ပြုံးလိုက်မိသည်။

တပ်မှူးကလေး ဝုမ်ခိုသည် ရွှေခင်ပုံသလင်းကို ပွေ့ခေါ်လိုက်ပြီး....



www.burmeseclassic.com

www.burmeseclassic.com



‘ညီမလေး အရုဏ်ချိန်မှာ ရန်သူတွေ ရှင်းသွားပါပြီ၊ ဒါပေမယ့် အစ်ကိုတို့မှာ မပြီးပြတ်သေးတဲ့ နိုင်ငံတော်ရဲ့ တာဝန်တွေကို ဆက်ပြီး ထမ်းဆောင်ကြဖို့ ကျန်သေးတယ်၊ ကဲ...အခုတော့ အစ်ကိုတို့ရဲ့ မျိုးချစ်အဖွဲ့သားတွေရှိတဲ့ စခန်း၊ ကို ပြန်ကြရအောင်’

ချစ်သူနှစ်ဦး ယှဉ်တွဲ၍ တရွေ့ရွေ့ဖြင့် ထွက်ခွာသွားကြသည်။

သူတို့နှစ်ဦးသည် နိုင်ငံတော်၏ တာဝန်များကို အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်း၍ သစ္စာ ရှိရှိ တာဝန်သိသိဖြင့် ဆက် ဆက် ထမ်းဆောင်သွားကြမည်မှာ မလွဲကေန်ပင် ဖြစ်ပေတော့သတည်း။

ပြီး

ကျော်ကျော်ဆွေ

မိုးဆမ်းပန်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com